# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နုန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင်ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက် | ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၇)၊ အမှတ် (၀၉၆)


# ထာဝရငြိမ်းချမ်းရေးရရှိစေရန် တိုင်းရင်းသားအားလုံးက နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်း တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုမြင့်မားလာစေရေး ဦးတည်ဆောင်ရွက်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ၂၀၁၈ ခုနှစ်၊ နှစ်(၇၀) ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

**ချစ်ကြည်လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နေ့ထူးနေ့မြတ်ဖြစ်သည့် နှစ်(၇၀) ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

**ဗီဇအခြေခံရင့်သန်**

မြန်မာနိုင်ငံသည် ရှေးပဝေသဏီကတည်းက ကိုယ့်ထီးကိုယ့်နန်းဖြင့် ရပ်တည်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံးသည် တိုင်းပြည်နှင့် လူမျိုးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်သည့် စိတ်ဓာတ်၊ တိုင်းရင်းသားအချင်းချင်း သွေးစည်းညီညွတ်သည့် ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် သူတစ်ပါးကိုလည်း မကျူးကျော်၊ မိမိကိုလည်း ထိပါးမခံသော မှန်ကန်သည့် ဗီဇအခြေခံရင့်သန်သူများ ဖြစ်ကြပါသည်။

**လွတ်လပ်ရေးအောင်ပန်းဆွတ်ခူး**

ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် နေထိုင်ခဲ့သည့် မြန်မာနိုင်ငံကို နယ်ချဲ့များက ကျူးကျော်စစ်သုံးကြိမ် ဆင်နွှဲသိမ်းပိုက်ခဲ့သည့်အတွက် ထီးသုဉ်းနန်းသုဉ်းဖြစ်ကာ ၁၈၈၅ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရပါသည်။ သူ့ကျွန်ဘဝက လွတ်မြောက်ရန်အတွက် မြန်မာပြည်တစ်ဝန်း တောင်ပေါ်မြေပြန့်မကျန် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အသက်သွေးချွေးမြောက်မြားစွာ စတေးပြီး ကြိုးပမ်းခဲ့ကြပါသည်။ ထိုသို့ ကြိုးပမ်းမှု၏ရလဒ်အဖြစ် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးအောင်ပန်းကို ရယူဆွတ်ခူးနိုင်ခဲ့ပါသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ကြိုးပမ်းမှုကြောင့် ရရှိခဲ့သည့် မြန်မာ့လွတ်လပ်ရေးသည် ယခုဆိုလျှင် နှစ်(၇၀) ပြည့်ပြီ ဖြစ်ပါသည်။

**သဘောတူညီချက်ချမှတ်နိုင်ခဲ့**

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရခဲ့သော်လည်း နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်ခဲ့သည့် စနစ်ဆိုးကြောင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြားတွင် စိတ်ဝမ်းကွဲပြားမှုများ ဖြစ်ပေါ်ကာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများ နှစ်ပေါင်းများစွာ ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။ ယနေ့အချိန်အခါတွင်မူ ထာဝရငြိမ်းချမ်းရေးရရှိစေရန်အတွက် တိုင်းရင်းသားအားလုံးက

စာမျက်နှာ ၃ ကော်လံ ၁ ◆



# လွတ်လပ်ရေးလှုပ်ရှားမှု နိုင်ငံတကာရုပ်ရှင်ပွဲတော်(မြန်မာနိုင်ငံရုပ်ရှင်ပြပွဲ) ဖွင့်ပွဲကျင်းပ

**ရန်ကုန်　ဇန်နဝါရီ　၃**

၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ကိုရီးယားသမ္မတနိုင်ငံ ဟန်အီးရုပ်သံသမိုင်း ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ကောင်းကင်သစ်မီဒီယာမှ ကူညီပံ့ပိုးမှုဖြင့် လွတ်လပ်ရေးလှုပ်ရှားမှု နိုင်ငံတကာရုပ်ရှင်ပွဲတော် (မြန်မာနိုင်ငံရုပ်ရှင်ပြပွဲ)ကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ရုပ်ရှင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသည့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်မှန်း၍ တက်ရောက်လာကြသူများက တစ်မိနစ်ခန့် ငြိမ်သက်၍ အလေးပြုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❋


**အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ဒုတိယအကြိမ်) ပြည်ထောင်စုအဆင့် အရပ်ဘက် အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် ဆက်လက်ကျင်းပ** — စာ ၃

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့** — စာ ၄

**သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း** — စာ ၆

**ငွေကြေးအကူအညီပေးအပ်မှုကို ရပ်ဆိုင်းမည်ဟု ထရန့်၏ ခြိမ်းခြောက်မှု ပါလက်စတိုင်းဝေဖန်** — စာ ၁၄





edexcel Approved Center 95873

EMPS INTERNATIONAL SCHOOL
Simple way to Brighter Future

Pearson

နိုင်ငံတကာအဆင့် နှင့် မြန်မာကျောင်းအဆင့် တစ်ပြိုင်နက် ရရှိမည့်အခွင့်အလမ်း

- Pre-School (2 ½ Yr to 5 Yr)
- edexcel (Primary & Secondary)
- KG မှ အလယ်တန်းအထိ
- Special Needs Classes
- Weekend Classes

EMPS Inya Myaing : No.10, Inya Myaing Road, Golden Valley (1) Qtr, Bahan Tsp.,Yangon. Tel : 01 510 991, 09 444 64 666 1 ~ 5

EMPS Padonmar : No.15.D, Padonmar Street, (Near Russia Embassy), Dagon Tsp., Yangon. Tel : 09 254 200 234, 01 252 148

EMPS Yadanar : Bld - 5, Room - 11, Malikha Housing, Yadanar Road, Thingangyun Tsp., Yangon. Tel : 09 26 213 0007, 09 26 213 0008

မြန်မာ့အလင်း

# လွတ်လပ်ရေး၏ တန်ဖိုး

ယနေ့ဆိုလျှင် မြန်မာပြည် လွတ်လပ်ရေးရရှိခဲ့သည်မှာ နှစ် ၇၀ ရှိခဲ့ပြီ။ အနီ လွတ်လပ်ရေးသည် လွယ်လွယ်ရခဲ့သည်မဟုတ်။ လွန်စွာထက်မြက်ပြီး ကိုယ်ကျိုးစွန့်လွှတ် အနစ်နာခံကြသော ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ ခေါင်းဆောင်ကြီးများ၏ အသက်သွေးချွေးများ၊ မြန်မာနိုင်ငံရှိ တိုင်းရင်းသားပေါင်းစုံ ပြည်သူတို့၏ စည်းလုံးညီညွတ်မှု၊ စွန့်လွှတ်စွန့်စားမှုများကို ရင်းပြီး နှစ်ပေါင်းများစွာ အားထုတ်ကြိုးပမ်းခဲ့ကြရခြင်းဖြစ်၏။

လွတ်လပ်ရေးက လွယ်လွယ်ရခဲ့တာ မဟုတ်။ ကမ္ဘာလှည့်ပြီး နယ်ချဲ့ စိုးမိုးလိုစိတ်၊ မတော်လောဘဖြင့် စီးပွားရှာလိုစိတ်များ အလွန်ပြင်းပြနေသော စစ်အင်အား၊ လက်နက်အင်အား ကြီးမားသည့် အင်္ဂလိပ်တို့ကို စစ်ရေး၊ စိတ်ဓာတ်ရေး၊ နိုင်ငံရေး၊ သံတမန်ရေး စသည့် နည်းမျိုးစုံဖြင့် ယှဉ်ပြိုင်အနိုင်တိုက်ကာ ရယူခဲ့ရခြင်းဖြစ်၏။

သည့်မျှမက၊ ရက်စက်ကြမ်းကြုတ်မှုတွင် နာမည်ကြီးလှသော ဖက်ဆစ်စနစ်နှင့် ကမ္ဘာကို အန်တုနေသော ဂျပန်တို့ကို ယှဉ်ပြိုင် အနိုင်တိုက်ကာ ရယူခဲ့ရခြင်းဖြစ်၏။

အမျိုးသားလွတ်မြောက်ရေးအတွက် ရင်ဆိုင်ရသော ရန်သူက ရက်စက်သူ၊ အင်အားကြီးသူများဖြစ်ပြီး ထက်မြက်သည့် ခေါင်းဆောင်ကောင်းများ၊ တိုင်းရင်းသားပြည်သူများစွာ၏ အသက်သွေးချွေးများကို စတေးခဲ့ပြီးမှ ရခဲ့သော လွတ်လပ်ရေးဖြစ်၏။

ထိုစဉ်က အင်္ဂလိပ်အစိုးရသည် စီးပွားရေးလုပ်ငန်းရှင်ကြီးများ အရေကိုခြုံကာ မြန်မာပြည်တွင်းသို့ စတင်ဝင်ရောက်လာခဲ့ကြရာမှ အကြောင်းအမျိုးမျိုးပြကာ စစ်မက်ပြု တိုက်ခိုက် နယ်ချဲ့ခဲ့ကြခြင်းဖြစ်၏။

ယင်းကဲ့သို့ စစ်ပွဲများကို နယ်ချဲ့သမားက ဖန်တီးတိုက်ခိုက်ရင်း နောက်ဆုံး တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် အင်္ဂလိပ်စစ်တပ်က မန္တလေးမြို့တော်ရှိ သီပေါဘုရင်ကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ခြင်းဖြင့် မြန်မာတစ်နိုင်ငံလုံး အင်္ဂလိပ်ကျွန် ဖြစ်ခဲ့ရတော့သည်။

နယ်ချဲ့လက်အောက် ရောက်ရှိခဲ့ရသော မြန်မာပြည်သူတို့မှာ အမျိုးမျိုး အဖုံဖုံသော နည်းလမ်းတို့ဖြင့် နယ်ချဲ့သမားတို့ကို ပုန်ကန် တော်လှန်ကြရန် ကြိုးစားခဲ့ကြသော်လည်း မအောင်မြင်ခဲ့ကြဘဲ သိမ်းပိုက်ပြီး မကြာမီမှာပင် ဗြိတိသျှတို့ မြန်မာနိုင်ငံတွင်းမှာ ခြေကုပ်မိကာ ခိုင်မြဲ အခြေကျခဲ့သည်။ စစ်ရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး အဘက်ဘက်မှာ ကြီးစိုးလွှမ်းမိုးခဲ့ကြသည်။

အုပ်ချုပ်ရေးမှာ အင်္ဂလိပ်တို့သာ ကြီးစိုးထားသလို တရားစီရင်ရေး မှာလည်း သူတို့သာပဲ ဖြစ်သည်။ စစ်တပ်က အင်္ဂလိပ်စစ်တပ် အင်္ဂလိပ် စစ်ဦးစီးချုပ်။

စီးပွားရေးကဏ္ဍမှာ သူတို့စတင်နယ်ချဲ့စဉ်ကတည်းက အဓိက ရည်မှန်းချက်ဟု ဆိုရမှာဖြစ်သည့်အတိုင်း အရေးကြီးသည့် စီးပွားရေး လုပ်ငန်းများအားလုံးကို ချုပ်ထိန်းထားသည်က အင်္ဂလိပ်အစိုးရ၊ အင်္ဂလိပ် စီးပွားရေးသမား လုပ်ငန်းရှင်ကြီးများသာ။

မြန်မာနိုင်ငံ၏ သယံဇာတအရင်းအမြစ်များဖြစ်သည့် ရေနံ၊ ဓာတ်သတ္တု၊ ရွှေငွေ၊ ကျောက်သံပတ္တမြားနှင့် ကျွန်းသစ်၊ ဆန်စပါးတို့ကို ချယ်လှယ် ထုတ်လုပ်ကုန်သွယ်ခြင်းဖြင့် ဗြိတိသျှတို့က မြန်မာ့စီးပွားရေးနယ်ပယ် တစ်ခုလုံးကို ကြီးစိုးလွှမ်းမိုးထားခဲ့သည်။ အင်အားကြီးမားပြီး လိုချင် စိတ်ကြီး လွှမ်းမိုးထားသူကို တော်လှန်ရတာဖြစ်၏။

ထို့အတူပင် စစ်ရေးအကူအညီရယူသည်ကို အကြောင်းပြု၍ မြန်မာ နိုင်ငံတွင်းသို့ ဝင်ရောက်စိုးမိုးလာသော ဂျပန်တို့၏ နှိပ်စက်ကလူပြုမှုကို မြန်မာနိုင်ငံသားတို့ ဆက်လက်တော်လှန်ခဲ့ရပြန်သည်။ ဖက်ဆစ်စနစ် ဖြစ်သည့်အားလျော်စွာ ရက်စက်မှုတွင် သရဖူဆောင်းထားသော ညှဉ်းပန်း နှိပ်စက်မှုများကြားက ပြန်လည်တော်လှန်ခဲ့ရခြင်းဖြစ်ပါ၏။

ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံပါတီ၊ ဗမာ့တပ်မတော်တို့၏ ခေါင်းဆောင်မှုနှင့် မြန်မာပြည်သူလူထုကြီး၏ စည်းလုံးညီညွတ်မှု အင်အား တို့ဖြင့် အမျိုးသားလွတ်မြောက်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ် တော်လှန်ရေးတို့ကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါ၏။

ယနေ့ ရရှိထားသော လွတ်လပ်ရေးက သည်လို စစ်အင်အား၊ လက်နက်အင်အားကြီးမားကာ အစစအရာရာ နိုင်ငံတစ်ဝန်းကို လွှမ်းမိုး ထားရုံသာမက လောဘရမ္မက်လည်း ကြီးမားသော နယ်ချဲ့သမား လက်အောက်မှ လွတ်မြောက်အောင် တော်လှန်ပုန်ကန်ပြီး ရရှိခဲ့သော လွတ်လပ်ရေးဖြစ်၏။ ရက်စက်ကြမ်းကြုတ်လှသော ဖက်ဆစ်စနစ်အောက်မှ ရုန်းကန်တိုက်ပွဲဝင်ခဲ့ပြီး ရရှိခဲ့သော ဆုလာဘ် လွတ်လပ်ရေးဖြစ်၏။

သည်လွတ်လပ်ရေး၏ တန်ဖိုးကို မြန်မာပြည်သူတို့က အလေး အနက်ထားခြင်းဖြင့် ကျဆုံးခဲ့ရသော အာဇာနည်များ၊ ပြည်သူလူထု အပေါင်းတို့အား ကျေးဇူးတင် ဂုဏ်ပြုကြရန်လိုပါမည်။

ယခုလို မင်္ဂလာရှိသော နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့တွင် လွတ်လပ်ရေး၏ တန်ဖိုးကို အလေးအနက်ထားရန် လိုပါမည်။

ထို့အတူ လွတ်လပ်ရေး ကြိုးပမ်းအားထုတ် စတေးခဲ့ကြသူများ မျှော်မှန်းခဲ့ကြသည့်အတိုင်း မြန်မာပြည်သူအပေါင်းတို့ လွတ်လပ်၍ တရားမျှတသောဘဝများကို ရရှိကြပါစေကြောင်းနှင့် အဆိုပါ ဆုတောင်း များ ပြည့်သည်အထိ ဆက်လက်ကြိုးပမ်းအားထုတ်ကြပါစို့ ဟူ၍ သန္နိဋ္ဌာန်ပြုရန် နှိုးဆော်အပ်ပါသတည်း။ ။

# သီးနှံသုံးမျိုး၏ စိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းဝယ်ဖောက်ကားမှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၃**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးဦးစီးဌာန IFAD (International Fund for Agricultural Development), FARM Project တို့ ပူးပေါင်းပြီး နေပြည်တော်ရေယာအတွင်းရှိ ခရမ်းချဉ်၊ ငရုတ်သီးစိမ်းနှင့် နှမ်းသီးနှံတို့၏ စိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းဝယ်ဖောက်ကားမှု ကွင်းဆက်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သောလုပ်ငန်းများ သုတေသန အခြေပြု ဖော်ထုတ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုး စီးပွားပညာဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာလ နောက်ဆုံးပတ်က ကျင်းပရာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မျိုးကြွယ်က အမှာစကား ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ စိုက်ပျိုးစီးပွားပညာဌာန ပါမောက္ခ ဌာနမှူးနှင့် ဆရာ ဆရာမ လေးဦး၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးပညာပေးစင်တာ တာဝန်ခံ သုံးဦး၊ တောင်သူ ခြောက်ဦး၊ ကုန်သည်၊ ပွဲစား ခြောက်ဦး၊ IFAD စီမံကိန်းမန်နေဂျာ နှစ်ဦး၊ IFAD စီမံကိန်းမှ value chain expert တစ်ဦး သင်တန်းသားဦးရေစုစုပေါင်း ၂၂ ဦး တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲတွင် ယခုလက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်သော ရောင်းဝယ်ဖောက်ကားမှု ကွင်းဆက်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသောလုပ်ငန်းများ၊ ယခုလက်ရှိ ရင်ဆိုင်နေရသော အားနည်းချက်များ၊ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်သော နည်းလမ်းကောင်းများနှင့် သီးနှံအလိုက် ဆွေးနွေးဖော်ထုတ်ထားမှုများကို တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဇူလိုင်မိုး၊ ဓာတ်ပုံ- မေမိုးသဲ**

*ထင်သာမြင်သာ ပြုပြင်စရာ*

# မော်ကျွန်း ၁၅ လမ်းမကြီးအား တုံးလုံချောင်း မြစ်ရေတိုက်စား၍ လမ်းမကြီးကို ပြန်လည်ဖော်ထုတ်ပေးစေလို

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ ၁၅ လမ်းမကြီးမှာ ဧရာဝတီဆိပ်ကမ်း တံတားမှ အနောက်ဘက်ခြမ်း တန်တစ်ရာဖွဲ့နှုဆီစက်အထိ တောင်ဘက်တုံးလုံချောင်းမြစ်ရေတိုက်စားခံရမှုကို ကြုံတွေ့ရလျက်ရှိသည်။

အဆိုပါ မြစ်ကမ်းဘေးတွင် မော်ကျွန်း-ရန်ကုန် ပုဂ္ဂလိက နှစ်ထပ်ရေယာဉ်များနှင့် ကျေးရွာပေါင်းစုံမှ လိုင်းရေယာဉ်များ ဆိုက်ကပ်လျက်ရှိသည်။ ရေစီးကြမ်းသော တုံးလုံချောင်းမြစ်ရေမှာ မိုးရာသီနှင့် ဆောင်းရာသီတို့တွင် ရေတိုက်စားမှု ပြင်းထန်သဖြင့် လမ်းမြေများ ရေထဲသို့ နှစ်စဉ် ပြိုကျမှုများရှိသည်။ ၁၅ လမ်းရှိ ဒေသခံ ပြည်သူများသည် လူနေအိမ်များ ရေတိုက်စားမှုမခံရစေရန်အတွက် တစ်ပိုင်တစ်နိုင် သင်ပေါင်းသားများ၊ ဝါးများဖြင့် ကာရံခြင်း၊ အချို့နေရာများတွင် အုတ်တံတိုင်း အနိမ့်ကာရံခြင်းများရှိသော်လည်း ရေစီးကြမ်းသော တုံးလုံချောင်း မြစ်ရေမှာ လျော့သွားခြင်းမရှိဘဲ ဆက်လက်တိုက်စားလျက်ရှိသည်။



"မော်လမြိုင်ကျွန်းမြို့တောင်ဘက် တုံးလုံချောင်းမြစ်ရေက အလွန်ရေစီးကြမ်းပါတယ်၊ နှစ်စဉ်လည်း လမ်းမြေတွေ ရေတိုက်စားမှုရှိနေတယ်၊ အခုရေတိုက်စားခံနေရတဲ့ ၁၅ လမ်းမကြီးကို ကမ်းဆယ်တည်ဆောက်ပေးပြီး ပြန်လည်ဖော်ထုတ်ပေးစေချင်ပါတယ်" ဟု ၁၅ လမ်းမကြီးနေ ဒေသခံများက ပြောသည်။

**မော်ကျွန်း-မြင့်အောင်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၃-၁-၂၀၁၈

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၀၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၅၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၇၀/၇၈၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၅/၇၉၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၀/၈၃၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၉၀/၈၀၅ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၉ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၃၉ ·၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၂၂ ·၁ |
| ထိုင်း | တစ်ဘတ် | ၄၁ ·၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၄ |
| တရုတ် | တစ်ယွမ် | ၂၀၉ ·၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၇ ·၆ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

◆ *ရှေ့ဖုံးမှ*

နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ၏ ဒုတိယအကြိမ် အစည်းအဝေးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ဖက်ဒရယ်အခြေခံမူအချို့ကို သဘောတူချမှတ်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

**မျှော်မှန်းချက်ထား**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် တိုင်းရင်းသားအားလုံး လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ သာတူညီမျှ အခွင့်အရေးရှိခြင်းနှင့် ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်ခြင်းဆိုသည့် မူများအပေါ် အခြေခံသည့် ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေးကို မျှော်မှန်းချက်ထားရှိ ဆောင်ရွက်လျက်ရှိပေသည်။ နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရာတွင် နိုင်ငံတော်နှင့် လျော်ကန်သင့်မြတ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်လာစေရေးကိုလည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

ဒီမိုကရေစီအခြေခံအုတ်မြစ်များ ပိုမိုခိုင်မာလာစေရန် ကြိုးပမ်းဆောင်ရွက်မှုများနှင့်အတူ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်ဖော်ဆောင်လျက်ရှိပြီး တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝပိုမိုမြင့်မားလာစေရေးကိုလည်း ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် နိုင်ငံရေးတည်ငြိမ်မှု၊ နိုင်ငံသာယာဝပြောမှု၊ တိုင်းရင်းသားပြည်သူအပေါင်း သွေးစည်းညီညွတ်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူများ စားဝတ်နေရေးဖူလုံမှု၊ ယဉ်ကျေးမှုအမွေအနှစ် အစဉ်

**“ နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့်အညီ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရာတွင် နိုင်ငံတော်နှင့် လျော်ကန်သင့်မြတ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်လာစေရေးကိုလည်း ဝိုင်းဝန်းကြိုးပမ်း ”**

အလာကောင်းများကို ထိန်းသိမ်းစောင့်ရှောက်မှု အစရှိသည်တို့ကို တစ်ချိန်တည်းတစ်ပြိုင်တည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်၏ စီးပွားရေးအတွက် များစွာ အရေးပါလှသော အဓိကမောင်းနှင်အားတစ်ရပ်ဖြစ်သည့် ပုဂ္ဂလိကကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝလည်း တိုးတက်ကောင်းမွန်လာမည် ဖြစ်ပါသည်။

**ထာဝရငြိမ်းချမ်းရေး**

လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အဓိကအကျဆုံးအချက်သည် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး၏ သွေးစည်းညီညွတ်မှုစွမ်းပကားပင် ဖြစ်ပါသည်။ ရရှိပြီးလွတ်လပ်ရေးအခွန့်ရှည်တည်တံ့ခိုင်မြဲရေးသည်လည်း တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး၏ သွေးစည်းညီညွတ်မှုဖြင့်သာ ဆောင်ကြဉ်းနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်သည့်အလျောက် ပြည်ထောင်စုကြီးအတွင်း ဉမကွဲသိုက်မပျက်ရာသက်ပန် ပူးပေါင်းနေထိုင်သွားနိုင်ရန်၊ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေး ရရှိရန်နှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာပြီး တိုင်းရင်းသားအားလုံးတန်းတူညီမျှ အခွင့်အရေးရရှိရန်တို့ အတွက် နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များဖြစ်သည့်-

- ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊
- ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်တော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊
- ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊
- နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် “ထာဝရငြိမ်းချမ်းရေး” ပန်းတိုင်သို့ ရောက်ရှိအောင် ပြည်ထောင်စုတိုင်းရင်းသားအားလုံးမှ နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ရေး၊
- စီးပွားရေး၏ အဓိကမောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိကကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး

တို့ကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အလေးအနက်ခံယူလျက် ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် ပူးပေါင်းပါဝင် အကောင်အထည်ဖော်ဆောင်ရွက်ပေးကြပါရန် ယနေ့ကျရောက်သည့် နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

# အကြောင်းအရာအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ(ဒုတိယအကြိမ်) ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် ဆက်လက်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃

**အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ဒုတိယအကြိမ်) ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ ဆက်လက်ကျင်းပသည်။** (ယာပုံ)



အဆိုပါ ငြိမ်းချမ်းရေးဖိုရမ်သို့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီဝင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေး ဖိုရမ်ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ကိုယ်စားလှယ်များ၊ မသန်စွမ်းသူ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယနေ့ဆွေးနွေးပွဲတွင် ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်(UCCPF) ကော်မတီဝင်များဖြစ်ကြသည့် ဘန်ဆိုင်းဘူနှင့် နော်တကောထူးတို့က ဖိုရမ်ပထမနေ့တွင် ဆောင်ရွက်ခဲ့မှုနှင့် ဆွေးနွေးခဲ့မှုအခြေအနေများကို ခြုံငုံသုံးသပ် ရှင်းလင်းပြောကြားကြပြီး (UCCPF)ကော်မတီဝင်များဖြစ်ကြသည့် ဦးမြတ်သူဝင်းနှင့် ဆောင်ဝင်းတို့က မူဝါဒအကြံပြုစာတမ်းများကို အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် ကြီးကြပ်ရေးကော်မတီဝင်များထံ ပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၃ ခုတို့မှ ကိုယ်စားလှယ်များက ပေးအပ်ပြီးသော မူဝါဒအကြံပြုစာတမ်းများနှင့် ပတ်သက်၍ ဆက်လက်လုပ်ဆောင်နိုင်သည့် အကြောင်းအရာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အဖွဲ့များခွဲ၍ သီးခြားစီဆွေးနွေးကြသည်။

ဆက်လက်၍ အဖွဲ့တစ်ဖွဲ့လျှင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၃ ခုတို့မှ ကိုယ်စားလှယ်များပါဝင်သည့် အဖွဲ့ ၁၃ ဖွဲ့သည် မူဝါဒအကြံပြုစာတမ်းများနှင့် စပ်လျဉ်း၍ အစုအဖွဲ့အလိုက် ဆွေးနွေးခဲ့မှုအခြေအနေနှင့် အတွေ့အကြုံများကို ပြန်လည်ဆွေးနွေး မျှဝေကြသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားလှယ်များက နှစ်ရက်တာ ကျင်းပခဲ့သည့် အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ (ဒုတိယအကြိမ်) ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့ အစည်းများ ငြိမ်းချမ်းရေးဖိုရမ်နှင့် စပ်လျဉ်း၍ အပြုသဘောဆောင်သည့် အကြံပြုချက်များဖြင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ဖိုရမ်ကို ရုပ်သိမ်းလိုက်သည်။

ညနေပိုင်းတွင် အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ (ဒုတိယအကြိမ်) ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့ အစည်းများ ငြိမ်းချမ်းရေးဖိုရမ် ပိတ်ပွဲ အခမ်းအနားကို အဆိုပါခန်းမ၌ ဆက်လက်ကျင်းပသည်။

ပိတ်ပွဲအခမ်းအနားတွင်(UCCPF) ကော်မတီဝင် ဦးမိုးသူအောင်က ကျေးဇူးတင်စကား ပြောကြားကာ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)တွင် နှစ်ရက်ကြာ ကျင်းပခဲ့သည့် အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ဒုတိယအကြိမ်) ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေး ဖိုရမ်မှ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)သို့ ဖက်ဒရယ်အခြေခံမူဝါဒဆိုင်ရာ အကြံပြုစာတမ်းနှင့် ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ မူဝါဒအကြံပြုစာတမ်းများကို ပေးအပ်နိုင်ခဲ့သည်။ **သတင်းစဉ်**

❈ *ရှေ့ဖုံးမှ*




ထို့နောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယက ဒါရိုက်တာ ဦးကြည်စိုးထွန်းက “ကျွန်တော်တို့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနဲ့ ကိုရီးယားရုပ်ရှင်တို့ ပူးပေါင်းပြီးတော့ လွတ်လပ်ရေးအကြိုပေါ့၊ သူတို့နိုင်ငံလည်း ကျွန်ဘဝက လွတ်မြောက်ခဲ့တာပေါ့၊ ကျွန်တော်တို့ နိုင်ငံကလည်း ကျွန်ဘဝက လွတ်မြောက်ခဲ့ကြတာဆိုတော့ လွတ်လပ်ရေးရဲ့အနှစ်သာရကို ဂုဏ်ယူတဲ့အနေနဲ့ သူတို့ဆီက လွတ်လပ်ရေးတိုက်ပွဲ ရုပ်ရှင်ကားတွေ၊ ကျွန်တော်တို့ဆီက လွတ်လပ်ရေးအတွက် ကြိုးပမ်းတဲ့ ရုပ်ရှင်ကားတွေကို ပြသတဲ့ပွဲဖြစ်ပါတယ်”ဟု ရှင်းလင်းပြောကြားပြီး လွတ်လပ်ရေးနေ့ ရုပ်ရှင်ပွဲတော်ရုပ်သံကို တင်ဆက်ပြသသည်။

ထို့နောက် လွတ်လပ်ရေးလှုပ်ရှားမှု နိုင်ငံတကာရုပ်ရှင်ပွဲတော် (မြန်မာနိုင်ငံ ရုပ်ရှင်ပြပွဲ)ကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယက ဒါရိုက်တာ ဦးကြည်စိုးထွန်းနှင့် ဟန်အီးရုပ်သံသမိုင်းဖောင်ဒေးရှင်းဥက္ကဋ္ဌ ရီဝန်ပြောက်တို့က ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဟန်အီး ရုပ်သံသမိုင်းဖောင်ဒေးရှင်းဥက္ကဋ္ဌ ရီဝန်ပြောက်က ဆရာတော်ဦးဥတ္တမနှင့် ကိုရီးယား မန်ဟဲ ဆရာတော် ဟန်ယွန်းအုန်းတို့၏ တူညီသော လွတ်လပ်ရေးလှုပ်ရှားမှုနှင့် ဘာသာရေးဆိုင်ရာ ကြိုးပမ်းမှုအကြောင်း စာတမ်းကို ဖတ်ကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ အပြန်အလှန် ပေးအပ်ကြကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါရုပ်ရှင်ပြပွဲသို့ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကကြီးများနှင့် အလုပ်အမှုဆောင်များ၊ နာရေးကူညီမှုအသင်း (ရန်ကုန်)မှ အသင်းသားများ၊ ဟန်အီးရုပ်သံသမိုင်းဖောင်ဒေးရှင်းနှင့် ကိုရီးယားသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆက်လက်၍ ညနေ ၅ နာရီတွင် ဒါရိုက်တာခင်စောမျိုး ရိုက်ကူးသည့် နယ်ချဲ့အင်္ဂလိပ်နှင့် ဖက်ဆစ်ဂျပန်တို့၏ လက်အောက်တွင် ဖိနှိပ်ခံတောင်သူလယ်သမားအဖြစ်ဖြင့် နေထိုင်သည့် ဘအကြောင်းနှင့် သူ့ကျွန်ဘဝအတွင်း တောင်သူလယ်သမားများ၏ ဘဝကို ဖော်ကျူးထားသည့် “ဘ”ရုပ်ရှင် ဇာတ်ကားကို ပြသသည်။

အဆိုပါ ရုပ်ရှင်ပြပွဲကို ဇန်နဝါရီ ၅ ရက်အထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ရုပ်ရှင်ခန်းမ၌ ဆက်လက်ပြသသွားမည်ဖြစ်သည်။

ဇန်နဝါရီ ၄ ရက်တွင် ဒါရိုက်တာ နီးလ်ဂျော်ဒန် ရိုက်ကူးသည့် အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်ရေးအတွက် နှစ် ၇၀၀ တိုင်အောင် တွန်းလှန်တိုက်ခိုက်ခဲ့သော်လည်း လွတ်လပ်ရေးမရရှိသေးသည့် အိုင်ယာလန်နိုင်ငံ၏ လွတ်လပ်ရေး တိုက်ပွဲနှင့် အိုင်ယာလန်နိုင်ငံ လွတ်မြောက်ရေးခေါင်းဆောင် မိုက်ကယ်ကောလင်းအကြောင်း ဖော်ကျူးထားသည့် “Michael collins” ရုပ်ရှင်ဇာတ်ကားနှင့် ဒါရိုက်တာ ကင်မ်ဂျီအုန်း ရိုက်ကူးသည့် “The Age of Shadows” ကိုရီးယားရုပ်ရှင်ဇာတ်ကား၊ ဇန်နဝါရီ ၅ ရက်တွင် ဒါရိုက်တာ ဘူအုန်း ဒေါက်ရိုက်ကူးသည့် “The Prophecy” ဗီယက်နမ်ရုပ်ရှင်ဇာတ်ကားနှင့် ဒါရိုက်တာ ဂျိုဂျောင်းလဲရိုက်ကူးသည့် “Spirits Homecomming” ကိုရီးယားရုပ်ရှင်ဇာတ်ကားတို့ကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

လွတ်လပ်ရေးလှုပ်ရှားမှု နိုင်ငံတကာ ရုပ်ရှင်ပွဲတော်(မြန်မာနိုင်ငံရုပ်ရှင်ပြပွဲ)ကို ကြည့်ရှုခြင်းဖြင့် လွတ်လပ်ရေးသမိုင်းကို သိစေသည်ဆိုသည့်အချက်ဖြင့် သူ့ကျွန်ဘဝသို့ရောက်ရှိခဲ့ဖူးသည့် နိုင်ငံများ၏ အတွေ့အကြုံအကြောင်း ရုပ်ရှင်များအား ပြသပြီး ရုပ်ရှင်အကြောင်းရှင်းလင်းသည့် ရုပ်သံများ၊ ရုပ်ရှင်ဇာတ်ကား၏ သမိုင်းနောက်ခံ၊ လွတ်လပ်ရေးသမိုင်းဝင်ခေါင်းဆောင်ကြီးများ၏ ရုပ်ရှင်များအား ကြည့်ရှုခြင်းအားဖြင့် လွတ်လပ်ရေး သမိုင်းကို လွယ်ကူစွာသိရှိ နားလည်စေရန်၊ ရုပ်ရှင်ပြပွဲကို အကြောင်းပြု၍ ကိုရီးယား-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး ခိုင်မာစေရန်၊ လွတ်လပ်ရေးလှုပ်ရှားမှု နိုင်ငံတကာရုပ်ရှင်ပြပွဲသည် လွတ်လပ်ရေး လှုပ်ရှားမှုနှင့် ပတ်သက်သော ရုပ်ရှင်ဇာတ်ကားများကို အမှီပြု၍ လွတ်လပ်ရေးစိတ်ဓာတ်နှင့် မျိုးချစ်စိတ် အသိမြင့်မားလာစေရန်၊ ကျေးဇူးရှင် လွတ်လပ်ရေးမိခင်ကြီး၊ ဖခင်ကြီးများအား အမှတ်ရ၍ နိုင်ငံအတွက် တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင်လိုစိတ်ဖြင့် နိုင်ငံ၏တိုးတက်ရေးတွင် အထောက်အကူပြုသူများ များပြားလာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း -ထင်ပေါ်ဝင်း၊ ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ - တင်စိုး၊ ဇော်မင်းလတ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၃

**၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။**

### စင်ကာပူသမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ စင်ကာပူသမ္မတနိုင်ငံ သမ္မတ မဒမ်ဟာလီမာယာကော့က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် စင်ကာပူပြည်သူများကိုယ်စား ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

၁၉၆၆ခုနှစ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့သည့်အချိန်ကတည်းက စင်ကာပူနှင့် မြန်မာနှစ်နိုင်ငံဆက်ဆံရေးသည် ပိုမိုခိုင်မာသထက်ခိုင်မာလျက်ရှိကြောင်း၊ နှစ်နိုင်ငံအနေဖြင့် ယခုကဲ့သို့ ကောင်းမွန်သောဆက်ဆံရေးကို အခြေပြုလျက် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာရေး၊ အိမ်တွင်းသက်မွေးဝမ်းကျောင်းပညာရေး၊ဥပဒေဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ကျန်းမာရေးနှင့် လေကြောင်းဆက်သွယ်မှုဆိုင်ရာများစသည့် ကဏ္ဍများတွင် ယခုထက်ပိုပြီး ပူးပေါင်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း၊ ၂၀၁၈ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူရမည့် စင်ကာပူနိုင်ငံအနေဖြင့် အာဆီယံပြည်သူများ၏ အကျိုးအတွက် မြန်မာနိုင်ငံနှင့်သာမက အခြားအာဆီယံနိုင်ငံများနှင့်ပါ နီးကပ်စွာပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ထို့အတူ အဆင်ပြေမည့်အချိန်တွင် သမ္မတဦးထင်ကျော်နှင့် သမ္မတကတော် ဒေါ်စုစုလွင်အနေဖြင့် စင်ကာပူနိုင်ငံသို့ အလည်အပတ် လာရောက်ရန် ဖိတ်ခေါ်ပါကြောင်း၊ အဆွေတော်တို့နှစ်ဦးစလုံး ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းများ တောင်းလိုက်ပါကြောင်း ဆက်လက်ဖော်ပြပါရှိသည်။

### ထိုင်းနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ထိုင်းနိုင်ငံ ဘုရင် မဟာဗာဂျီရာလောင်ကွန်းက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးနှင့် နိုင်ငံတော်ကြီးအတွင်း မှီတင်းနေထိုင်ကြကုန်သော ပြည်သူ၊ ပြည်သားအပေါင်းတို့ တိုးတက်စည်ပင်သာယာဝပြောစေရန် ရည်သန်လျက် ဂုဏ်ယူဝမ်းမြောက်စွာဖြင့် သဝဏ်လွှာပေးပို့အပ်သည်။

နှစ်နိုင်ငံတည်မြဲလျက်ရှိသော မိတ်ဖက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် ဆက်လက်အဓွန့်ရှည်စွာ ဖြစ်ပေါ်တိုးတက်နေဦးမည်ဟု ယုံကြည်ကြောင်း၊ နောင်လာမည့်နှစ်များတွင်လည်း နှစ်နိုင်ငံဆက်ဆံရေး ယခုထက်ပိုမိုနီးကပ်ပြီး တိုးတက်ဖြစ်ထွန်းလာမည်ဟု ယုံကြည်လျက်ရှိကြောင်း ဖော်ပြပါရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ်ချန်အိုချာ(ငြိမ်း) က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် ထိုင်းအစိုးရနှင့် ပြည်သူများကိုယ်စား အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများ ကိုယ်စိတ်နှစ်ပါးရွှင်ပြုံးပါစေကြောင်း ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပေးပို့အပ်ပါသည်။

၂၀၁၇ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် နတ်ရွာစံကံတော်ကုန်သွားသော ထိုင်းဘုရင် ဘူမိဘောအဒူလျာဒက်ချ်၏ အန္တိမစျာပနအခမ်းအနားသို့ တက်ရောက်လာသော အဆွေတော်နှင့် ဇနီး ဒေါ်စုစုလွင်တို့အား ကျေးဇူးဥပကာရတင်ရှိပါကြောင်းနှင့် ယခုကဲ့သို့ တက်ရောက်ချီးမြှင့်သည့်အတွက် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကြိုးမှာ ခွဲခြားလို့ရမည် မဟုတ်ပါကြောင်း၊ ၂၀၁၈ ခုနှစ်တွင် နှစ်နိုင်ငံဆက်ဆံရေးတည်ထောင်မှု နှစ် (၇၀) ပြည့် အထိမ်းအမှတ်ရောက်မည်ဖြစ်သောကြောင့် အဆိုပါ အခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်လိမ့်မည်ဟုယုံကြည်ကြောင်း၊ မြန်မာနှင့် ထိုင်း နှစ်နိုင်ငံအကြားပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလေးနက်စွာဖြစ်ပေါ်လာမည်ဟု ယုံကြည်ကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

### တရုတ်ပြည်သူ့သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လွတ်လပ်ရေးရရှိသည့် နှစ်(၇၀)ပြည့် အချိန်အခါသမယတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှင့် တရုတ်ပြည်သူလူထု ကိုယ်စားပြု၍ ကျွန်တော်၏ အမည်နာမဖြင့် အဆွေတော်အား လည်းကောင်း၊ အဆွေတော်မှတစ်ဆင့် အဆွေတော်တို့၏ နိုင်ငံတော်အစိုးရနှင့် ပြည်သူပြည်သားများအားလည်းကောင်း လှိုက်လှဲစွာထောမနာဂုဏ်ပြုပါကြောင်းနှင့် ဆုတောင်းမေတ္တာပို့သပါကြောင်း ဖော်ပြအပ်ပါသည်။

လွန်ခဲ့သောတစ်နှစ်အတွင်းတွင် အဆွေတော်နှင့် မြန်မာအစိုးရ၏ ဦးဆောင်မှုအောက်၌ အဆွေတော်တို့၏ နိုင်ငံအနေဖြင့် တည်ငြိမ်အေးချမ်းမှုထိန်းသိမ်းစောင့်ရှောက်ခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်း၊ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်တွန်းအားပေးခြင်း၊ ပြည်ပနိုင်ငံများနှင့် ဆက်ဆံရေးတိုးမြှင့်ခြင်း အစရှိသည့်နယ်ပယ်များတွင် အရေးပါသော အောင်မြင်မှုများရရှိခဲ့ပါသဖြင့် တရုတ်ဘက်မှ နှစ်နှစ်ကာကာ ဝမ်းမြောက်ဝမ်းသာဖြစ်မိခဲ့သည်။

လက်ရှိကာလတွင် တရုတ်-မြန်မာဆက်ဆံရေးသည် ကောင်းမွန်စွာ၊ တည်ငြိမ်စွာဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ ယမန်နှစ်က ကျွန်တော်သည် အဆွေတော်နှင့် အကျိုးများစွာပါရှိခဲ့သည့် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့ကာ အခြေအနေသစ်အောက်တွင် တရုတ်-မြန်မာဘက်စုံ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ပေးခြင်းနှင့် ပတ်သက်၍ အရေးကြီးသည့် သဘောတူညီမှုအသစ်များ ရရှိခဲ့ကြပါသည်။ နောက်နောင်အချိန်ကာလတစ်ခုအတွင်း နှစ်နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ရှေးရှူဦးတည်ချက်ကို ရှင်းလင်းစွာ ညွှန်ပြပေးနိုင်ခဲ့ပါသည်။ ကျွန်တော်သည် တရုတ်-မြန်မာဆက်ဆံရေးကို အင်မတန်မှအလေးထားပြီး အဆွေတော်နှင့်တကွ တရုတ်-မြန်မာဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး ပိုမိုကြီးကျယ်စွာ ဖွံ့ဖြိုးတိုးတက်နိုင်ရန်အတွက် တွန်းအားပေးကြ၍ နှစ်နိုင်ငံ ပြည်သူလူထုတို့အတွက် အကျိုးအမြတ်များ ပိုမိုကောင်းမွန်စွာ ပြုလုပ်ကြရန် ဆန္ဒရှိပါသည်။

အဆွေတော်တို့နိုင်ငံ စည်ပင်ဝပြောပြီး ပြည်သူပြည်သားများ ချမ်းမြေ့သာယာနိုင်ရန်အတွက် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်မှ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်းနှင့် အစစအရာရာတွင် အဆင်ပြေပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်ဟု ဖော်ပြပါရှိသည်။

### အမေရိကန်ပြည်ထောင်စု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ အမေရိကန်ပြည်ထောင်စု သမ္မတ မစ္စတာ ဒေါ်နယ်ထရန့်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပျော်ရွှင်ဖွယ်ကောင်းသော နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ အခါသမယအထိမ်းအမှတ်တွင် မြန်မာနိုင်ငံတော်ကြီး သာယာဝပြောပြီး မြန်မာပြည်သူပြည်သားများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံစေရန် အမေရိကန်ပြည်သူများက နွေးထွေးလှိုက်လှဲဝမ်းမြောက်စွာဖြင့် သဝဏ်လွှာ ပေးပို့အပ်ပါသည်။

၂၀၁၅ ရွေးကောက်ပွဲတွင် မြန်မာပြည်သူများက ထောက်ခံခဲ့သော ဒီမိုကရေစီ၏ တန်ဖိုးများသည် နှစ်ပရိစ္ဆေဒကြာမြင့်သည့် အောင်မြင်မှု၊ တည်ငြိမ်မှု၊ သာယာဝပြောမှုတို့အတွက် အရေးကြီးသောနေရာမှ ပါဝင်လျက်ရှိကြောင်း၊ ရှေ့ဆက်သွားမည့် ဒီမိုကရက်တစ်ပြုပြင်ပြောင်းလဲမှုများတွင် မြန်မာနိုင်ငံ၏ မိတ်ဆွေနိုင်ငံအနေဖြင့် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

### ရုရှားဖက်ဒရေးရှင်းနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင် က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပျော်ရွှင်ဖွယ်ကောင်းသော နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့၏ နှစ်နိုင်ငံဆက်ဆံရေးသည် ချစ်ကြည်ရင်းနှီးမှုရှိခဲ့ပါကြောင်း၊ နှစ်နိုင်ငံပြည်သူများ၏ အကျိုးအတွက် ရှေ့လျှောက် နှစ်နိုင်ငံရေးရာများနှင့် အပြည်ပြည်ဆိုင်ရာ ကိစ္စရပ်များတွင် အပြုသဘောဆောင်တိုးတက်မှုများ ဖြစ်ပေါ်လာမည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော်အနေဖြင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး အောင်မြင်မှုအပေါင်း ခညောင်းပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါကြောင်းနှင့် နိုင်ငံသူ နိုင်ငံသားများ ငြိမ်းချမ်းမှုနှင့် ပြည့်စုံကြွယ်ဝမှုများရရှိစေရန် ဆန္ဒမွန်ကောင်းတောင်းလိုက်ပါကြောင်း ဖော်ပြပါရှိသည်။

*ဆက်လက်ဖော်ပြပါမည်*

# လားဟူတိုင်းရင်းသားရိုးရာ နှစ်သစ်ကူးပွဲတော်ကျင်းပ

**တာချီလိတ် ဇန်နဝါရီ ၃**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု ရေပူစမ်းစံပြကျေးရွာ၌ အကြိမ်(၂၀)မြောက် လားဟူတိုင်းရင်းသားရိုးရာ စုပေါင်းနှစ်သစ်ကူးပွဲတော်ကို ဇန်နဝါရီ ၂ ရက်က ရိုးရာယဉ်ကျေးမှု ထုံးတမ်းစဉ်လာများနှင့်အညီ စည်ကားသိုက်မြိုက်ပျော်ရွှင်စွာ ကျင်းပခဲ့သည်။ **(ယာပုံ)**

**ဝမ်းမြောက်စကားပြောကြား**

ပွဲတော်သို့ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေး၊ စစ်ဗျူဟာအဖွဲ့(အခြေချ) တာချီလိတ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး အေးမင်းဦး၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေနှင့် ဌာနဆိုင်ရာများ၊ လားဟူတိုင်းရင်းသားများ တက်ရောက်ပါဝင် ဆင်နွှဲကြသည်။

နှစ်သစ်ကူးပွဲတော်တွင် တိုင်းမှူး ဗိုလ်ချုပ် အောင်ဇော်အေးက နှစ်သစ်နှုတ်ခွန်းဆက်စကား ပြောကြားပြီး ရေပူစမ်းကျေးရွာနာယက ဦးယေရှုံက ကျေးဇူးတင် ဝမ်းမြောက်စကား ပြောကြားခဲ့သည်။

**ကပြဖျော်ဖြေ**

ထို့နောက် တက်ရောက်လာသည့် ဘိုးဘွားမိဘ၊ ဆရာသမားများနှင့် အကြီးအကဲများအား ရိုသေလေးစား ဂါရဝပြုခြင်းနှင့် နှစ်ဟောင်းမှ အညစ်အကြေးများ နှစ်သစ်တွင် စင်ကြယ်စေရန် ရိုးရာဓလေ့ဖြစ်သည့် လက်ဆေးခြင်း မင်္ဂလာပြုလုပ်ကာ လားဟူတိုင်းရင်းသားရိုးရာ မြေဝိုင်းအကနှင့် အိုးစည်ဗုံမောင်းများဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ကုန်းမောက်စံ - ဟိုနောင်လုံ ကျေးရွာချင်းဆက် တံတားဖွင့်

**လဲချား ဇန်နဝါရီ ၃**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် လဲချားမြို့တွင် လွတ်လပ်ရေးနေ့အား ဂုဏ်ပြုသောအားဖြင့် ငွေကျပ်သိန်း ၁၀၀၀ ရန်ပုံငွေမှ ဆောက်လုပ်သော ကုန်းမောက်စံ-ဟိုနောင်လုံကျေးရွာ ချင်းဆက်တံတားဖွင့်ပွဲအား ယနေ့ နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနား၌ ကုန်းမောင်စံ-ဟိုနောင်လုံကျေးရွာ တံတားဆောက်လုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သမိုင်းအကျဉ်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် ဦးစံလင်းက ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလရော်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ကုန်းမောက်စံ-ဟိုနောင်လုံကျေးရွာ ချင်းဆက် တံတားအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**



# မန္တလေးမြို့ရှိ သီတဂူ ဓမ္မဗုဒ္ဓတက္ကသိုလ်၌ သီလရှင်အပါး ၁၀၀၀ အား ဆွမ်းကြီးလောင်းလှူ



**မန္တလေး ဇန်နဝါရီ ၃**

မန္တလေးတောင်ခြေ အောင်မြေသာစံမြို့နယ် ဂေါက်လေ့ကျင့်ရေးကွင်း အရှေ့ဘက်ရှိ သီတဂူ ဓမ္မဗုဒ္ဓတက္ကသိုလ်၌ သီလရှင် အပါး ၁၀၀၀ အား ဆွမ်းကြီးလောင်းလှူပွဲကြီးကို ယနေ့ နံနက် ၅ နာရီတွင် သီတဂူဓမ္မဗုဒ္ဓတက္ကသိုလ်မှ ဆရာတော်ကြီးများ ဦးဆောင်၍ စေတနာရှင်ပြည်သူများ ပါဝင်လောင်းလှူကြသည်။ **(ဝဲပုံ)**

ယနေ့ကျင်းပသော သီလရှင်အပါး ၁၀၀၀ အား ဆွမ်းကြီးလောင်းလှူပွဲကြီးကို သီတဂူတော်ဝင် သဒ္ဓမ္မဇောတိကာသန္တိ မဟာဘွဲ့နှင်းသဘင်ကျောင်းဆောင်သစ်အား ဆောက်လုပ်လှူဒါန်းခဲ့သော အလှူရှင် တော်ဝင်မိသားစုကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးကိုကိုထွေးနှင့် ဇနီး ဒေါ်အေးအေးသန်း မိသားစုက ဦးဆောင်ကာ စေတနာရှင်၊ အလှူရှင် ၂၀ ကျော်က အလှူပစ္စည်း ၂၃ မျိုးကို ကောင်းမှုကုသိုလ်ပြုလှူဒါန်းသည်။ ၎င်း သီလရှင်အပါး ၁၀၀၀ အား ဆွမ်းကြီးလောင်းလှူပွဲကြီးကို မန္တလေးမြို့ပေါ်ရှိ ရတနာပုံစံကျောင်းစာသင်တိုက်၊ မြဝတီစာသင်တိုက်၊ ဓမ္မဝိဟာရီစာသင်တိုက်၊ စိန္တေဓရစာသင်တိုက်၊ အနီဋ္ဌာစာသင်တိုက် စသည့် မြို့တွင်းနှင့် မြို့အနီးဝန်းကျင် စာသင်တိုက် ၉၈ တိုက်မှ သီလရှင် အပါး ၁၀၀၀ တို့က စေတနာရှင်၊ အလှူရှင်များ လောင်းလှူမှုပြုသည်ကို ခံယူတော်မူခဲ့သည်။

အလားတူ ဇန်နဝါရီ ၄ ရက် နံနက် ၅ နာရီတွင်လည်း သီတဂူဆရာတော်ကြီးအား ပုနောပသမ္ပဒါ သိက္ခာထပ်မင်္ဂလာ ကျင်းပခြင်း၊ သီတဂူတော်ဝင် သဒ္ဓမ္မဇောတိကာသန္တိမဟာ ဘွဲ့နှင်းသဘင်ကျောင်းဆောင် ရေစက်ချလှူဒါန်းခြင်းနှင့်အတူ ပင့်သံဃာ အပါး ၅၀ ကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ သံဃာအပါး ၁၀၀၀ ကို ဆွမ်းကြီးလောင်းလှူခြင်း စသော ကောင်းမှုကုသိုလ်များကို အများပြည်သူ စေတနာရှင်များနှင့်အတူ ဆက်လက် လှူဒါန်းသွားမည် ဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

## မန္တလေးမြို့တွင် ယခုရက်ပိုင်းအတွင်း မိုးရွာသွန်းမှုများ ဖြစ်ပေါ်

**မန္တလေး ဇန်နဝါရီ ၃**

တောင်တရုတ်ပင်လယ်တွင် လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်မှုနှင့်အတူ တရုတ်ပြည်အရှေ့ဘက်ပိုင်းမှ အားကောင်းသော ဆောင်းလေအေးများ တိုးဝင်လာမှုကြောင့် လေထု အပြောင်းအလဲများ ဖြစ်ပေါ်ကာ ဇန်နဝါရီ ၁ ရက်မှ ၃ ရက်အထိ မန္တလေးတိုင်းဒေသကြီးတွင် ထူးခြားသော မိုးလေဝသအခြေအနေများ ဖြစ်ပေါ်ကာ မိုးရွာသွန်းမှုများပြားခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (အထက်မြန်မာပြည် ဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောသည်။

"နှစ်စဉ်နီးပါး ဇန်နဝါရီလမှာ မိုးရွာသွန်းမှုတွေရှိခဲ့ပေမယ့် မိုးနည်းတဲ့ မန္တလေးတိုင်းဒေသကြီးမှာ ၂၄ နာရီအတွင်း မိုးရေချိန် တစ်လက်မခွဲအထိ ရွာသွန်းခဲ့တယ်၊ အခု သုံးရက်အတွင်းဆိုရင် မိုးရေချိန် နှစ်လက်မခွဲကနေ သုံးလက်မအထိ ရှိတယ်၊ မိုးများတယ်လို့ ပြောလို့ရတယ်၊ အရင်ကထက် ထူးထူးခြားခြား စံချိန်တင် မိုးရွာသွန်းမှုတွေ ရှိခဲ့တယ်"ဟု ၎င်းက ပြောသည်။

ယခုနှစ်ဆန်းပိုင်းတွင် ဆောင်းမိုးများ ရွာသွန်းမှုကြောင့် နေ့အပူအချိန်များ သိသာစွာကျဆင်းလျက်ရှိပြီး ညအပူချိန်များနှင့် တူညီလုနီးပါးဖြစ်ပေါ်ခဲ့ကာ ၂၄ နာရီ အပူချိန်များအရ ဇန်နဝါရီ ၁ ရက်တွင် ၂၀ ဒီဂရီစင်တီဂရိတ်၊ ဇန်နဝါရီ ၂ ရက်တွင် ၁၉ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့် ဇန်နဝါရီ ၃ ရက်တွင် ၁၇ ဒသမ ၈ ဒီဂရီစင်တီဂရိတ်တို့ အနိမ့်ဆုံးအပူချိန်များ ဖြစ်ပေါ်ခဲ့သည်။

မတ္တရာမြို့မှ ပဲစိုက်တောင်သူ ဦးသိန်းဝင်းကလည်း "ဒီမိုးကြောင့် အတောင့်အရွယ်ရောက်နေတဲ့ပဲလွန်းဖြူတွေ မိုးမှန်သွားလို့ အနီကြောင်းတွေ ဖြစ်ကုန်ပြီး အထွက်နှုန်းလည်း လျော့သွားတယ်၊ ဒါ့အပြင် အပင်မှာ ခြောက်သွေ့နေတဲ့ မတ်ပဲတွေကလည်း မှိုသမ်းသွားတဲ့အတွက် အထွက်နှုန်းနဲ့ အရည်အသွေးတွေ လျော့သွားနိုင်တယ်"ဟု ပြောသည်။

အဆိုပါ တိုင်းဒေသကြီးအတွင်း ဇန်နဝါရီ ၃ ရက် မိုးရေချိန်တိုင်းထွာချက်များအရ ပုသိမ်ကြီးမြို့နယ်၌ ၁ ဒသမ ၂ လက်မ၊ ပြင်ဦး၌ ၁ ဒသမ ၃၄ လက်မ၊ မတ္တရာမြို့နယ်၌ ၁ ဒသမ ၄၂ လက်မ၊ မိုးကုတ်မြို့၌ ၁ ဒသမ ၁၈ လက်မနှင့် မြင်းခြံမြို့နယ်၌ ၁ ဒသမ ၃၃ လက်မအထိ ရွာသွန်းခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**





## တာမွေမြို့နယ်အတွင်း ရှုပ်ထွေးဆားဗစ်ကြိုး ရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့် မြို့တော်ပုံရိပ် ကောင်းမွန်စေရေးအတွက် ၄၀၀ ဗို့ ဓာတ်အားလိုင်းများတွင် ဆားဗစ်ကြိုးအရေအတွက်များပြားစွာ တပ်ဆင်ထားမှုအား ရှင်းလင်းခြင်းလုပ်ငန်းကို ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် မာလာနွယ်လမ်း၌ ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းခွင်သို့ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်လတ်၊ ဒါရိုက်တာအဖွဲ့ဝင်(၁) ဦးထွန်းထွန်းဆွေနှင့် တာဝန်ရှိသူများ၊ မာလာနွယ်လမ်းသာယာရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသန့်နှင့် အဖွဲ့ဝင်များက လာရောက်အားပေးကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ရှုပ်ထွေးဆားဗစ်ရှင်းလင်းရေးလုပ်ငန်းကို ရန်ကုန်အရှေ့ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာနှင့် ခရိုင်လျှပ်စစ်အင်ဂျင်နီယာတို့ ဦးစီး၍ မြို့နယ်များမှ ဝန်ထမ်းအင်အား ၇၀ ဖြင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း တိုင် ၁၂ တိုင်၊ တိုက် ၁၉ တိုက်၊ အခန်း ၂၀၀ မှ ရှုပ်ထွေးပြီး ယာဉ်အသွားအလာများအတွက်ပါ အန္တရာယ်ရှိသည့် လျှပ်စစ်ဆားဗစ်ကြိုးများအား စနစ်တကျ ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

### ✳ ကျောဖုံးမှ

နောက်တစ်ချက်က သူတို့ရဲ့နေရင်းဒေသတွေ ပျောက်ဆုံးကုန်တယ်၊ ဆောင်းခိုတဲ့ နေရင်းဒေသတွေကို ရောက်ပြန်ရင်လည်း လူတွေက ဖမ်းဆီးသတ်ဖြတ်ပြီး စားကြတယ်၊ အဲဒီလိုစားတဲ့နှုန်းက အလွန်များတဲ့အခါကျတော့ ဒီ နှစ်နှစ်၊ သုံးနှစ်အတွင်းမှာ လုံးဝကို ကျဆင်းသွားတာ ဖြစ်ပါတယ်"ဟု ပြောသည်။

အကောင်ရေ လျင်မြန်စွာကျဆင်းလာသော စာဝါကျားငှက်မျိုးစိတ်ကို မြန်မာနိုင်ငံတွင်လည်း မျိုးမသုဉ်းစေရန် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် အရေးတကြီးလိုအပ်နေသည်။

သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)သည် ရှားပါးသားငှက် တိရစ္ဆာန်များကို ထိန်းသိမ်းရေးသုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး စာဝါကျားငှက် မျိုးစိတ်ကိုလည်း ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများ၊ ဒေသခံများ ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်လာစေရန် ပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**

## ကုမ္ပဏီ ရှစ်ခုမှ ထုတ်လုပ်သော မြေဩဇာ ခုနစ်မျိုးနှင့် တင်သွင်းမြေဩဇာ တစ်မျိုး ပေါင်း ရှစ်မျိုးအား မှတ်ပုံတင်ပယ်ဖျက်

**နေပြည်တော် ဇန်နဝါရီ ၃**

အရည်အသွေးမြင့်မားရေး၊ သီးနှံအထွက်နှုန်း တိုးတက်စေရေးတို့အတွက် စိုက်ပျိုးထုတ်လုပ်သူများက မြေဩဇာအမျိုးမျိုးကို နည်းလမ်းမျိုးစုံဖြင့် သုံးစွဲနေကြောင်း၊ စံချိန်စံညွှန်းနှင့် ကိုက်ညီပြီး အရည်အသွေး ပြည့်ဝမှုရှိသည့် မြေဩဇာများကို သုံးစွဲမှသာ တောင်သူများ ထုတ်လုပ်မှုကုန်ကျစရိတ်အပေါ် ဝင်ငွေအမြတ်အစွန်း ပိုမိုရရှိမည်ဖြစ်ကြောင်း၊ အရည်အသွေးပြည့်ဝပြီး စံချိန်စံညွှန်းနှင့် ကိုက်ညီသော မြေဩဇာ၊ ပိုးသတ်ဆေး၊ မျိုးစေ့များကိုသာ တောင်သူများ ဝယ်ယူသုံးစွဲနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့၊ မြေဩဇာနှင့် ပိုးသတ်ဆေးဆိုင်ရာ စစ်ဆေးရေးအဖွဲ့များက ဖွဲ့စည်းပေးထားပြီး အတုအပနှင့် အရည်အသွေး မပြည့်မီသော မြေဩဇာများကို ဈေးကွက်မှ ပပျောက်သွားအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တင်သွင်း၊ ထုတ်လုပ်သူများအနေဖြင့်လည်း လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းများနှင့် အညီ စနစ်တကျဆောင်ရွက်ရန် လိုအပ်ကြောင်း သိရသည်။

စံချိန်စံညွှန်းနှင့် ကိုက်ညီပြီး အရည်အသွေးပြည့်ဝသော မြေဩဇာများကို တောင်သူများ သုံးစွဲနိုင်စေရန် နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များကို မြေဩဇာဆိုင်ရာ နည်းပညာကော်မတီနှင့် မြေဩဇာကော်မတီတွင် သုံးလ တစ်ကြိမ် အစည်းအဝေးများ ကျင်းပ၍ ဆွေးနွေးဆောင်ရွက်လျက်ရှိပြီး မြေဩဇာကော်မတီမှ ယနေ့ထိ အရည်အသွေး ပြည့်မီသော မှတ်ပုံတင်လက်မှတ် ၃၂၈၁ စောင်ကို စိစစ်ခွင့်ပြုပေးပြီးဖြစ်ကြောင်း ၂၂ ကြိမ်မြောက် မြေဩဇာကော်မတီအစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြောကြားသည်။

အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးများ၏ အချို့မြို့နယ်များတွင် ရွှေနဂါး Top One မြေဩဇာသုံးစွဲ၍ စပါးခင်း အချို့ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့ခြင်းအပေါ် စိစစ်တွေ့ရှိချက်အရ မြေဩဇာဥပဒေပုဒ်မ ၉(က)(ခ)(ဂ)တို့ကို ဖောက်ဖျက်သဖြင့် တောင်သူများ ထိခိုက်နစ်နာမှုမရှိစေရေးနှင့် သတ်မှတ်အရည်အသွေးနှင့် ကိုက်ညီပြည့်မီခြင်းမရှိသော မြေဩဇာများဖြစ်သည့် ရွှေနဂါး Top One စပါးသီးသန့် အသီးအားဆေးမြေဩဇာ(40)Kg (တသ-၁၉၆၃) (N:25%, ဒိုင်အီသိုင်းအမိုင်နို အီသိုင်းအသီးအားဆေးဟော်မုန်း-၁%)နှင့် ရွှေနဂါး Top One စပါးသီးသန့် အသီးအားဆေး မြေဩဇာ (40)Kg (ထလ- ၆၀၃) (N: 45 %, ဒိုင်အီသိုင်း အမိုင်နိုအီသိုင်း အသီးအားဆေး ဟော်မုန်း- ၁%) တို့အား မြေဩဇာ ဥပဒေပုဒ်မ(၂၄)(ဂ) စီမံခန့်ခွဲရေး နည်းလမ်းအရ ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့၍ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချခြင်းကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ တားမြစ်ရန်နှင့် သီးနှံပင်များ ထိခိုက်ပျက်စီးမှုရှိသည့် ဒေသများတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကုမ္ပဏီနှင့် ထိခိုက်ပျက်စီးသော တောင်သူများအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် ဆုံးဖြတ်သည်။ မြေဩဇာမှတ်ပုံတင် သက်တမ်းတိုးဆောင်ရွက်ရန် ရက်ပေါင်း ၉၀ ထက် ကျော်လွန်သည့်တိုင် ဆောင်ရွက်ခြင်းမရှိသော ကုမ္ပဏီ ရှစ်ခုမှ ထုတ်လုပ်မြေဩဇာ ခုနစ်မျိုးနှင့် တင်သွင်းမြေဩဇာ တစ်မျိုး စုစုပေါင်း ရှစ်မျိုးတို့ကို မှတ်ပုံတင်ခွင့်ပြုထားခြင်းမှ ဖျက်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာ**
**အမှတ် ၁ / ၂၀၁၈**
**၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်**
**(၂၀၁၈ ခုနှစ် ၊ ဇန်နဝါရီလ ၄ ရက်)**

နိုင်ငံတော်သမ္မတက အောက်ဖော်ပြပါ ဆရာတော်ကြီးများ၊ ဂန္ထဓုရ ပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့် ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်ပါသည်-

**အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တဥတ္တမဉာဏာဘိဝံသ၊ မိုးကောင်းစာသင်တိုက်၊ ဗိုလ်အောင်ဇေယျရပ်ကွက်၊ ရေဦးမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ဘဒ္ဒန္တအာစိဏ္ဏ၊ မဟာသီဟနာဒကျောင်းတိုက်၊ ဆရာစံရပ်ကွက်၊ တပ်ကုန်းမြို့ နေပြည်တော်

၃။ ဘဒ္ဒန္တသောဘန၊ ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ အိုးဘိုရပ်ကွက်၊ ရေနံချောင်းမြို့ မကွေးတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တပဏ္ဍိတ၊ သဒ္ဓမ္မဂရု(ပုသိမ်)ကျောင်းတိုက်၊ ကုန်တန်းရပ်ကွက်၊ စစ်တွေမြို့ ရခိုင်ပြည်နယ်

၅။ ဘဒ္ဒန္တဝိဇ္ဇောတ၊ ဝိဇ္ဇောတာရုံစာသင်တိုက်၊ အမှတ် ၉-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ဘဒ္ဒန္တသုမေဓာစာရာဘိဝံသ၊ မိုးကောင်းစာသင်တိုက်၊ တာကလေးရပ်ကွက်၊ ဟင်္သာတမြို့ ဧရာဝတီတိုင်းဒေသကြီး

**တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တကုန္ဒာစရိယ၊ တိပိဋကစိန်ရွှေဖူးကျောင်းတိုက်၊ သဃ်န်းကျွန်းကြီးစံပြကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တကေတုမာလာ၊ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့ ကချင်ပြည်နယ်

၂။ ဘဒ္ဒန္တဉာဏဝရ၊ ဝိပဿနာမဟာဂန္ဓာရုံကမ္မဋ္ဌာန်းတိုက်၊ ဝါးချက်ကျေးရွာအုပ်စု၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တဝိစိတ္တသာရ၊ ဓမ္မပါလစာသင်တိုက်၊ အမှတ် ၉-ရပ်ကွက်၊ ကသာမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တနေမိန္ဒ၊ ရွှေအင်းရိပ်သာစာသင်တိုက်၊ ဆရာစံရပ်ကွက်၊ တပ်ကုန်းမြို့ နေပြည်တော်

၅။ ဘဒ္ဒန္တကုန္ဒကာဘိဝံသ၊ ကန်ဦးကျောင်းတိုက်၊ ရွာဘဲရပ်ကွက်၊ ပြည်မြို့ ပဲခူးတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တပဏ္ဍိတသာရ၊ မင်္ဂလာသာစည်ကျောင်းတိုက်၊ အုံမြားစုရပ်ကွက်၊ ချောက်မြို့ မကွေးတိုင်းဒေသကြီး

၇။ ဘဒ္ဒန္တဇောတိပါလ၊ ကိုးဆောင်ကျောင်းတိုက်၊ အမှတ် ၁၀-ရပ်ကွက်၊ မြင်းခြံမြို့ မန္တလေးတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တရာဇိန္ဒာဘိဝံသ၊ ပဒေသာရွှေကျောင်း၊ မြတောင်တိုက်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၉။ ဘဒ္ဒန္တကောဝိဒ၊ သာသနဝေပုလ္လပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ရန်မျိုးအောင်ရပ်ကွက်၊ မိတ္ထီလာမြို့ မန္တလေးတိုင်းဒေသကြီး

၁၀။ ဘဒ္ဒန္တသံဝရ၊ သုခဝတီစာသင်တိုက်၊ သာယာအေးရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တထုတိဝရ၊ မဟာဓမ္မိကာရာမရွှေကျင်တိုက်မကြီး၊ အိုးဘိုရွှေကျင်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၂။ ဘဒ္ဒန္တပဒုမသာရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၃။ ဘဒ္ဒန္တသီလာစာရာဘိဝံသ၊ ဝါးတန်းစာချကျောင်း၊ မိုးကောင်းတိုက်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၄။ ဘဒ္ဒန္တသောမ၊ ဓမ္မသုခကျောင်းတိုက်၊ ကျောင်းတက်လမ်းရပ်ကွက်၊ စစ်တွေမြို့ ရခိုင်ပြည်နယ်

၁၅။ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ် ၇-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆။ ဘဒ္ဒန္တအဂ္ဂသာမိ၊ တိပိဋကာလင်္ကာရစာသင်တိုက်၊ ၁၀ / တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၇။ ဘဒ္ဒန္တကောသိယ၊ ပထမတောင်ကျောင်းကြီးစာသင်တိုက်၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့ ရှမ်းပြည်နယ်

၁၈။ ဘဒ္ဒန္တက္ခေဘာသ၊ စန္ဒာရုံစာသင်တိုက်၊ စက်တော်ရာရပ်ကွက်၊ ပုသိမ်မြို့ ဧရာဝတီတိုင်းဒေသကြီး

၁၉။ ဒေါက်တာ ဘဒ္ဒန္တစိန္တိတာလင်္ကာရ၊ ပစ္ဆိမာရုံစာသင်တိုက်၊ မြို့မ ၉-ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့ ဧရာဝတီတိုင်းဒေသကြီး

**မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တသောဘဏ၊ ရွှေမြင့်မိုရ်ကျောင်းတိုက်၊ အမှတ် ၅- ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်**

၁။ ဒေါက်တာ ဘဒ္ဒန္တဝါယာမာနန္ဒ၊ ရတနာဖြိုးဝေစာသင်တိုက်၊ ကင်းလတ်ကျေးရွာ၊ စဉ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂။ ဒေါက်တာ ဘဒ္ဒန္တဓမ္မသာမိ၊ ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်၊ ဘုရားဖြူရပ်ကွက်၊ တောင်ကြီးမြို့ ရှမ်းပြည်နယ်

**အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တပဏ္ဍာဝံသ၊ မဟာဇောတိကာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဘုန်းစိုးရပ်ကွက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ဘဒ္ဒန္တကောသလ္လာဘိဝံသ၊ သောဘိတာရာမရွှေသမားကျောင်းတိုက်၊ ရွှေသမားရပ်ကွက်၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တဓမ္မာစာရ၊ ဒက္ခိဏာရာမအလယ်ကျောင်းတိုက်၊ စက်ရုံလယ်ပြင်ရပ်ကွက်၊ ကောလင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တသုဇန၊ မြို့ဦးတိုက်သစ်သံလမ်းစာသင်တိုက်၊ အောင်ဇေယျရပ်ကွက်၊ လယ်ဝေးမြို့ နေပြည်တော်

၅။ ဒေါက်တာ ဘဒ္ဒန္တပညိဿရာဘိဝံသ၊ ဓမ္မဒူတတောရသာသနာ့ရိပ်သာကျောင်းတိုက်၊ ၁၀-မိုင်ကုန်း၊ ဘူးလယ်အင်းကျေးရွာ၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တတိက္ခဉာဏ၊ ဗောဓိရိပ်သာကျောင်းတိုက်၊ ရွာမမြောက်ရပ်ကွက်၊ ကြို့ပင်ကောက်မြို့ ပဲခူးတိုင်းဒေသကြီး

၇။ ဘဒ္ဒန္တသာသနာဘိဝံသ၊ မစိုးရိမ်ကျောင်းတိုက်၊ မာဂဓနေယျပဒေသကျောင်း၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တဇနိန္ဒ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၉။ ဘဒ္ဒန္တဉာဏသေဋ္ဌ၊ အောင်မြေရတနာစာသင်တိုက်၊ အမှတ် ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀။ ဘဒ္ဒန္တဝိလာသ၊ ကန်ဦးဇေတဝန်စာသင်တိုက်၊ အမှတ် ၅-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တဓမ္မိကာလင်္ကာရာဘိဝံသ၊ သာမဏေကျော်မဟာဂန္ဓာရုံကျောင်းတိုက်၊ လိပ်ပွတ်ကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၂။ ဘဒ္ဒန္တဉာဏဝံသ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ် ၇-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၃။ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမှတ် ၅-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၄။ ဒေါက်တာ ဘဒ္ဒန္တစန္ဒောဘာသ၊ ကျောက်နီတောရစာသင်တိုက်၊ မိုင်းသောက်ကျေးရွာ၊ ညောင်ရွှေမြို့ ရှမ်းပြည်နယ်

၁၅။ ဘဒ္ဒန္တစန္ဒသိရီဘိဝံသ၊ မြစ်ကွေ့စာသင်တိုက်၊ ဥယျာဉ်မြောက်ရပ်ကွက်၊ ဟင်္သာတမြို့ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံဆရာတော်ကြီး**

၁၆။ ဘဒ္ဒန္တနာရဒါဘိဝံသ၊ အောင်ချမ်းသာကျောင်းတိုက်၊ လော့စ်အိန်ဂျယ်လိစ်မြို့ ကယ်လီဖိုးနီးယားပြည်နယ်၊ အမေရိကန်နိုင်ငံ

**မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်**

၁။ ဒေါက်တာ ဘဒ္ဒန္တသာသန၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ဒေါက်တာ ဘဒ္ဒန္တကဝိဓဇ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တဝိဇ္ဇောဒယ၊ ဃောသိတာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ကညဲ့ရပ်ကွက်၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တကဝိန္ဒ၊ မဟာဝိဇိတာရုံစာသင်တိုက်၊ အောင်ဇမ္ဗူရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

၅။ ဘဒ္ဒန္တကောဝိဒ၊ ရွှေမဉ္ဇူကျောင်းတိုက်၊ ညောင်စာရေးရွာ၊ ရွှေတောင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တဝီရိယ၊ ဗောဓိမဏ္ဍိုင်ကျောင်းတိုက်၊ အမှတ် ၈-ရပ်ကွက်၊ ပခုက္ကူမြို့ မကွေးတိုင်းဒေသကြီး

၇။ ဘဒ္ဒန္တနိမ္မလ၊ ဒီပင်္ကရာကျောင်းတိုက်၊ အောင်ဆန်းရပ်ကွက်၊ နတ်မောက်မြို့ မကွေးတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တဝဏ္ဏိတသရ၊ ဒေါနခြံအုဋ္ဌကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၉။ ဘဒ္ဒန္တပဏ္ဍဝ၊ မင်းမာအုတ်ကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၀။ ဘဒ္ဒန္တကောဝိဒ၊ ပညာဓိကာရုံစာသင်တိုက်၊ အုန်းပင်ခြံကျေးရွာ၊ စဉ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တဉာဏာလောကာလင်္ကာရ၊ ရွှေလဝန်းကျောင်း၊ မဟာမြိုင်ကျောင်းတိုက်၊ မဟာမြိုင် ၁-ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၂။ ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသ၊ ဓမ္မဂါရဝကျောင်း၊ မစိုးရိမ်တိုက်သစ်၊ စိန်ပန်းရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၃။ ဒေါက်တာ ဘဒ္ဒန္တကောဝိဒ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၄။ ဒေါက်တာ ဘဒ္ဒန္တဓမ္မသီလိတာဘိဝံသ၊ ဓမ္မပါလကျောင်း၊ မစိုးရိမ်တိုက်သစ်၊ စိန်ပန်းရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၅။ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ၊ ပဏ္ဍိတာရုံစာသင်တိုက်၊ လှိုင်ရပ်ကွက်၊ မော်လမြိုင်မြို့ မွန်ပြည်နယ်

၁၆။ ဘဒ္ဒန္တပညာဘောဂ၊ ပညာဗိမာန်စာသင်တိုက်၊ ရွာသစ်ကေရပ်ကွက်၊ မြေပုံမြို့ ရခိုင်ပြည်နယ်

၁၇။ ဘဒ္ဒန္တသိရီကဉ္စနာဘိဝံသ၊ မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၈။ ဘဒ္ဒန္တသုစိတ္တသာမိ၊ ပဋ္ဌနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၊ အမှတ် ၁၁-ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၉။ ဘဒ္ဒန္တဝိလာသ၊ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ အမှတ် ၅-ရပ်ကွက်၊ ခရမ်းမြို့ ရန်ကုန်တိုင်းဒေသကြီး

၂၀။ ဘဒ္ဒန္တဝေပုလ္လ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ် ၇-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၁။ ဘဒ္ဒန္တသုဘောဂ၊ ဟော်ခမ်းကျောင်းစာသင်တိုက်၊ အမှတ် ၁-ရပ်ကွက်၊ လဲချားမြို့ ရှမ်းပြည်နယ်

၂၂။ ဘဒ္ဒန္တစက္ကိန္ဒ၊ စံကျောင်းစာသင်တိုက်၊ အမှတ် ၂-ရပ်ကွက်၊ အင်္ဂပူမြို့ ဧရာဝတီတိုင်းဒေသကြီး

၂၃။ ဘဒ္ဒန္တပညာသိရီရတနာဘိဝံသ၊ မြောင်းမြစာသင်တိုက်၊ အမှတ် ၃-ရပ်ကွက်၊ ပုသိမ်မြို့ ဧရာဝတီတိုင်းဒေသကြီး

**သီလရှင်ဆရာကြီး**

၂၄။ ဒေါ်ကညဝတီ၊ သေ့ဝတီသီလရှင်စာသင်တိုက်၊ လယ်တီရပ်ကွက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး

**ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တကောဝိန္ဒ၊ အင်းညီနောင်ကျောင်း၊ ပေါ်ကြူးကုန်းကျေးရွာ၊ ကော့ကရိတ်မြို့နယ်၊ ကရင်ပြည်နယ်

၂။ ဘဒ္ဒန္တကောဝိဒ၊ အရှေ့လေးထပ်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ရုံးကြီးရပ်ကွက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တကုန္ဒဝံသ၊ တောင်ကြီးစာသင်တိုက်၊ တောင်ကြီးစံပြကျေးရွာ၊ ကောလင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တဇနိန္ဒ၊ တိုက်ဝါကြီးကျောင်းတိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ဘဒ္ဒန္တဉာဏိဿရ၊ ဇေယျဝတီကျောင်းတိုက်၊ ပိန္နဲတောရပ်ကွက်၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တသုဇန၊ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက်၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်

၇။ ဘဒ္ဒန္တကုန္ဒက၊ ဝါဆိုဦးစာသင်တိုက်၊ ရွာမရပ်ကွက်၊ အုတ်ဖိုမြို့ ပဲခူးတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တသြဿဓ၊ မဟာသုဒဿနာရာမကျောင်းတိုက်၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့ ပဲခူးတိုင်းဒေသကြီး

၉။ ဘဒ္ဒန္တသေဋ္ဌိလဇောတိ၊ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့ ပဲခူးတိုင်းဒေသကြီး

၁၀။ ဘဒ္ဒန္တဇဝန၊ မဟာဝိဇယာရာမပါဠိတက္ကသိုလ်(အရှေ့တိုက်)၊ အမှတ် ၁-ရပ်ကွက်၊ ပခုက္ကူမြို့ မကွေးတိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တသုစိတ္တ၊ ကန်တော်မင်းစာသင်တိုက်၊ မောင်းတိုင် ၁-ရပ်ကွက်၊ တောင်တွင်းကြီးမြို့ မကွေးတိုင်းဒေသကြီး

၁၂။ ဘဒ္ဒန္တနာယက၊ မဟာဓမ္မိကာရာမစာသင်တိုက်၊ မြို့မအိုးဘိုရပ်ကွက်၊ မကွေးမြို့ မကွေးတိုင်းဒေသကြီး

၁၃။ ဘဒ္ဒန္တတေဇနိယဓမ္မ၊ ချမ်းသာကြီးတောင်တိုက်၊ သီရိမာလာအနောက်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၄။ ဘဒ္ဒန္တဥက္ကဋ္ဌ၊ ညောင်ကန်ကျောင်းတိုက်၊ ချမ်း / တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၅။ ဘဒ္ဒန္တဉာဏိဿရ၊ မင်းကုန်းမဟာစာသင်တိုက်၊ ကံဦးရပ်ကွက်၊ ကျောက်ဆည်မြို့ မန္တလေးတိုင်းဒေသကြီး

၁၆။ ဘဒ္ဒန္တဝါသဝ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၇။ ဘဒ္ဒန္တပညာသာမီဘိဝံသ၊ တိုင်းကြည်ဘိဝံသကျောင်း၊ မြတောင်တိုက်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၈။ ဘဒ္ဒန္တစန္ဒ၊ ရတနာဒေဝသာရုံခြသေ့်ကျောင်းတိုက်၊ ကမာဝက်မြို့ မုဒုံမြို့နယ်၊ မွန်ပြည်နယ်

၁၉။ ဘဒ္ဒန္တဓမ္မိက၊ တောင်ရွှေရွာကျောင်းတိုက်၊ ကုန်တန်းရပ်ကွက်၊ စစ်တွေမြို့ ရခိုင်ပြည်နယ်

၂၀။ ဘဒ္ဒန္တဇာနေယျ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ် ၇-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၁။ ဘဒ္ဒန္တပဏ္ဍိတ၊ ကျောက်ပန်းတောင်းကျောင်းစာသင်တိုက်၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၂။ ဒေါက်တာ ဘဒ္ဒန္တပါရမီ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမှတ် ၅-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၃။ ဘဒ္ဒန္တဝဏ္ဏိဿရသိရီ၊ အောင်မြေရတနာစာသင်တိုက်၊ အမှတ် ၅၀-ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၄။ ဘဒ္ဒန္တကဿပ၊ ဓမ္မာစရိယကျောင်းတိုက်၊ အမှတ် ၁-ရပ်ကွက်၊ ကျိုင်းတုံမြို့ ရှမ်းပြည်နယ်

၂၅။ ဘဒ္ဒန္တပညာဇောတ၊ ရန်အောင်မြင်စာသင်တိုက်၊ အမှတ် ၁-ရပ်ကွက်၊ လားရှိုးမြို့ ရှမ်းပြည်နယ်

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

၂၆။ ဘဒ္ဒန္တနန္ဒိယ၊ ကွင်းကျောင်းစာသင်တိုက်၊ အိမ်မဲကြီးရပ်ကွက်၊ အိမ်မဲမြို့ ဧရာဝတီတိုင်းဒေသကြီး

၂၇။ ဘဒ္ဒန္တကောမလ၊ ဓမ္မဝိနယပဌမပြန်တိုက်သစ်စာသင်တိုက်၊ အမှတ် ၉-ရပ်ကွက်၊ ဖျာပုံမြို့ ဧရာဝတီတိုင်းဒေသကြီး

**သီလရှင်ဆရာကြီးများ**

၂၈။ ဒေါ်ဓမ္မသိင်္ဂီ၊ ကျီးသဲလေးထပ်ဗိုလ်ရုံသီလရှင်စာသင်တိုက်၊ ကြာနီကန်ရပ်ကွက်၊ ရွှေတောင်မြို့ ပဲခူးတိုင်းဒေသကြီး

၂၉။ ဒေါ်မာလာသိင်္ဂီ၊ ဗောဓိမဏ္ဍိုင်သီလရှင်စာသင်တိုက်၊ မဟာနွယ်စဉ်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃၀။ ဒေါ်ဝဏ္ဏာသိင်္ဂီ၊ ကျိုက္ကဆံသီလရှင်စာသင်တိုက်၊ ဆ / က ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တစိတြဉာဏ၊ အင်ဘက်တောကျောင်းတိုက်၊ အင်ဘက်တောကျေးရွာ၊ ကံမမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၂။ ဘဒ္ဒန္တစန္ဒဝံသ၊ ဒီပင်္ကရာပရိယတ္တိစာသင်တိုက်၊ အောင်ဆန်းရပ်ကွက်၊ နတ်မောက်မြို့ မကွေးတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တအာစိဏ္ဏ၊ ဖားအောက်တောရဗုဒ္ဓသာသနာ့ရိပ်သာကျောင်းတိုက်၊ ကျောက်ဖျာဒိုးကျေးရွာ၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တကုန္ဒောဘာသ၊ နိဂြောဓာရာမ(ညောင်ပင်)ကျောင်းတိုက်၊ ရွာလွတ်ကျေးရွာ၊ ချောင်းဆုံမြို့နယ်၊ မွန်ပြည်နယ်

၅။ ဘဒ္ဒန္တဃောသိတာရမ္ဘ၊ မြို့မမြောက်ကျောင်း၊ တက္ကသိုလ်သာသနာ့အလင်းရောင်ကျောင်းတိုက်၊ ဂါတ္တန်းလမ်း၊ မင်းပြားမြို့ ရခိုင်ပြည်နယ်

၆။ ဘဒ္ဒန္တနန္ဒာစရိယ၊ ဒက္ခိဏာရုံကျောင်းတိုက်၊ အောင်ချမ်းသာရပ်ကွက်၊ နမ့်ခမ်းမြို့ ရှမ်းပြည်နယ်

**အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တကုဿရိယ၊ မြိုင်သဇင်ကျောင်းတိုက်၊ (၂)ရပ်ကွက်၊ ဘားအံမြို့ ကရင်ပြည်နယ်

၂။ ဘဒ္ဒန္တကုသလ၊ ကိုးနဝင်းဘုရားကျောင်း၊ (၄)ရပ်ကွက်၊ ကမမောင်းမြို့ ကရင်ပြည်နယ်

၃။ ဘဒ္ဒန္တဉာဏိက၊ လုံပီးသာသနာ့ရက္ခိတပရိယတ္တိစာသင်တိုက်၊ တလန်လိုရပ်ကွက်၊ ဖလမ်းမြို့ ချင်းပြည်နယ်

၄။ ဘဒ္ဒန္တကုသလ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ (၇)ရပ်ကွက်၊ ရွှေဘိုမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ဘဒ္ဒန္တအဂ္ဂဓမ္မ၊ သိရီဓဇကျောင်းတိုက်၊ မင်းကွန်းတောင်ရိုး၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တသုနန္ဒ၊ ပုဗ္ဗာရုံကျောင်းတိုက်၊ ကသစ်ကုန်းကျေးရွာ၊ မြောင်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၇။ ဘဒ္ဒန္တဝိမလဗုဒ္ဓိ၊ ပါဠိတက္ကသိုလ်မင်္ဂလာဗေယျံပရိယတ္တိစာသင်တိုက်၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်

၈။ ဘဒ္ဒန္တမုနိန္ဒာဘိဝံသ၊ ဝင်းနိမ္မိတာရုံကျောင်းတိုက်၊ ကလျာဏီရပ်ကွက်၊ ပဲခူးမြို့ ပဲခူးတိုင်းဒေသကြီး

၉။ ဘဒ္ဒန္တဝိသုဒ္ဓါနန္ဒ၊ သုခါရာမကျောင်းတိုက်၊ ရွာဘဲရပ်ကွက်၊ ပြည်မြို့ ပဲခူးတိုင်းဒေသကြီး

၁၀။ ဘဒ္ဒန္တကုဏ္ဍလ၊ ဓမ္မဝါစကကျောင်း၊ မဟာဓမ္မိကာရာမတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တသုန္ဒရ၊ ကျောင်းကြီးကျောင်းတိုက်၊ ရေနံ့သာကျေးရွာ၊ မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၂။ ဘဒ္ဒန္တသြဘာသ၊ သုဒ္ဓဝိပဿနာကျောင်းတိုက်၊ ဘူတာရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့ မန္တလေးတိုင်းဒေသကြီး

၁၃။ ဘဒ္ဒန္တကဥ္စန၊ ရှစ်မျက်နှာပရိယတ္တိစာသင်တိုက်၊ မလှိုင်မြို့ မန္တလေးတိုင်းဒေသကြီး

၁၄။ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ၊ ဓမ္မသမိဒ္ဓိကျောင်း၊ မစိုးရိမ်တိုက်သစ်၊ စိန်ပန်းရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၅။ ဘဒ္ဒန္တအရိယဝံသ၊ သူငယ်တော်တောရကျောင်းတိုက်၊ သူငယ်တော်ကျေးရွာ၊ တံတားဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၆။ ဘဒ္ဒန္တတိဿ၊ မင်္ဂလာကျောင်းတိုက်၊ တောင်သူစုရပ်ကွက်၊ ကျိုက်ထိုမြို့ မွန်ပြည်နယ်

၁၇။ ဘဒ္ဒန္တစန္ဒောဘာသ၊ ဇောတိကာရုံပရိယတ္တိစာသင်တိုက်၊ လှိုင်ရပ်ကွက်၊ မော်လမြိုင်မြို့ မွန်ပြည်နယ်

၁၈။ ဘဒ္ဒန္တဝဏ္ဏသာမိ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မောင်နှမကျေးရွာ၊ မြောက်ဦးမြို့နယ်၊ ရခိုင်ပြည်နယ်

၁၉။ ဘဒ္ဒန္တစက္ကိန္ဒ၊ ယပ်လုံကျောင်းပရိယတ္တိစာသင်တိုက်၊ ဘုန်းကြီးကျောင်းလမ်း၊ အနောက်ပိုင်းရပ်ကွက်၊ ကျောက်ဖြူမြို့ ရခိုင်ပြည်နယ်

၂၀။ ဘဒ္ဒန္တဝိဇယ၊ ညောင်ပင်ကွင်းမြောက်ကျောင်း၊ ညောင်ပင်ကွင်းကျေးရွာ၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၁။ ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၂။ ဘဒ္ဒန္တဂုဏိကာဘိဝံသ၊ ကံသုံးဆင့်ပရိယတ္တိစာသင်တိုက်၊ (၁ / က)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၃။ ဒေါက်တာ ဘဒ္ဒန္တကုမာရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၄။ ဘဒ္ဒန္တခေမိန္ဒ၊ ဣစ္ဆာသယ ရန်ကင်းကျောင်းတိုက်၊ အောင်မြေကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၅။ ဘဒ္ဒန္တသုဇာတာဘိဝံသ၊ အောင်ဆန်းတောရပရိယတ္တိစာသင်တိုက်၊ ရွှေဘုန်းရှိန်လမ်း၊ (၆ / ၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၆။ ဘဒ္ဒန္တနာဂိတ၊ ရွှေပြည်သာပရိယတ္တိစာသင်တိုက်၊ သံလွင်လမ်း၊ (၆ / ၁၀) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၇။ ဘဒ္ဒန္တခေမိန္ဒ၊ ခင်မကန်ကျောင်းတိုက်၊ (၅၄)ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၈။ ဘဒ္ဒန္တဂုဏဝံသာလင်္ကာရ၊ စူဠာမုနိပရိယတ္တိစာသင်တိုက်၊ ရွှေသူဌေးကုန်းရပ်၊ ကျောင်းကြီးစုရပ်ကွက်၊ နယ်မြေ(၈)၊ တောင်ကြီးမြို့ ရှမ်းပြည်နယ်

၂၉။ ဘဒ္ဒန္တပဏ္ဍိတ၊ မဟာမုနိဗဟိုသာသနာပြုကျောင်းတိုက်၊ လောက်ကိုင်မြို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်

၃၀။ ဘဒ္ဒန္တသောဘဏ၊ ရွှေကျောင်းတိုက်၊ မန်ကျည်းပင်ကျေးရွာ၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၃၁။ ဘဒ္ဒန္တဝေပုလ္လ၊ မဟာပုညာရာမထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက်၊ (၁) ရပ်ကွက်၊ ဖျာပုံမြို့ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၃၂။ Ven.JISUN, Baekyangsa Temple, Baekyang-ro 1239, Bukha-myeon, Jangseong-gun, Jeonnam, Republic of Korea

၃၃။ Dr.Ven.Xuecheng၊ ကွမ်းဟွာဘုရားကျောင်း၊ ပူထျန်မြို့ ဖူကျန့်ပြည်နယ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

၃၄။ ဘဒ္ဒန္တဖရာ့ရဏံဂမုနီဝုန်ဇောတိဝရော၊ ဝပ်စုဝဏ္ဏာဂီရိဝိဟာန်ဖရာ့အာရာမ်လဝမ်ကျောင်းတိုက်၊ ရနောင်းမြို့ ထိုင်းနိုင်ငံ

၃၅။ ဒေါက်တာ ဘဒ္ဒန္တသြသဓေသာရ၊ သီတဂူဓမ္မဝိဟာရကျောင်းတိုက်၊ ချီကာဂိုမြို့ မီနီဆိုးတားပြည်နယ်၊ အမေရိကန်နိုင်ငံ

၃၆။ ဒေါက်တာ ဘဒ္ဒန္တစန္ဒာသိရီ၊ သီတဂူသံဃဝိဟာရကျောင်းတိုက်၊ ဝက်စ်ပန်းဘိချ်မြို့ ဖလော်ရီဒါပြည်နယ်၊ အမေရိကန်နိုင်ငံ

**မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တကေသရိန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဒိုက်ဖားကျေးရွာ၊ တနိုင်းမြို့နယ်၊ ကချင်ပြည်နယ်

၂။ ဘဒ္ဒန္တသြသဓဉာဏ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဒေါ်ဘူးကူးကျေးရွာ၊ ဒီးမော့ဆိုမြို့နယ်၊ ကယားပြည်နယ်

၃။ ဘဒ္ဒန္တသောဘဏ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ စံပြရပ်ကွက်၊ မင်းတပ်မြို့ ချင်းပြည်နယ်

၄။ ဘဒ္ဒန္တဝါသေဋ္ဌ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ မြို့မရပ်ကွက်၊ တီးတိန်မြို့ ချင်းပြည်နယ်

၅။ ဘဒ္ဒန္တအာစိဏ္ဏ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ ဘုတ်ကန်ကျေးရွာ၊ တမူးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တသုန္ဒရ၊ တက္ကသိုလ်မုခ်ဦးထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ကိုးမိုင်ကျေးရွာ၊ ကလေးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၇။ ဘဒ္ဒန္တဇဝနတိက္ခ၊ အင်္ဂမော်ကျောင်းတိုက်၊ အင်္ဂမော်စံပြကျေးရွာ၊ မြိတ်မြို့ယ်၊ တနင်္သာရီတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တပညာဝံသ၊ ညောင်ဇင်ကျောင်းသစ်ကျောင်းတိုက်၊ ညောင်ဇင်စံပြကျေးရွာ၊ သရက်ချောင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

၉။ ဘဒ္ဒန္တသဒ္ဓမ္မောဒယ၊ ဘိုကြီးကုန်းကျောင်းတိုက်၊ ဘိုကြီးကုန်းကျေးရွာ၊ သာယာဝတီမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၁၀။ ဘဒ္ဒန္တယုဇန၊ ဒီပင်္ကရာပရိယတ္တိစာသင်တိုက်၊ အောင်ဆန်းရပ်ကွက်၊ နတ်မောက်မြို့ မကွေးတိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တသာသန၊ အဘယသုတာရာမစာသင်တိုက်၊ ဖက်တန်းရပ်ကွက်၊ မော်လမြိုင်မြို့ မွန်ပြည်နယ်

၁၂။ ဘဒ္ဒန္တသောဘန၊ ကသစ်တောကျောင်းတိုက်၊ ကသစ်တောကျေးရွာ၊ ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ်

၁၃။ ဘဒ္ဒန္တဝိဇ္ဇောဘာသ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ခထီးလှကျေးရွာ၊ ဘူးသီးတောင်မြို့နယ်၊ ရခိုင်ပြည်နယ်

၁၄။ ဘဒ္ဒန္တပဏ္ဍိတ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ စံပါယ်လှကျေးရွာ၊ ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ်

၁၅။ ဘဒ္ဒန္တစန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ စည်ပင်သာယာကျေးရွာ၊ ဘူးသီးတောင်မြို့နယ်၊ ရခိုင်ပြည်နယ်

၁၆။ ဘဒ္ဒန္တပညာဓဇ၊ သာယာကုန်းပြာသာဒ်ကျောင်းတိုက်၊ နေကြာလမ်း၊ (၂) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၇။ ဘဒ္ဒန္တဇနက၊ အောင်မြေစံဗိမာန်ကျောင်း၊ ဦးဘိုးသိမ်းလမ်း၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၈။ ဒေါက်တာ ဘဒ္ဒန္တဝဏ္ဏိတသိရ၊ ရွှေမေတ္တာမဟာစည်သာသနာ့ရိပ်သာ၊ ရွာသာကြီးရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၉။ ဘဒ္ဒန္တပညာသာရ၊ ဇေတဝန်ကျောင်းတိုက်၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၀။ ဘဒ္ဒန္တသောဘိတ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ လကျီနွဲ့ကျေးရွာ၊ ဖယ်ခုံမြို့နယ်၊ ရှမ်းပြည်နယ်

၂၁။ ဘဒ္ဒန္တစန္ဒိမာ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ရွှေတောင်ကျေးရွာ၊ မိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်

၂၂။ ဘဒ္ဒန္တပညာစာရ၊ ပုံလို့တောရကျောင်းတိုက်၊ ဝမ်လုံးရပ်ကွက်၊ တာချီလိတ်မြို့ ရှမ်းပြည်နယ်

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၂၃။ ဘဒ္ဒန္တဝိသုဒ္ဓိဉာဏ၊ ဗောဓိပရိယတ္တိစာသင်တိုက်၊ ပန်ပုံရပ်ကွက်၊ ရွှေလီမြို့ ယူနန်ပြည်နယ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

၂၄။ ဒေါက်တာ ဘဒ္ဒန္တအစ္စရိယ၊ မြန်မာထေရဝါဒဗုဒ္ဓစင်တာကျောင်း၊ ဘာလာရှီးဟာရပ်ကွက်၊ မော်စကိုမြို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ

**လူပုဂ္ဂိုလ်**

၂၅။ ဦးကျော်ဝေ၊ အမှတ်(၃)၊ လမ်း(၃၀)၊ ၇၀×၇၁ လမ်းကြား၊ ရွှေပြည်မန္တလာဝင်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

**သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တသုဇာတ၊ သုဇနာရာမကျောင်းတိုက်၊ ထီးချိုင့်ကျေးရွာ၊ မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ်

၂။ ဘဒ္ဒန္တဉာဏ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ လုံရှာယာန်ကျေးရွာ၊ ပူတာအိုမြို့နယ်၊ ကချင်ပြည်နယ်

၃။ ဘဒ္ဒန္တသီဟနန္ဒ၊ ရွှေကျောင်းပရိယတ္တိစာသင်တိုက်၊ ရှမ်းစုရပ်ကွက်၊ လွိုင်ကော်မြို့ ကယားပြည်နယ်

၄။ ဘဒ္ဒန္တအကုံရ၊ တောင်ဝိုင်းကျောင်းတိုက်၊ (၄)ရပ်ကွက်၊ ဘုရားသုံးဆူမြို့ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကရင်ပြည်နယ်

၅။ ဘဒ္ဒန္တပဝရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဇိုခွားကျေးရွာ၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်

၆။ ဘဒ္ဒန္တကုသလ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဝမ္မသူးကျေးရွာ၊ မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်

၇။ ဘဒ္ဒန္တကဝိန္ဒ၊ မင်္ဂလာအောင်မြေပရိယတ္တိစာသင်တိုက်၊ ရွှေမင်းဝံရပ်ကွက်၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တနန္ဒောဘာသ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ လုံခင်ကျေးရွာ၊ လဟယ်မြို့နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး

၉။ ဘဒ္ဒန္တကုန္ဒဉာဏ၊ မြို့မယဉ်ငေးသာသနာ့ရိပ်သာ၊ ကျောက်မော်ရပ်ကွက်၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး

၁၀။ ဘဒ္ဒန္တကုသလဇောတိ၊ ငြိမ်းချမ်းအောင်ကျောင်းတိုက်၊ ဆလုံကျေးရွာ၊ ဂျလန်းကျွန်း၊ ကော့သောင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တဝိမလ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ နတ်အိမ်တောင်ကျေးရွာ၊ ပုလောမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

၁၂။ ဘဒ္ဒန္တမေဏ္ဍက၊ တောင်ပို့ကိုးလုံးကျောင်းတိုက်၊ တောင်ပို့ကိုးလုံးကျေးရွာ၊ ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၁၃။ ဘဒ္ဒန္တဝါယာမ၊ မဟာဗောဓိအောင်မြေကျောင်းတိုက်၊ ညောင်ကျစ်ပင်ကျေးရွာ၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၄။ ဘဒ္ဒန္တဥတ္တမသာရ၊ မနောသုခကာရီအုဋ္ဌကျောင်း၊ ကင်းဝန်မင်းကြီးကျောင်းတိုက်၊ ဒေးဝန်းရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၅။ ဘဒ္ဒန္တခေမိန္ဒ၊ ရွှေဂူကျောင်းတိုက်၊ ၅ ရပ်ကွက်၊ ညောင်ဦးမြို့ မန္တလေးတိုင်းဒေသကြီး

၁၆။ ဒေါက်တာဘဒ္ဒန္တပဏ္ဍိတ၊ အောင်ဗောဓိမဏ္ဍိုင်ကျောင်းတိုက်၊ ကေသဝတီရပ်ကွက်၊ တောင်စွန်းကျေးရွာ၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်

၁၇။ ဘဒ္ဒန္တသောဘနသာရ၊ သာသနာ့ရောင်ခြည်ကျောင်း၊ စက်မှုဇုန်နယ်မြေ (၂) လမ်း၊ ညောင်ပင်ဆိပ်ရပ်ကွက်၊ မော်လမြိုင်မြို့ မွန်ပြည်နယ်

၁၈။ ဘဒ္ဒန္တစာရိန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဝါးနက်ရုံကျေးရွာ၊ ဘူးသီးတောင်မြို့နယ်၊ ရခိုင်ပြည်နယ်

၁၉။ ဘဒ္ဒန္တစရဏ၊ နံ့သာတောင်ဘုန်းတော်ကြီးကျောင်းတိုက်၊ တောင်ပြိုလက်ဝဲမြို့ မောင်တောမြို့နယ်၊ ရခိုင်ပြည်နယ်

၂၀။ ဘဒ္ဒန္တဥတ္တမ၊ စံကျောက်ကျင်ရွာ တရုတ်ဘုန်းတော်ကြီးကျောင်းတိုက်၊ ဓမ္မာရုံလမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၁။ ဘဒ္ဒန္တကောလိယ၊ မဟာမြတ်မုနိဘုရားကြီးကျောင်းတိုက်၊ ရပ်ကွက် ၄ ၊ တန့်ယန်းမြို့ ရှမ်းပြည်နယ်

၂၂။ ဘဒ္ဒန္တသံဝရ၊ ပန်ကောက်သာသနာပြုကျောင်းတိုက်၊ ဟိုပန်မြို့ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ရှမ်းပြည်နယ်

၂၃။ ဘဒ္ဒန္တဝိသုတာဘိဝံသ၊ မဟာမဂ္ဂင်ကျောင်းတိုက်၊ ဝါးတောကျေးရွာ၊ ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၂၄။ ဒေါက်တာ ဘဒ္ဒန္တဉာဏာလင်္ကာရ၊ ဓမ္မဗိမာန်ကျောင်းတိုက်၊ ပန်းဘဲတန်းရပ်ကွက်၊ ဟင်္သာတမြို့ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံဆရာတော်ကြီး**

၂၅။ ဘဒ္ဒန္တနန္ဒမာလာလင်္ကာရ၊ မြန်မာထေရဝါဒဗုဒ္ဓစင်တာကျောင်း၊ ဘာလာရှီးဟာရပ်ကွက်၊ မော်စကိုမြို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ

**သီလရှင်ဆရာကြီးများ**

၂၆။ ဒေါ်သီရိစန္ဒာ၊ ထေရဝါဒဗုဒ္ဓသာသနာပြုသန္တိသုခသီလရှင်ကျောင်းတိုက်၊ ထွယ်ဆန်ယာန်ရပ်ကွက်၊ ကာမိုင်းမြို့ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်

၂၇။ ဒေါ်သုစန္ဒာ၊ ထေရဝါဒဗုဒ္ဓသာသနာပြုသုခိတာရုံ သီလရှင်စာသင်တိုက်၊ ပြည်တော်သာရပ်ကွက်၊ ဟားခါးမြို့ ချင်းပြည်နယ်

၂၈။ ဒေါ်ပညာသိင်္ဂီ၊ ထေရဝါဒဗုဒ္ဓသာသနာပြုသီလရှင်ကျောင်း၊ တာလံရပ်ကွက်၊ လဟယ်မြို့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၉။ ဒေါ်ဝိမလစာရီ၊ ဓမ္မဥသျှောင်သီလရှင်စာသင်တိုက်၊ မြိုင်သာယာ(၁)ရပ်ကွက်၊ ကျောက်တန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံသီလရှင်ဆရာကြီး**

၃၀။ Hye Song Snim, Baekryun-Am, Jikji-Sa-Gil 95, Daehang-Myun, Gimcheon-Si, Gyung Buk, Seoul, Republic of Korea

**လူပုဂ္ဂိုလ်**

၃၁။ ဦးခင်မောင်ဆွေ၊ ဝါးတန်းကျေးရွာ၊ အရာတော်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

*(ဆက်လက်ဖော်ပြပါမည်)*

# မြန်မာနိုင်ငံအနေနဲ့ ပထမဆုံးအကြိမ် သွားရောက်ယှဉ်ပြိုင်ပြီးနောက် အခြားနိုင်ငံတွေကြားမှာ မြန်မာနိုင်ငံက လုပ်နိုင်စွမ်းရှိတယ်ဆိုတာ ပြသခွင့်ရလို့ ကျေနပ်ပီတိဖြစ်မိတယ်

ကိုရီးယားသမ္မတနိုင်ငံတွင် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၁၆ ရက်မှ စက်တင်ဘာလ ၁၄ ရက်အထိ ကျင်းပခဲ့သည့် **World Skills Korea** ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် မန္တလေးကွန်ပျူတာတက္ကသိုလ်မှ မောင်နေဦးကျော်ကို ယခုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့သည်။



မန္တလေး ကွန်ပျူတာ တက္ကသိုလ်မှ မောင်နေဦးကျော်



မောင်နေဦးကျော် **Country Report** မြန်မာနိုင်ငံအကြောင်း **Presentation** လုပ်နေစဉ်။

**“ဒီပြိုင်ပွဲမှာ ကျွန်တော်မဟုတ်ဘဲ မြန်မာနိုင်ငံကိုယ်စားပြု အခြားတစ်ယောက်ဆိုရင်လည်း ကျွန်တော့်လို ဆောင်ရွက်နိုင်စွမ်းရှိမယ်လို့ ထင်တယ်။ မြန်မာနိုင်ငံဟာ စွမ်းဆောင်နိုင်တဲ့ အရည်အချင်းရှိတယ်။ မြန်မာနိုင်ငံကလူတွေ မညံ့ပါဘူး။ အခြားနိုင်ငံတွေနဲ့ တန်းတူ လုပ်နိုင်စွမ်းရှိကြတယ်”**

**မေး။ ။ World Skills Korea အကြောင်းနဲ့ ပြိုင်ပွဲဝင်ဖြစ်ပုံကို သိပါရစေ။**

ဖြေ။ ။ World Skills Korea ကတော့ ပရိုဂရမ်တစ်ခုအနေနဲ့ ကိုရီးယားမှာ ကျင်းပတာ ဖြစ်ပါတယ်။ ပြိုင်ပွဲလျှောက်ဖြစ်ပုံက ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)က ပံ့ပိုးပေးတာဖြစ်ပါတယ်။ UCSM (မန္တလေးကွန်ပျူတာတက္ကသိုလ်)၊ UCSY (ရန်ကုန်ကွန်ပျူတာတက္ကသိုလ် )၊ YCC (နည်းပညာတက္ကသိုလ် ရတနာပုံဆိုက်ဘာစီးတီး) တွေကို Local အလိုက်ရွေးချယ်ပြီး ကျောင်းသားတွေကပြိုင်ရတယ်။ အဲဒီမှာ ပြိုင်ပြီးနောက် ရွေးချယ်ခံရတဲ့အတွက် ကျွန်တော်က မြန်မာနိုင်ငံကိုယ်စားပြုအနေနဲ့ ကိုရီးယားနိုင်ငံကို သွားရောက်ခဲ့ရပါတယ်။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၁၆ ရက်မှ စက်တင်ဘာလ ၁၄ ရက်အထိ ကိုရီးယားနိုင်ငံ ဆူဝမ်၊ ဆိုးလ်နဲ့ ဂျယ်ဂျူစတဲ့မြို့တွေမှာ ကွန်ပျူတာသိပ္ပံဘာသာရပ်နဲ့ဆိုင်တဲ့ ပရိုဂရမ်တွေကို သွားရောက်လေ့လာယှဉ်ပြိုင်ခဲ့ရပါတယ်။



**World Skills Korea** ပြိုင်ပွဲတွင် မောင်နေဦးကျော် ပထမဆု လက်ခံရယူစဉ်။

ဒီပြိုင်ပွဲမှာ ကိုရီးယားနိုင်ငံမပါဘဲ မြန်မာ၊ နီပေါ၊ ဗီယက်နမ်၊ လာအို၊ မွန်ဂိုလီးယား၊ အရှေ့တီမောအပြင် လက်တင်အမေရိကမှ နိုင်ငံအချို့တို့လည်း ပါဝင်ပါတယ်။ တချို့နိုင်ငံတွေက နှစ်ယောက်တွဲ၊ သုံးယောက်တွဲပြီး ယှဉ်ပြိုင်ပါတယ်။ မြန်မာနိုင်ငံကတော့ ကျွန်တော်နဲ့ ကျွန်တော့်ဆရာမ သွားရောက်ခဲ့တာပါ။ ကျွန်တော်တို့ကို ညှိသည်အနေနဲ့ ဝင်ပြိုင်ခိုင်းတယ်။ မြန်မာနိုင်ငံကို ပထမဆုံးအကြိမ် ဖိတ်ခေါ်ခံရတာပါ။

Korea National Skills Competition 2017 ပါ။ ပြိုင်ပွဲအမျိုးအစား ၅၀ ကျော်ပါဝင်ပြီး ကွန်ပျူတာသိပ္ပံနဲ့ဆိုင်တဲ့ ဘာသာရပ်တွေကို ယှဉ်ပြိုင်ရပါတယ်။ ပြိုင်ပွဲဝင်နှစ်ထောင်ကျော်ပါဝင်တဲ့အထဲမှာ ကျွန်တော်က Web design and development ဆိုတဲ့ subject မှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာပါ။

**မေး။ ။ ဒီပြိုင်ပွဲမှာ မြန်မာနိုင်ငံကိုယ်စားပြုရရှိခဲ့တဲ့ ဆုအမျိုးအစားနဲ့ ဆုရရှိခဲ့ပုံကို ပြောပြပေးပါ။**

ဖြေ။ ။ ကျွန်တော်ရရှိခဲ့တဲ့ ဆုကတော့ ပထမဆု (Gold Medalist) ဖြစ်ပါတယ်။ ဒုတိယဆုက အရှေ့တီမော၊ တတိယဆုက ဂွာတီမာလာတို့က အသီးသီးရရှိခဲ့ပါတယ်။ ဆုရရှိခဲ့တာကတော့ ကျွန်တော် အများကြီး ကြိုးစားပြီးရခဲ့တာပါ။ လွယ်လွယ်နဲ့တော့ မရခဲ့ပါဘူး။ ကိုရီးယားမှာ ပြိုင်ပွဲမဝင်ခင် သူတို့က Training ပုံစံမျိုးပေးတယ်။ အဲဒီအချိန်မှာ ကျွန်တော် သေချာလေ့လာတယ်၊ အာရုံစူးစိုက်တယ်။ မသွားခင် မြန်မာနိုင်ငံမှာကတည်းကလည်း ကျွန်တော် သေချာလေ့လာသွားတယ်။ Survey တွေ၊ Thesis Papers တွေ လေ့လာထားတယ်။ ပြီးတော့ တကယ်ပြိုင်ရမယ့် Subject ကို သေချာပြန်ကြည့်တယ်။ လက်တွေ့လုပ်ရမှာဆိုတော့ တကယ်လုပ်တတ်မှ၊ တကယ်သိမှရမှာ ဖြစ်ပါတယ်။

**မေး။ ။ ပြိုင်ပွဲအတွေ့အကြုံနဲ့ ရင်ဆိုင်ခဲ့ရတဲ့အခက်အခဲတွေ ရှိရင်လည်း သိချင်ပါတယ်။**

ဖြေ။ ။ အတွေ့အကြုံတွေကတော့ အများကြီးပါပဲ။ ပထမဦးဆုံးအတွေ့အကြုံကတော့ အခုလို နိုင်ငံတကာအဆင့်ပြိုင်ပွဲဆိုတာ ကျွန်တော့်အနေနဲ့ ပထမဆုံးပါပဲ။ ပြိုင်ပွဲဝင်တုန်းကရော၊ ဆုယူတုန်းကရော အလွန်ရင်ခုန်ပါတယ်။ ဆုလည်းရရော ပျော်လိုက်တာ၊ ပြောပြဖို့စကားလုံးတောင် ရှာမရခဲ့ဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ရလိုက်တာက ဆုယူပြီးပြီးသွားတာမဟုတ်ပါဘူး။ နောက်ဆက်တွဲ အဓိပ္ပာယ်တွေ အများကြီးရှိပါတယ်။ သူများနိုင်ငံတွေအလယ်မှာ မြန်မာကွဆိုတာ ပြသခွင့်ရလိုက်တယ်။ နောက်ပြီး ကျွန်တော့်ကျောင်းပေါ့။ ဆုလည်းရပြီးရော အားလုံးစိတ်ဝင်စားသွားကြတာက ကျောင်းကိုပါပဲ။ ဘယ်ကျောင်းကလည်း ဆိုတဲ့မေးခွန်းကို ကျွန်တော် ပြုံးပြုံးကြီးဖြေခဲ့ရတယ်။ ကျောင်းအတွက် လုပ်နိုင်သလောက် လုပ်ပြခွင့်ရတဲ့အတွက်လည်း ပျော်မိတာတော့ အမှန်ပါပဲ။ နောက်ပြီး ကျွန်တော့် မိဘတွေအတွက် သူတို့ဂုဏ်ယူရအောင် ကျွန်တော် လုပ်ပေးနိုင်ခဲ့ပါတယ်။

ရင်ဆိုင်ရတဲ့ အခက်အခဲကတော့ နည်းနည်းတော့ ရှိတာပေါ့။ တချို့ case တွေက ကိုယ်ထင်ထားသလို မဟုတ်ဘူးလေ။ ပထမဆုံးပြိုင်ပွဲကို နှစ်ရက်ပြိုင်ရတယ်။ ဒုတိယနေ့မှာ ပြိုင်ရတာက ကျွန်တော့်မှာ အတွေ့အကြုံလုံးဝမရှိဘူး။ ကျွန်တော် Korea ရောက်မှ သိရတာ၊ တွေ့ဖူး၊ မြင်ဖူးထားတာတော့ရှိတယ်ပေါ့။ ကျွန်တော် အစိမ်းသက်သက်ကြီး လေ့လာရတယ်။ အချိန်ကလည်း သိပ်မရဘူး။ ရတဲ့အချိန်မှာ မြန်မြန်လေ့လာရတယ်။ သွားပြိုင်တော့ ငါဖြစ်ပါ့မလားဆိုပြီး စိတ်တော့လှုပ်ရှားတာပေါ့။ အရမ်းကြီးတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိဘူး။ ဒါပေမယ့် ကျွန်တော် ကောင်းကောင်း ပြိုင်နိုင်ခဲ့ပါတယ်။ Well Done ပါပဲ။ ပြိုင်ပွဲရက်က ကျွန်တော် သိပ်မအိပ်ခဲ့ရဘူး။ ပြိုင်ပွဲနေ့တွေမှာဆို တစ်နေ့ကို သုံးနာရီ၊ လေးနာရီလောက်ပဲ အိပ်ခဲ့ရတယ်။ တခြားအခက်အခဲ ကြီးကြီးမားမားတော့မရှိပါဘူး။ စကားပြောတာလည်း အင်္ဂလိပ်လိုပဲဆိုတော့လေ။ ကိုရီးယားတွေနဲ့ စကားပြောရင်တော့ နည်းနည်းတော့ ခက်တယ်။ ကျွန်တော်က ကိုရီးယားစကား မပြောတတ်ဘူးလေ။ သူတို့ကလည်း မိခင်ဘာသာစကားပဲ ပိုအားသန်တော့ လက်ဟန် ခြေဟန်နဲ့ ပြောရတာပေါ့။

အခုလို နိုင်ငံတကာမှာ ကျင်းပတဲ့ ပြိုင်ပွဲတွေ၊ ပရိုဂရမ်တွေမှာ ဘာသာစကားကလည်း အရေးပါတယ်။ အထူးသဖြင့် အင်္ဂလိပ်စာပါပဲ။ ကျွန်တော် ကိုရီးယားစကား မပြောတတ်ဘူး။ ဒါပေမယ့် အင်္ဂလိပ်စာတော့ ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်ဖို့တော့ လိုတာပေါ့။ ဒါမှ ပြောဆိုဆက်ဆံလို့ရမှာ။ မဟုတ်ရင် စကားမပြောတတ်တဲ့ လူအကြီးဖြစ်နေမှာလေ။

**မေး။ ။ ဒီပြိုင်ပွဲကနေ ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိခဲ့တယ်ဆိုတာကိုလည်း သိချင်ပါတယ်။**

ဖြေ။ ။ ပထမဆုံးအကျိုးပြုတာက ကျွန်တော် ကိုယ်တိုင်ပါပဲ။ ဒီပြိုင်ပွဲမှာ ကျွန်တော် အများကြီးစွမ်းဆောင်နိုင်ခဲ့တယ်။ မြန်မာနိုင်ငံအနေနဲ့ ပထမဆုံးအကြိမ် သွားရောက်ယှဉ်ပြိုင်ပြီးနောက် အခြားနိုင်ငံတွေကြားမှာ မြန်မာနိုင်ငံက လုပ်နိုင်စွမ်းရှိတယ်ဆိုတာ ပြသခွင့်ရလို့ ကျေနပ်ပီတိဖြစ်မိတယ်။ ဒီပြိုင်ပွဲမှာ ဂွာတီမာလာတို့ဆိုတာ အခြားနိုင်ငံတွေနည်းတူ နိုင်ငံတကာပြိုင်ပွဲတွေမှာ အတွေ့အကြုံရှိပြီးသားတွေပါ။ ကျွန်တော့်အနေနဲ့က နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံမရှိခဲ့ဘူး ။ ဒါပေမယ့် ပထဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပထမဆုရခဲ့တယ်။ အထူးသဖြင့် မြန်မာနိုင်ငံအနေနဲ့ လုပ်နိုင်စွမ်းရှိတယ်ဆိုတာ ပြသခွင့်ရခဲ့တယ်။ နောက်ပြီး နိုင်ငံတော်က ပေးတဲ့ ဆုတွေလည်း ထပ်လောင်းရရှိခဲ့ပါတယ်။

**မေး။ ။ နောင်နှစ်တွေမှာ ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် ညီငယ်၊ ညီမငယ်တွေအတွက် စကားလက်ဆောင်လေး ပြောပေးပါ။**

ဖြေ။ ။ အရင်တုန်းက ကျွန်တော်တို့ မြန်မာနိုင်ငံကို မဖိတ်ခေါ်ဘူး ။ အခုဆိုရင် သူတို့ပိုပြီး စဉ်းစားလာကြပါပြီ။ နောက်နောင်တွေမှာ ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် ညီငယ်၊ ညီမငယ်တွေအနေနဲ့ (KOICA) နဲ့ ချိတ်ဆက်လို့ရသလို ကျောင်းတွေမှာလည်း ရှိပါတယ်။ အခြားနိုင်ငံတွေနဲ့ ပြိုင်ရတာဆိုတော့ လေ့လာစရာအနေနဲ့က အများကြီးပါ ။

ပထမအချက်ကတော့ ကိုယ်ရွေးချယ်လိုက်တဲ့ ဘာသာရပ်နယ်ပယ်ကို ကျွမ်းကျင်ပိုင်နိုင်ဖို့လိုပါတယ်။ ကျွန်တော့်အနေနဲ့က ဒီပြိုင်ပွဲကို ယှဉ်ပြိုင်ဖို့ အခုမှစလုပ်တာ မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ လေးငါးလလောက်ကတည်းကရရှိခဲ့တဲ့ အတွေ့အကြုံနဲ့ပေါင်းစပ်ပြီး ဖြည့်စွက်လေ့လာသွားတာပါ။ အခုသွားပြိုင်တဲ့ ဘာသာရပ်က ကျွန်တော့်ဝါသနာနဲ့ အံဝင်ခွင်ကျဖြစ်တယ်။ ကျွန်တော် အလွန်စိတ်ဝင်စားတဲ့ ဘာသာရပ်ပါ။ ညီလေး၊ ညီမလေးတွေကို ပြောချင်တာက မိမိအလုပ်ကို အာရုံစူးစိုက်ပြီး တစိုက်မတ်မတ် လုပ်နေရမယ်။ အမေရိကန်သမ္မတကြီး လင်ကွန်းက ပြောဖူးပါတယ်။ နှေးချင်နှေးလို့ရပါတယ်။ မင်းအပြစ်မဟုတ်ဘူး။ ဒါပေမဲ့ ရပ်တန့်လို့တော့ မရဘူးတဲ့။ အမြဲတမ်းကြိုးစားနေပါ။ အမြဲတမ်းလေ့လာနေပါ။ ကြိုးစားနေတဲ့ လူအတွက် အရှုံးဆိုတာ ဘယ်တော့မှမရှိပါဘူး။ နောက်ပြီး ကိုယ့်မှာ ပြိုင်ဆိုင်မှုတွေရှိရင်လည်း နောက်မတွန့်ပါနဲ့။ ပြိုင်ဆိုင်မှုရှိမှ ပိုတိုးတက်တာ မြန်ပါတယ်။

ဒီပြိုင်ပွဲမှာ ကျွန်တော်မဟုတ်ဘဲ မြန်မာနိုင်ငံကိုယ်စားပြု အခြားတစ်ယောက်ဆိုရင်လည်း ကျွန်တော့်လို ဆောင်ရွက်နိုင်စွမ်းရှိမယ်လို့ ထင်တယ်။ မြန်မာနိုင်ငံဟာ စွမ်းဆောင်နိုင်တဲ့ အရည်အချင်းရှိတယ်။ မြန်မာနိုင်ငံကလူတွေ မညံ့ပါဘူး။ အခြားနိုင်ငံတွေနဲ့ တန်းတူလုပ်နိုင်စွမ်းရှိကြတယ်။ သူများထက်မသာတောင် ရင်ပေါင်တန်းနိုင်တဲ့ စွမ်းရည်တွေ ရှိကြပြီးသားပါ။ ကြိုးစားပါ။ အမြဲကြိုးစားနေသူအတွက် အခွင့်အရေးက လက်တစ်ကမ်းမှာ ရှိနေပါတယ်လို့ ပြောချင်ပါတယ်။

**သတင်း-နန္ဒာဝင်း၊ ဝင်းဝင်းမော်၊ ဓာတ်ပုံ-လှမိုး**

# နှစ်သစ်ကူးတရားအလှူတော်ဓမ္မသဘင် တတိယနေ့ (နောက်ဆုံး)နေ့ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်တတိယနေ့ (နောက်ဆုံးနေ့)အဖြစ် ရွှေပါရမီတောရဆရာတော် သာသနဓဇဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ မဟာသဒ္ဓမ္မ ဇောတိကဓဇ အရှင်ဆန္ဒာဓိက က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ယနေ့ည ၇ နာရီခွဲက ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး ခြေတော်ရင်းရှိ ပြည်သူ့ဥယျာဉ်အတွင်း၌ ဟောကြားတော်မူခဲ့သည်။

ယနေ့တွင် သာသနဓဇ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ မဟာသဒ္ဓမ္မ ဇောတိကဓဇ ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက က "မေတ္တာ စာချုပ်ဖြင့်သာ ထာဝရငြိမ်းချမ်းရေးရနိုင်သည်" တရားတော်ကို ဟောကြားရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ အစိုးရအဖွဲ့တာဝန်ရှိသူများနှင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ တရားချစ်ခင် သူတော်စင် နှစ်သိန်းခန့် ရိုသေစွာနာယူကြည်ညိုကြသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော နှစ်သစ်ကူးတရားအလှူတော်ဓမ္မသဘင်ပွဲကြီး ကျင်းပနိုင်ရေးအတွက် အလှူခံမဏ္ဍပ်အပါအဝင် ပြန်ကြားရေးဆပ်ကော်မတီ လုံခြုံရေးဆပ်ကော်မတီအစရှိသော ဆပ်ကော်မတီပေါင်း ၁၁ ခုဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တရားပွဲလာပရိသတ်များအတွက် ထောပတ်ထမင်း၊ ထမင်းကြော်၊ ကော်ဖီ၊ ရေ၊ အချိုရည်၊ ဓမ္မစာအုပ်ကို တရားပွဲကျင်းပစဉ် သုံးရက်လုံး အလှူရှင်များက လာရောက်လှူဒါန်းခဲ့ပြီး Driving Myanmar Group မှ လည်း မော်တော်ယာဉ်များဖြင့် မှော်ဘီ၊ ပဲခူးနယ်ကုန်း၊ ဒဂုံတောင်ပိုင်း အစရှိသော မြို့နယ်များအထိ ကြိုပို့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**သတင်း-ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ရန်ကုန်ကလေးစာပေပွဲတော်ကို သုံးရက်တာ ကျင်းပမည်



**ရန်ကုန် ဇန်နဝါရီ ၃**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပမည့် ကလေးစာပေပွဲတော် (ရန်ကုန်)ကို ဇန်နဝါရီ ၆ ရက်မှ ၈ ရက်အထိ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်အမှတ်-၆ အခြေခံပညာအထက်တန်းကျောင်း(စိန့်ပေါလ်)၌ နေ့စဉ် နံနက် ၉ နာရီမှ ည ၈ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ကျင်းပနိုင်ရေးအတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီတွင် အမှတ်-၆ အခြေခံပညာအထက်တန်းကျောင်း (စိန့်ပေါလ်) အောင်ကျော်ခန်းမ၌ ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးက ရန်ကုန်မြို့ရှိ အခြေခံပညာကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများမှ ကလေးစာပေပွဲတော်၌ ခင်းကျင်းပြသမည့် ပြခန်းများနှင့် ပတ်သက်၍ လည်းကောင်း၊ ဗိုလ်တထောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်မြင့်စိုး(ခေါ်)မေစိုးက ကလေးစာပေပွဲတော်ကျင်းပမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က ကလေးစာပေပွဲတော်နှင့်ပတ်သက်ပြီး ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ကလေးစာပေပွဲတော်ကို စာအုပ်ပြပွဲနှင့်စာအုပ်ရောင်းပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ အိမ်တည်ဆောက်မှုပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ ဂိမ်းကစားနည်းပြိုင်ပွဲများ၊ ဘောလုံးပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ပြခန်းများဖြင့် သုံးရက်တာ ကျင်းပသွားမည်ဖြစ်သည်။

ကလေးစာပေပွဲတော် ပထမနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျောင်းပေါင်းစုံမှ ကျောင်းသားကျောင်းသူများက ဖျော်ဖြေရေးအစီအစဉ် ၂၀ ဖြင့် လည်းကောင်း၊ ဒုတိယနေ့တွင် အစီအစဉ် ၃၀ ဖြင့် လည်းကောင်း၊ တတိယနေ့တွင် အစီအစဉ် ၂၀ ဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး ကလေးစာပေပွဲတော်သို့ လာရောက်သည့် ပရိသတ်များအား မျက်လှည့်၊ ကျောက်ဆည်ဆင်အကများဖြင့်လည်း ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကလေးစာပေပွဲတော် ကျင်းပမည့်ရက်များအတွင်း စာပေဟောပြောပွဲနှင့် ကလေးစာပေမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ထည့်သွင်းဆွေးနွေးကြမည်ဖြစ်ပြီး မည်သူမဆို ဝင်ရောက်ဆွေးနွေးနိုင်ကြောင်း သိရသည်။

ကလေးစာပေပွဲတော်ကို နေပြည်တော်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး၊ မုံရွာမြို့များတွင် ကျင်းပခဲ့ပြီး ယခု ရန်ကုန်တွင် ဆဋ္ဌမအကြိမ်မြောက် ကျင်းပခြင်းဖြစ်ကာ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ကြောင်းသိရသည်။

**အောင်မင်းဟန်**




# နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကျင်းပသည့် ၂၀၁၈ ခုနှစ် နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရုံးချုပ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ စန်းစန်းမြင့်အောင်က မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအနေဖြင့် မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင်ရှိသည့် မိခင်နှင့်ကလေးများ၏ လူနေမှုဘဝအဆင့်အတန်း မြင့်မားလာစေရေးအတွက် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာစောင့်ရှောက်မှုလုပ်ငန်းများကို စေတနာအားဖြင့် အောက်ခြေထိရောက်ရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိခင်နှင့် ငါးနှစ်အောက်ကလေးများအတွက် အဓိကထားဆောင်ရွက်လျက်ရှိပါကြောင်း။

ကလေးငယ်များ ဘက်စုံဖွံ့ဖြိုးမှုရရှိပြီး ဉာဏ်ပညာတိုးတက်စေရန် ရည်ရွယ်ကာ ကလေးငယ်များ၏ ဖွံ့ဖြိုးမှုကို အမြဲမပြတ် စောင့်ကြည့်တတ်သော အလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်၍ ၂၀၁၄ ခုနှစ် လွတ်လပ်ရေးနေ့မှစကာကလေးပြိုင်ပွဲအား ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆုများကို ပေးအပ်ချီးမြှင့်ရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင်က ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် မွေးစမှ သုံးလအရွယ် ကလေးငယ်များအား လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမာလာဝင်းက ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသည့် သုံးလမှ ခြောက်လအရွယ် ကလေးငယ်များအား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။




ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းအတွင်းရေးမှူး ဒေါက်တာနွယ်နီအုန်းနှင့် ဗဟိုအလုပ်အမှုဆောင် ဒေါ်သန်းသန်းစိန်နှင့် တာဝန်ရှိသူများက ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသည့် ခြောက်လမှ တစ်နှစ်အရွယ်၊ တစ်နှစ်မှ တစ်နှစ်ခွဲအရွယ်၊ တစ်နှစ်ခွဲမှ နှစ်နှစ်အရွယ် ကလေးငယ်များနှင့် အမြွှာအတွဲကလေးငယ်များအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက အကဲဖြတ်အမှတ်ပေးကြသည့် ဆရာဝန်ကြီးများနှင့် သူနာပြုဆရာမကြီးတို့အား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများကို ပေးအပ်ချီးမြှင့်သည်။

**သတင်းစဉ်**

# စစ်တွေမြို့၌ လွတ်လပ်ရေးနေ့ဂုဏ်ပြု တေးသရုပ်ဖော်ဖျော်ဖြေခြင်း၊ ကဗျာရွတ်ဆိုခြင်း၊ ဟောပြောပွဲနှင့် ဗီဒီယိုမှတ်တမ်းပြသ

**စစ်တွေ ဇန်နဝါရီ ၃**

နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် လွတ်လပ်ရေးနေ့ ဂုဏ်ပြုတေးသရုပ်ဖော်ဖျော်ဖြေခြင်း၊ ကဗျာရွတ်ဆိုခြင်း၊ ဟောပြောပွဲနှင့် ဗီဒီယို မှတ်တမ်းပြသခြင်း အခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာ ချမ်းသာက အမှာစကားပြောကြားသည်။ ထို့နောက် အ.မ.က ရှုပမြောက်မှ ကျောင်းသူလေးများက “လွတ်လပ်ရေးနေ့ ဂုဏ်ပြုသီချင်း”ဖြင့် လည်းကောင်း၊ ရွှေရည်ဦး ပြည်တော်သာ မူကြိုကျောင်းမှ ကလေးငယ်များက “ဇာတိမာန်”သီချင်းဖြင့် လည်းကောင်း၊ အ.မ.က ကျောင်းကြီးလမ်းမှ ကျောင်းသူလေးများက “အာရှသူရဲကောင်း ဗိုလ်ချုပ်အောင်ဆန်း” သီချင်းဖြင့် လည်းကောင်း၊ ရွှေပျိုးခင်း မူကြို ကျောင်းမှ ကလေးငယ်များက “စည်းလုံးခြင်းသည်အင်အား” သီချင်းဖြင့် လည်းကောင်း၊ ပြည်တော်သာ မူလွန်ကျောင်းမှ ကျောင်းသား ကျောင်းသူများက “ဗိုလ်ချုပ်သဘင်” သီချင်းဖြင့် လည်းကောင်း ဖျော်ဖြေကြသည်။ ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာနမှ မူကြိုကလေးငယ်များက “လွတ်လပ်ရေးနေ့” ကဗျာဖြင့် ရွတ်ဆိုကြသည်။

ယင်းနောက် စစ်တွေတက္ကသိုလ် သမိုင်းဌာန ပါမောက္ခ (ဌာနမှူး)ဒေါက်တာ ကျော်ဝင်းဦးက “မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုနှင့် ရခိုင်တိုင်းရင်းသားများ၏ကဏ္ဍ” ခေါင်းစဉ်ဖြင့် ဟောပြောပြီး လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းအကျဉ်းချုပ်အား ဗီဒီယို မှတ်တမ်းဖြင့် ပြသသည်။ ဆက်လက်၍ ရခိုင်ပြည်နယ်




ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လွတ်လပ်ရေးနေ့ တေးသရုပ်ဖော် ဖျော်ဖြေကြသည့် ကျောင်းသား ကျောင်းသူများ၊ လွတ်လပ်ရေးနေ့ ကဗျာရွတ်ဆိုသော လူမှုဝန်ထမ်းဦးစီးဌာနမှ မူကြို ကလေးငယ်များနှင့် စစ်တွေတက္ကသိုလ် သမိုင်းဌာန ပါမောက္ခ (ဌာနမှူး) ဒေါက်တာ ကျော်ဝင်းဦးတို့ကို ဂုဏ်ပြုအမှတ်တရများ ချီးမြှင့်ကြသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

# အိုးသစ်၊ အိမ်သစ်တို့ဖြင့် အခြေကျ အနေလှလာတော့မည့် မြိုတိုင်းရင်းသားများ

**နေပြည်တော် ဇန်နဝါရီ ၃**

မောင်တောမြို့နယ်အတွင်း တောင်ပေါ်ဒေသများတွင် နေထိုင်သော မြို၊ ခမီ၊ သက်၊ ဒိုင်းနက်အစရှိသည့် တိုင်းရင်းသားများအား လူမှုဘဝဖွံ့ဖြိုးတိုးတက်ရန်နှင့် ပိုမိုလုံခြုံမှုရှိစေရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက တာဝန်ယူကာ လုံးချင်းအိမ်များ စတင်ဆောက်လုပ်ပေးလျက်ရှိသည်။



မောင်တောမြို့နယ် တောင်ပိုင်း မောင်တော-အင္ဂမော် လမ်းဘေးဝဲယာတို့တွင် မြိုတိုင်းရင်းသားများ နေထိုင်ရန်အတွက် ကိုင်းကြီးကျေးရွာသစ်ကို တည်ဆောက်လျက်ရှိသည်။ အဆိုပါ ကျေးရွာသစ်တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် နေအိမ်အလုံး ၅၀၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့်နေအိမ် ၆၄ လုံး တည်ဆောက်ပေးလျက်ရှိသည်။ ထို့အပြင် အဆိုပါ ကျေးရွာ၌ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က စာသင်ကျောင်း တစ်ကျောင်း၊ စေတနာရှင်အလှူရှင် တစ်ဦး၏ အလှူငွေဖြင့် ကျေးလက်ဆေးပေးခန်းကိုလည်း ထည့်သွင်း တည်ဆောက်လျက်ရှိသည်။

အလားတူ မောင်တောမြို့နယ် မြောက်ပိုင်း ကြိမ်ချောင်း - ခမောင်းဆိပ်လမ်းအနီးတွင် မြိုတိုင်းရင်းသား ကျေးရွာသစ်များ စတင်တည်ဆောက်ပေးလျက်ရှိသည်။ ထို့ပြင် ခမင်းကြီးရွာကို ခမောင်းဆိပ်-တောင်ပြိုသွားသည့် လမ်းဘေး၌ တည်ဆောက်နေပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရက ရခိုင်တိုင်းရင်းသားများအတွက် နေအိမ် ၄၅ လုံး တည်ဆောက်သွားမည်ဖြစ်ကာ မြဝတီကျေးရွာတွင်လည်း မြို၊ ခမီ၊ ဒိုင်းနက်၊ ချင်းလူမျိုးများအတွက် နေအိမ်များ တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ သစ်တုံးနားခွဆုံကျေးရွာတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် နေအိမ် ၄၄ လုံးကို စတင် တည်ဆောက်ပေးလျက်ရှိပြီး ခမောင်းဆိပ်-ကြိမ်ချောင်းလမ်းပေါ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူလျက် ခုံတိုင် မြိုတိုင်းရင်းသားကျေးရွာကို စတင်တည်ဆောက်လျက်ရှိသည့်အပြင် စာသင်ကျောင်းနှင့် ဆေးပေးခန်းများကိုပါ ထည့်သွင်းတည်ဆောက်ပေးလျက်ရှိသည်။

ဤသို့ ကျေးရွာသစ်များ စုစုစည်းစည်း ထူထောင်ပေးလိုက်ခြင်းဖြင့် နေထိုင်မှုပုံစံသစ်များဖြင့် လူမှုဘဝများ ပြောင်းလဲလာတော့မည်ဖြစ်သည်။

**မြင့်မောင်၊ ဇေယျာ**
**ဓာတ်ပုံ နေဝင်းထွန်း**

# စေပုတ်ကျေးရွာ ဆယ်မာအူးလ်အဖွဲ့ လေ့လာရေးကွင်းဆင်း

**ကျောက်ဖြူ ဇန်နဝါရီ ၃**

ကျေးရွာနေပြည်သူများ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ကာ ကျောက်ဖြူမြို့နယ် အုန်းတောကျေးရွာရှိ တစ်ပိုင်တစ်နိုင် ကြက်မွေးမြူရေးနှင့် သခွားစိုက်ခင်း၊ ဟင်းသီးဟင်းရွက်စိုက်ခင်းများသို့ သွားရောက်ကာ ဒီဇင်ဘာ ၃၀ ရက်က စေပုတ်ကျေးရွာ ဆယ်မာအူးလ်အွန်ဒုန် ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်ဝင်းရွှေ ဦးဆောင်ကာ ဆယ်မာ အူးလ်အဖွဲ့များ၊ ကျေးရွာနေပြည်သူများကို အုန်းတောကျေးရွာရှိ ကြက်မွေးမြူရေးနှင့် ဟင်းသီးဟင်းရွက် စိုက်ခင်းများအား လေ့လာခဲ့သည်။ စီမံကိန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်ဝင်းရွှေက သင်တန်းမှပို့ချခဲ့သော နည်းလမ်းများအတိုင်း ဒေသခံများအား ရှင်းလင်းကာ ဝင်ငွေတိုး တစ်ပိုင်တစ်နိုင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လေ့လာရေးခရီးစဉ်များ တစ်နှစ်ကို အနည်းဆုံး ငါးကြိမ်ခန့် စိတ်ပါဝင်စားသူများအား စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လုပ်ငန်းရှင်များ၊ တောင်သူများ၏ အောင်မြင်မှုကို အားကျအတုယူနိုင်စေရန် ရည်ရွယ်၍ လေ့လာရေးခရီးစဉ်များသွားရခြင်းဖြစ်ကြောင်း ပြောကြားသည်။ **မြို့နယ် (ပြန်/ဆက်)**

# ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၃**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ကင်းချောင်း(တိုင်းရင်းသား) ကျေးရွာတွင် နွားတစ်ကောင်၊ ခုံတိုင်စခန်း ပတ်ဝန်းကျင်ရှိ မင်းခမောင်း (တိုင်းရင်းသား) ကျေးရွာတွင် ဆိတ်တစ်ကောင်နှင့် ငါးခူရစခန်း ပတ်ဝန်းကျင်ရှိ ငါးခူရ (ရောနှော) ကျေးရွာတွင် နွားတစ်ကောင်တို့အား ကာကွယ်ကုသ ဆောင်ရွက်ပေးပြီး စုစုပေါင်း စခန်းသုံးခု ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွား နှစ်ကောင်နှင့် ဆိတ် တစ်ကောင်တို့အား ကာကွယ်ကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၆၆ ကောင်နှင့် ဆိတ် ၇၂၉ ကောင်တို့အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# မြောက်ဦးမြို့၌ နည်းပညာဆိုင်ရာ ဆွေးနွေးပွဲ ဆင့်ပွားသင်တန်းဖွင့်လှစ်

**မြောက်ဦး ဇန်နဝါရီ ၃**

မြောက်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်၊ မြို့နယ်ရုံးများရှိ ဝန်ထမ်းများသည် မိမိခရိုင်၊ မြို့နယ်များအတွင်းရှိ နယ်မြေသတင်း၊ထူးခြားဖြစ်စဉ်သတင်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ပေးပို့တင်ပြနိုင်ရေးအတွက် နည်းပညာဆိုင်ရာဆွေးနွေးပွဲ ဆင့်ပွားသင်တန်းကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်ရွှေက နည်းပညာဆိုင်ရာ ဆွေးနွေးပွဲ ဆင့်ပွားသင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။




အဆိုပါ နည်းပညာဆိုင်ရာ ဆွေးနွေးပွဲ ဆင့်ပွားသင်တန်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်နှင့် မြို့နယ်ရုံးများမှ ဝန်ထမ်းကိုးဦးကို ခရိုင်၊ မြို့နယ်မှ ဝန်ထမ်းနှစ်ဦးအား သင်တန်းနည်းပြဆရာအဖြစ် ရွေးချယ်ကာ နယ်သတင်းကဏ္ဍတွင် သတင်းများ တင်ပြခြင်း၊ Google Drive အသုံးပြုခြင်း၊ Electronic Document Management System (EDMS) အသုံးပြု၍ လုပ်ငန်းဆောင်ရွက်ခြင်း၊ Gmail အသုံးပြုခြင်းလုပ်ငန်းများကို သင်ကြားပို့ချ ဆွေးနွေးကြပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၃ ရက်မှ ၄ ရက်အထိဖြစ်ကြောင်း သတင်းရရှိသည်။ **ခရိုင်(ပြန်/ဆက်)**

# မိုးတစ်ကြိမ်၊ နှစ်ကြိမ် ရွာမည်

**နေပြည်တော် ဇန်နဝါရီ ၃**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်နှင့်ကယားပြည်နယ်တို့တွင် မိုးဆက်လက်ရွာမည်။ နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် ၊ နှစ်ကြိမ် ရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ရွာမည်။ **မိုး/ဇလ**

# မန်းရေနံမြေ ထိစပ်ကျေးရွာဒေသခံများအတွက် လူမှုစီးပွားဘဝအထောက်အကူပြု ပဲစင်းငုံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုသင်တန်းပို့ချ

**မင်းဘူး ဇန်နဝါရီ ၃**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE)၊ MPRL E&P Pte Ltd. နှင့် မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ပူးပေါင်း၍ MPRL E&P ကုမ္ပဏီ၏ လူမှုတာဝန်သိလုပ်ငန်းဆိုင်ရာ အစီအစဉ်တစ်ရပ်အနေဖြင့် ပဲစင်းငုံ အခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုသင်တန်းကို မန်းရေနံမြေရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသင်တန်းခန်းမ၌ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မန်းရေနံမြေအထွေထွေမန်နေဂျာ ဦးရဲနိုင်နှင့် တာဝန်ရှိသူများ၊ MPRL E&P Pte Ltd. မှ မန်းရေနံမြေ မန်နေဂျာ ဦးမိုးဇော်တင့်နှင့် တာဝန်ရှိသူများ၊ မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလုပ်ငန်းဦးစီးဌာနမှ သင်တန်းဆရာ ဆရာမများနှင့် တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ပဲစင်းငုံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုသင်တန်းကို လေးရက်ကြာကျင်းပခဲ့ပြီးပဲစင်းငုံခေါက်ဆွဲ၊ ပဲစင်းငုံအာဟာရမှုန့်၊ ပဲစင်းငုံတို့ဟူးခြောက်၊ ပဲစင်းငုံငံပြာရည်အပါအဝင် ပဲစင်းငုံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန် အမျိုးပေါင်း ၁၈ မျိုးတို့၏ ထုတ်လုပ်ပုံအဆင့်ဆင့်ကိုလက်တွေ့ သင်ကြားပို့ချနိုင်ခဲ့သည်။

မန်းရေနံမြေတွင် ရေနံတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသော MPRL E&P Pte Ltd. သည် လုပ်ငန်းလုပ်ကိုင်ရာဒေသရှိ ဒေသခံများအတွက် လူမှုတာဝန်သိလုပ်ငန်းများကို ရေရှည်ဖွံ့ဖြိုးမှု အစီအမံများဖြစ်စေရန် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိပြီး ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် အသက်မွေးဝမ်းကျောင်းအတတ်ပညာသင်တန်းများကို ပို့ချလျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းတို့ကို ပို့ချနိုင်ခဲ့ပြီး ပဲစင်းငုံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းသည် တတိယအကြိမ်မြောက်ပို့ချသည့် သင်တန်းဖြစ်သည်။ အဆိုပါ သင်တန်းတွင် မန်းရေနံမြေထိစပ်ကျေးရွာများမှ ဒေသခံသင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၂၉ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# တပ်ဌာနချုပ်များနှင့် လားရှိုး-မူဆယ် ပြည်ထောင်စုကားလမ်းမကြီးအား လက်နက်ကိုင်အဖွဲ့များက လာရောက်နှောင့်ယှက်တိုက်ခိုက်ခဲ့

**နေပြည်တော် ဇန်နဝါရီ ၃**

ရှမ်းပြည်နယ် မြောက်ပိုင်း ကွတ်ခိုင်မြို့နယ် မန်တပ်မြို့နယ်ရှိ နယ်မြေခံတပ်ဌာနချုပ်သို့ ဒီဇင်ဘာ ၁၃ ရက် ညနေပိုင်းတွင် လက်နက်ကိုင်အဖွဲ့အချို့က လက်နက်ကြီးများဖြင့် လာရောက် နှောင့်ယှက်တိုက်ခိုက်ခဲ့ရာ တပ်ဧရိယာ အနီးပတ်ဝန်းကျင်၌ ၁၀၇ မမ ဗုံးသီး လေးလုံး ကျရောက်ပေါက်ကွဲခဲ့သည်။

ဒီဇင်ဘာ ၂၃ ရက် ညနေပိုင်းတွင် လက်နက်ကိုင်အဖွဲ့များက မူဆယ်မြို့နယ် မိုင်းယုကျေးရွာအနီး လားရှိုး-မူဆယ် ပြည်ထောင်စုကားလမ်းမကြီးပေါ်သို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ရာ မိုင်းယုကျေးရွာနှင့် အထက်တုန်ခန်ကျေးရွာများအတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ပြီး ဒေသခံတိုင်းရင်းသား ပြည်သူတစ်ဦးနှင့် နွားတစ်ကောင် သေဆုံးခဲ့ကာ ဒေသခံတိုင်းရင်းသားပြည်သူ သုံးဦးနှင့် နွား ၁၆ ကောင် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းတွင် လားရှိုး-မူဆယ်ပြည်ထောင်စု ကားလမ်းမကြီးအား လုံခြုံရေးဆောင်ရွက်နေသည့် ကွတ်ခိုင်မြို့နယ်အတွင်းရှိ ရင်ကွဲတောင် စခန်း၊ နမ့်ခိုင်စခန်းနှင့် နမ့်ဖတ်ကာမြို့ရှိ နယ်မြေခံတပ်ဌာနချုပ်တို့အား လက်နက်ကိုင်အဖွဲ့များက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လည်းကောင်း၊ ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းတွင် နမ့်ခိုင်စခန်းအား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လည်းကောင်း လာရောက် တိုက်ခိုက်ခဲ့သဖြင့် စခန်းများ၊ နောက်တန်း တပ်ဌာနချုပ်နှင့် ပြည်ထောင်စုကားလမ်းမကြီး အနီးပတ်ဝန်းကျင်တို့တွင် လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့သည်။




အလားတူ လက်နက်ကိုင်အဖွဲ့များက ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းနှင့် ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းတို့တွင် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်အား လည်းကောင်း၊ ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် မုံးကိုးမြို့ပတ်လည် လုံခြုံရေးဆောင်ရွက်နေသည့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား မြို့အထွက် တံတားအနီး၌ လည်းကောင်း၊ ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် မုံးကိုးမြို့၏ အနောက်ဘက် မီတာ ၁၅၀၀ ခန့်အကွာရှိ မန်ဂျီးနှင့် ကြူကုတ်ကျေးရွာသွား ကားလမ်းဘေး၌လည်းကောင်း၊ ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းတွင် မူဆယ်မြို့နယ် ဆယ်လန့်ကျေးရွာအနီး မူဆယ်-နမ့်ခမ်းသွား ကားလမ်းပေါ်၌ လည်းကောင်း ခရီးသွားလာနေသည့် အများပြည်သူများ ထိခိုက်ပျက်စီးစေရန် ရည်ရွယ်လျက် အဝေးထိန်းမိုင်း၊ ရှေ့ထွက်မိုင်းနှင့် ဒေသန္တရလက်လုပ်မိုင်းများဖြင့် နှောင့်ယှက် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

ထို့ပြင် ဒီဇင်ဘာ ၃၀ ရက်တွင်လည်း လက်နက်ကိုင်အဖွဲ့သည် ကချင်ပြည်နယ်၊ တနိုင်းမြို့နယ် ရှဒူဇုပ်ကျေးရွာရှိ နယ်မြေခံတပ်ဌာနချုပ်ကို အင်အား ၇၀ ခန့်ဖြင့် နံနက် ၆ နာရီခွဲခန့်မှ ၁၁ နာရီ ခွဲခန့်အတွင်း နေရာ သုံးနေရာမှ သုံးကြိမ် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် မိမိတပ်ဌာနချုပ်ရှိ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များက ပြန်လည်ပစ်ခတ် တိုက်ခိုက်ခဲ့သည်။ ဖြစ်စဉ်တွင် မိမိဘက် မှ စစ်သည် နှစ်ဦး နိုင်ငံတော်အတွက် အသက်စွန့်လွှတ်ခဲ့ရသည်။ အလားတူ ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းကလည်း ဖားကန့်မြို့နယ်၊ မြစ်ကြီးနား-ဖားကန့် သွား ကားလမ်းပေါ်ရှိ ဒွန်ဘုံးခကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၂၀၀၀ ခန့်အကွာ၌ လက်နက်ကိုင်အဖွဲ့များ ထောင်ထားသည့် ရီမုမိုင်းတစ်လုံး ပေါက်ကွဲခဲ့သဖြင့် လမ်းပေါ်၌ ခရီးသွားလာနေသည့် မော်တော်ယာဉ်တစ်စီး ပျက်စီးခဲ့ကာ ပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။



ထိုကဲ့သို့ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်း အတွင်း KIA နှင့် TNLA လက်နက်ကိုင်အဖွဲ့များက အများပြည်သူ အထိတ်တလန့်ဖြစ်စေရန်၊ ဒေသတွင်း ကုန်စည်စီးဆင်းမှုများ ထိခိုက်ပျက်စီးစေရန်နှင့် နောက်တန်းတပ်ဌာနချုပ်ရှိ မိသားစုဝင်များနှင့် ကလေးငယ်များအား အန္တရာယ်ကြီးစွာ ဖြစ်စေနိုင်သည့် နှောင့်ယှက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများက တရားဥပဒေစိုးမိုးမှုရှိစေရေးနှင့် နယ်မြေ အေးချမ်းစေရေးအတွက် လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ဝန်းသိုမြို့၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲကျင်းပ

**ဝန်းသို ဇန်နဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ကျင်းပသော နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၁၀ နာရီက ဒေါ်မြူးခန်းမ၌ကျင်းပရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ ဒေါ်ဝင့်လွှာ အေးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်လဲ့လဲ့အောင်နှင့်အဖွဲ့ဝင်များက သားကောင်းမိခင် ဝင်ရောက်ယှဉ်ပြိုင်သူ ၁၃ ဦး၊ ခြောက်လမှ တစ်နှစ်ကြား စိတ်ပါဝင်စားသူ ၂၂ ဦးတို့အား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကိုယ်ခန္ဓာဖွံ့ဖြိုးမှုစစ်ဆေးပေးခြင်း၊ အသိဉာဏ်ဖွံ့ဖြိုးမှုစစ်ဆေး ပေးခြင်း၊ ကိုယ်အလေးချိန်၊ အရပ်နှင့် ပြိုင်ပွဲသတ်မှတ်ချက်များကို အကဲဖြတ်အမှတ်ပေးကြပြီး ဆုရရှိသူများကို ဇန်နဝါရီ ၄ ရက်တွင် ဆုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ နှစ်(၇၀) ပြည့်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အနေဖြင့် ဝန်းသိုမြို့မီတာ ၄၀၀ အားကစားကွင်း၌ ပြေးခုန်ပစ်ပြိုင်ပွဲ၊ အားကစားရုံတွင် ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ည ၇ နာရီတွင် ဦးအောင်မြတ်ခန်းမတွင် တေးဂီတဖျော်ဖြေရေးအစီအစဉ်များကိုကျင်းပမည်ဖြစ်ပြီး ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့တွင် ရေကူးပြိုင်ပွဲ၊ ငှက်ပျော်ပင်တက်ပြိုင်ပွဲ၊ ရေချောတိုင်၊ကုန်းချောတိုင်တက်ပြိုင်ပွဲ ၊ လွန်ဆွဲပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ ဂေါက်သီးရိုက်ပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲ၊ ဆုပေးပွဲနှင့် အောင်ပွဲရအားကစားသမား ၆၂ ဦးတို့အား ဂုဏ်ပြုပွဲအခမ်းအနားတို့ကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက် တိုက်ခိုက်မှုဖြစ်စဉ်များ၌ ဆုံးရှုံးခဲ့သည့် လက်နက်များအနက် သေနတ် လေးလက် ပြန်လည်ရရှိ

**နေပြည်တော် ဇန်နဝါရီ ၃**

မောင်တောဒေသ တောင်ပြိုဝဲမြို့နယ် သဘော်လုကျေးရွာအနီး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့တွင် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ၌ ဆုံးရှုံးခဲ့သည့် လက်နက်များအနက် သေနတ်လေးလက် ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နံ့သာတောင်ကျေးရွာအနီးဝန်းကျင်၌ နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် နံ့သာတောင်ကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၂၀၀၀ ခန့်အကွာ နေရာ မဲဒီကျေးရွာနှင့် သဘော်လုချောင်းအကြား တောင်ကုန်းအနီးတွင် အထုပ်တစ်ထုပ်တွေ့ရှိခဲ့ကြောင်း ဒေသခံများက သတင်းပေးပို့လာသဖြင့် သွားရောက်ရှာဖွေခဲ့ရာ ဘီအေ ၉၄ သေနတ်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခုနှင့် မောင်းတံမပါသည့် အမ်အေ ၁၁ သေနတ် သုံးလက်တို့ကို ရှာဖွေတွေ့ရှိခဲ့သည်။

အဆိုပါ လက်နက်များအနက် ဘီအေ ၉၄ သေနတ်တစ်လက်သည် ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်က ARSA အစွန်းရောက်အကြမ်းဖက်သမားများက မီးတိုက်ရဲကင်းစခန်းအား ဝင်ရောက်တိုက်ခိုက်စဉ် လုယူသွားခဲ့သည့် လက်နက်ဖြစ်ပြီး အမ်အေ ၁၁ သေနတ်သုံးလက်သည် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက် အကြမ်းဖက် တိုက်ခိုက်မှုဖြစ်စဉ်များတွင် ဆုံးရှုံးသွားခဲ့သည့် လက်နက်များဖြစ်ကာ ကျန်ရှိအမ်အေ ၁၁ သေနတ် (နံပါတ်ဖတ်မရ) တစ်လက်အား တိုက်ဆိုင်စစ်ဆေးဆဲဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံခြားသားတစ်ဦး ဒိုင်လုပ်ပြီးဖွင့်လှစ်ထားသည့် ငါးမန်းဂိမ်းလောင်းကစားအဖွဲ့အား ဖမ်းဆီးရမိ

**မြစ်ကြီးနား ဇန်နဝါရီ ၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အောင်နန်းရပ်ကွက် နယ်မြေ ၆ တွင် ဇန်နဝါရီ ၂ ရက် မွန်းလွဲ ၂ နာရီက တရုတ်နိုင်ငံသားတစ်ဦးမှ ဒိုင်လုပ်ကာ ဖွင့်လှစ်ထားသည့် ငါးမန်းဂိမ်းလောင်းကစားအဖွဲ့အား လောင်းကစားသူများနှင့်အတူ ဖမ်းဆီးရမိကြောင်း နယ်မြေရဲစခန်းမှ သိရသည်။ (ဓါတ်ပုံ)



ဖြစ်စဉ်မှာ ပြည်နယ်မှုခင်းအကူဌာနမှ ရဲအုပ် ထွန်းလှိုင်နှင့် ပူးပေါင်းအဖွဲ့သည် အောင်နန်းရပ်ကွက် နယ်မြေ ၆ တွင် တရုတ်နိုင်ငံသား Mr. Zhang Wen Win ဒိုင်လုပ်၍ ဖွင့်လှစ်ထားသည့် တရားမဝင်ငါးမန်း လောင်းကစားဂိမ်းရုံအား ဝင်ရောက်စစ်ဆေးရှာဖွေရာ ငါးမန်းလောင်းကစား အလုပ်သမား မအိစန္ဒာစိုး၊ မစန္ဒာထွန်း(ခ)စန္ဒာတို့နှင့်အတူ လာရောက်လောင်းကစားသူ ဦးမောင်မောင်နိုင်၊ ဦးတင်စိုး၊ ဦးမျိုးမြင့်၊ မောင်နိုင်၊ ရဲအောင်ထွန်း၊ ရဲဇော်၊ ကျော်စွာ၊ အောင်အောင်၊ ထူးအောင်ကျော်၊ ဗိုလ်သိန်း၊ ဦးအုန်းသန်းတို့ကို လောင်းကစားနေစဉ် တွေ့ရှိရသည်။

ဆက်လက်ရှာဖွေရာ ငါးမန်းဂိမ်းလောင်းကစားရာတွင် အသုံးပြုသည့် နဂါးရုပ်ပါ ကွန်ပျူတာငါးမန်းဂိမ်းစက်လေးလုံး၊ TBSHIELD-50Hz အဝါရောင်ဒိုင်နမိုနှင့်တွဲလျက် မီးစက်တစ်လုံး၊ မော်တော်ဆိုင်ကယ်မျိုးစုံ ၁၄ စီးနှင့် ဆိုင်ကယ်အပ်နှံရာတွင် အသုံးပြုသည့် ကတ် ၆၆ ခု၊ လက်ကိုင်ဖုန်းမျိုးစုံ ၁၂ လုံး၊ ငါးမန်းဂိမ်းလောင်းကစားရာတွင် အသုံးပြုသည့် ငွေဖြည့်ကတ်သုံးခု၊ CCTV အောက်စက် တစ်စုံ အပါအဝင် သက်သေခံပစ္စည်း ၂၉ မျိုးနှင့် လောင်းကြေးငွေ စုစုပေါင်း ငွေကျပ် ၆၅၃၅၀၀ တို့ကို သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ငါးမန်းဂိမ်းလောင်းကစားဒိုင်ဖွင့်လှစ်သူ တရုတ်နိုင်ငံသား Mr. Zhang Wen Win နှင့် အလုပ်သမား နှစ်ဦးအပါအဝင် လောင်းကစားသူများကို မြစ်ကြီးနား နယ်မြေရဲစခန်းတွင် ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# မော်လမြိုင်မြို့တွင် ဝိုင်ယာရှော့ခ်ဖြစ်၍ မီးလောင်မှုဖြစ်ပွား

**မော်လမြိုင် ဇန်နဝါရီ ၃**

မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် မိန်းကလေးလမ်းနှင့် ရဲဘော်ကုန်းလမ်းထောင့်၌ ဇန်နဝါရီ ၃ ရက် ညသန်းခေါင်ယံကျော်ခန့်တွင် မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် ရွှေဝါလမ်းနေ ဒေါ်အေးဝင်း ဖွင့်လှစ်ထားသည့် ရေခဲမုန့်ဆိုင်၌ထားရှိသော ရေခဲသေတ္တာ Safe Guard အပူရှိန်လွန်ကဲရာမှ မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် အနီးနားရှိ ဦးဗညား ဆိုင်ကယ်ပြင်ဆိုင်၊ ဦးသက်ဝေ လက်ဖက်ရည်ဆိုင်၊ ဒေါ်ညိုထမင်းဆိုင်တို့ မီးကူးစက်လောင်ခဲ့သည်။

**ဝိုင်းဝန်းငြိမ်းသတ်**

မီးလောင်မှု ဖြစ်ပွားသည့်နေရာသို့ မော်လမြိုင်ခရိုင် မီးသတ်ဦးစီးမှူး ဦးစိုးတင့်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဌေးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေ ပြည်သူများက မီးသတ်ယာဉ် ခုနစ်စီးဖြင့် မီးကိုဝိုင်းဝန်း ငြိမ်းသတ်ခဲ့သောကြောင့် မီးမှာနာရီဝက်ခန့်ဖြင့် ငြိမ်းသွားခဲ့ကြောင်း သိရသည်။

**အရေးယူဆောင်ရွက်**

မီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိသော်လည်း ဆိုင်ကယ်ပြုပြင်ဆိုင်အတွင်းထားရှိသော NCX အမျိုးအစား ဆိုင်ကယ်နှစ်စီး၊ Dream အမျိုးအစား ဆိုင်ကယ်တစ်စီး၊ NOBO အမျိုးအစား Auto ဆိုင်ကယ်တစ်စီး၊ Dream အမျိုးအစား Kawasik ဆိုင်ကယ်တစ်စီးနှင့် သုံးဘီးဆိုင်ကယ်ပျက် တစ်စီးနှင့် ဆိုင်ခန်းလေးခန်း မီးလောင်ခဲ့ပြီး မီးပေါ့ဆစွာသုံးစွဲသူ ဒေါ်အေးဝင်းကို မော်လမြိုင် မြို့မရဲစခန်းက အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**တင်ထွဋ်(မော်လမြိုင်)**

# စိန့်လုံ ပူးပေါင်းစစ်ဆေးဂိတ်၌ လက်နက်ကိုင်အဖွဲ့မှ အဖွဲ့ဝင်တစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၃**

ကချင်ပြည်နယ် မိုးမောက်မြို့၏ အရှေ့ဘက် ကိုးမိုင်ခန့်အကွာရှိ စိန့်လုံပူးပေါင်းစစ်ဆေးဂိတ်တွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းက လက်နက်ကိုင်တစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ပူးပေါင်းအဖွဲ့သည် လူ၊ ယာဉ် ဝင်ထွက်မှုများအား စစ်ဆေးရာ မြစ်ကြီးနားမှ လွယ်ဂျယ်ဘက်သို့ မောင်းနှင်လာသော နှင်းတောင်တန်း ခရီးသည်တင်ယာဉ်အမှတ် 1 M /------ ပေါ်တွင် လိုက်ပါလာသည့် လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့မှ အင်ခွန်တူးလွမ် မြစ်ကြီးနားမြို့နေသူကို ၎င်း၏ ခရီးဆောင်အိတ်အတွင်းမှ ယူနီဖောင်း နှစ်စုံ၊ မိုင်းထောင်ရာတွင် အသုံးပြုသည့် နိုင်လွန်ကြိုး၊ မိုင်းထောင်ငုတ်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

**သတင်းစဉ်**

# အင်းတော်မြို့နယ်အတွင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၀၉၈၀ သိမ်းဆည်းရမိ

**အင်းတော် ဇန်နဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ နန်းမကျိုင်းကျေးရွာအနီး၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၉၈၀ (ကာလတန်ဖိုးငွေကျပ် ၅၄၉၀၀၀၀၀ခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂ ရက် ညနေ ၅ နာရီခန့်က မူးယစ်တပ်ဖွဲ့စု (၆) ကသာမှ ရဲအုပ် ကျော်မင်းထွန်း ခေါင်းဆောင်သော ပူးပေါင်းအဖွဲ့သည် အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနား ကားလမ်း နန်းမကျိုင်းကျေးရွာအနီး မိုင်တိုင်အမှတ် ၂၃၄/km တွင် အင်းတော်မြို့ဘက်မှ အောင်ဌေးမောင်းနှင်ပြီး မောင်ငွားယိုရဲ လိုက်ပါလာသော ဆိုင်ကယ်နှင့် ထွန်းစိန် မောင်းနှင်ပြီး အာဒီးဆာ လိုက်ပါလာသော ဆိုင်ကယ်နှစ်စီးကို မသင်္ကာ၍ ရပ်တန့်စစ်ဆေးခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၉၈၀ (ကာလတန်ဖိုးငွေကျပ် ၅၄၉၀၀၀၀၀ ခန့်)ကို စစ်ဆေးတွေ့ရှိရသဖြင့် ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း ရဲအုပ် ကျော်မင်းထွန်းက ပြောသည်။



အောင်ဌေးအား စစ်ဆေးချက်အရ ၎င်းတို့လေးဦးသည် အဆိုပါစိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်မြောက်ပိုင်း မဘိမ်းမြို့နယ် ရွှေချောင်းကျေးရွာနေ ထွန်းစိန်၏ နေအိမ်မှတစ်ဆင့် ကချင်ပြည်နယ် တနိုင်းမြို့နယ်အတွင်းရှိ ပယင်းမော်ထဲသို့ သွားရောက်ရောင်းချမည့် မူးယစ်ဆေးဝါးများဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အောင်ဌေး ဟိုတုံကျေးရွာ မန်ထုံမြို့နယ်၊ မောင်ငွားယိုရဲ ဆာလာဒီကျေးရွာ ပူတာအိုမြို့နယ်၊ ထွန်းစိန် ကုန်းကျေးရွာ မြောက်ဦးမြို့နယ်နေသူနှင့် အာဒီးဆာ ဆာလာဒီကျေးရွာ ပူတာအိုမြို့နယ်နေသူတို့ကို အင်းတော်မြို့မရဲစခန်းက ဥပဒေအရ အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၃**

မူးယစ်တပ်ဖွဲ့စု ၃၄ ကော့သောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂ ရက် မွန်းလွဲ ၃ နာရီက ကော့သောင်းမြို့ အေးမြကန်သာရပ်ကွက်၊ မနော်ဟရီ ၄ လမ်း၊ အမှတ် ၂၄၈ နေ အောင်မင်းထွန်း(ခ)ညီညီ၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ ခိုင်သူရိန်ကို တွေ့ရှိရပြီး နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၄၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ထို့အတူ ည ၁၀ နာရီခွဲက မူးယစ်တပ်ဖွဲ့စု ၄၂ ရန်ကုန်(အနောက်)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လှိုင်သာယာမြို့နယ် အမှတ် ၁၀ ရပ်ကွက် နတ်မောက်လမ်းနေ ကျော်မျိုးလှိုင်(ခ)ကိုမျိုး၏နေအိမ်ကို ရှာဖွေရာ ၎င်း၏အင်္ကျီအိတ်ကပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ နှင့် လက်ကိုင် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလအတွင်း ကျွန်းသစ် တန်ချိန် ၆၆၀၀ ကျော် သိမ်းဆည်းရမိခဲ့

**နေပြည်တော် ဇန်နဝါရီ ၃**

မြန်မာနိုင်ငံအတွင်း တရားမဝင် သစ်ထုတ်လုပ်မှုများအား တားဆီးဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး၊ ပြည်နယ် သစ်တောဦးစီးဌာနများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ အချိန်နှင့်တစ်ပြေးညီ စစ်ဆေးဖမ်းဆီး အရေးယူမှုများကို လုပ်ဆောင်လျက်ရှိသည်။

**ဖမ်းဆီးအရေးယူ**

ထိုကဲ့သို့ တရားမဝင် သစ်ထုတ်လုပ်မှုများအား စစ်ဆေးဖမ်းဆီး အရေးယူဆောင်ရွက်မှုများရှိသော်လည်း နိုင်ငံပိုင်သစ်တောကြိုးဝိုင်းများ၊ ပုဂ္ဂလိက စိုက်ခင်းများမှ အဖိုးတန်ကျွန်းသစ်နှင့် အခြားသစ်မာများကို တရားမဝင် ထုတ်လုပ်လျက်ရှိနေသည်ကို တွေ့ရသည်။

တိုင်းဒေသကြီး၊ ပြည်နယ် သစ်တောဦးစီးဌာနများ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလအတွင်း တရားမဝင်သစ်ထုတ်လုပ်၍ ဖမ်းဆီးရမိမှုများမှာ ကျွန်းသစ် ၆၆၃၇ ဒသမ ၉၅၆၄ တန်၊ သစ်မာ ၉၀၂၈ ဒသမ ၇၅၈၁ တန်၊ အခြားသား ၁၆၈၂၀ ဒသမ ၃၅၃၆ တန်၊ မီးသွေး ၄၅၆၈ ဒသမ ၆၅၄၃ တန်နှင့် သစ်ထုတ်ရာတွင် အသုံးပြုသည့် မော်တော်ကား ၁၆၈၇ စီး၊ မြေတူးစက်၊ မြေကော်စက်၊ ကရိန်းခုနစ်စီး၊ ထော်လာဂျီ၊ ဒိန်းဒေါင်း၊ ထွန်စက် ၁၀၈ စီး၊ ဆိုင်ကယ် ဆိုက်တွဲယာဉ် ၄၇၄ စီး၊ စက်လှေ၊ ပဲ့ထောင်၊ ရေယာဉ် ၁၆၈ စင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**မင်းမြတ်ဦး (နေပြည်တော်)**

# ပန်းနာရင်ကျပ်ရောဂါကာကွယ်ရေးနှိုးဆော်ချက်

ပန်းနာရင်ကျပ်ရောဂါဆိုသည်မှာ အသက်ရှူလမ်းကြောင်းနှင့် လေပြွန်များ ရောင်ရမ်းပြီး သာမန်ထက်ပို၍ တုံ့ပြန်မှုများပြားကာ မြန်ဆန်နေခြင်းဖြစ်သည်။

**ပန်းနာရင်ကျပ်ရောဂါ၏ လက္ခဏာများ**

- အသက်ရှူစဉ် ရှီ ရှီမြည်ခြင်း၊
- ချောင်းခြောက်ဆိုးပြီးအသက်ရှူမဝခြင်း၊
- မောပန်းလွယ်ခြင်း၊
- စူးရှသော အနံ့ရလျှင်၊ စိတ်လှုပ်ရှားလျှင်၊ အားခွန်စိုက်၍ အလုပ်လုပ်လျှင် မောကျပ်ချောင်းဆိုးလာခြင်း၊
- ဖြစ်နေကျအချိန်တွင် ပုံမှန်ဖြစ်ခြင်း(ဥပမာ- နွေ၊ မိုး၊ ဆောင်းစသည်ဖြင့်)၊
- ညအိပ်ပျော်နေစဉ် ချောင်းဆိုးခြင်း၊ ကျပ်ခြင်း၊
- အကိုက်အခဲပျောက်ဆေး၊ သွေးတိုးကျဆေးအချို့သုံးစွဲလျှင်ရင်ကျပ်ခြင်း၊

**ကာကွယ်ကုသရေးနည်းလမ်းများ**

- ဆေးလိပ်သောက်တတ်လျှင် ဆေးလိပ်ဖြတ်ပါ။
- ဓာတ်မတည့်သောအရာများ ရှောင်ရှားပါ။
- နားလည်တတ်ကျွမ်းသော ကျန်းမာရေးစောင့်ရှောက်သူများနှင့် ပြသကာ ကုသမှုခံယူပါ။
- အခြားရောဂါများ (ဥပမာ- ဆီးချို၊ သွေးတိုး၊ အဝလွန်ရောဂါများ)ရှိပါက ကုသမှုခံယူပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# လိုက်ထရပ်ယာဉ်ဖြင့် သယ်ဆောင်လာသည့် တရားမဝင် Chang ဘီယာများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၀၇ စီး ၊ သွင်းကုန် ၈၆၉ စီး ၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀ စီး၊ သွင်းကုန် အစီး ၃၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇ ဒသမ ၈၄၃ သန်းခန့် ဖမ်းဆီးရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် ဒိုက်ဦးသွားရာ လမ်းပေါ်ရှိ မြစ်ကျိုးကျေးရွာ လမ်းထိပ်အနီးတွင် လှည့်ကင်းတာဝန် ထမ်းဆောင်နေသော ရဲတပ်ဖွဲ့က Light Truck ယာဉ်တစ်စီးပေါ်တွင် Chang Beer များ တင်ဆောင်လာသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းသို့ လာရောက်အပ်နှံခဲ့ရာ တရားမဝင် ကန့်သတ်ကုန်ပစ္စည်းများဖြစ်သည့် Chang Beer (330 ml) (340)Pkgs နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄ ဒသမ ၄ သန်းခန့်အား ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မြို့နယ်ဘောလုံးအဖွဲ့ချုပ် ဖွဲ့စည်းပုံစည်းမျဉ်း ရှင်းလင်းခြင်းအခမ်းအနား ပုသိမ်မြို့၌ ပြုလုပ်

**ရန်ကုန် ဇန်နဝါရီ ၃**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ မြို့နယ်ဘောလုံးအဖွဲ့ချုပ် ဖွဲ့စည်းပုံစည်းမျဉ်း ရှင်းလင်းခြင်း အခမ်းအနားကို ဇန်နဝါရီ ၂ ရက်က ပုသိမ်မြို့၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ဖွဲ့စည်းရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးကိုကိုသိန်း (အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)နှင့် တာဝန်ရှိသူများ၊ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ဖွဲ့စည်းရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးကိုကိုသိန်း (အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)က မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ဖွဲ့စည်းရေးလုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာသူများက မြို့နယ်ဘောလုံးအဖွဲ့ချုပ် ဖွဲ့စည်းပုံများနှင့်စပ်လျဉ်း၍ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။ မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ဖွဲ့စည်းရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးကိုကိုသိန်း (အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)နှင့် အဖွဲ့သည် ယင်းတွေ့ဆုံပွဲမတိုင်မီ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမန်းဂျော်နီနှင့် တွေ့ဆုံ၍ မြို့နယ်ဘောလုံးအဖွဲ့ချုပ် ဖွဲ့စည်းမည့်အစီအစဉ်များအား ရှင်းလင်းတင်ပြခဲ့သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ဖွဲ့စည်းရန် ဆောင်ရွက်လျက်ရှိပြီး မကွေး၊ မန္တလေး၊ တနင်္သာရီ၊ ဧရာဝတီ၊ ရခိုင်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့၌ တွေ့ဆုံရှင်းလင်းပြီးဖြစ်ကာ ကျန်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဆက်လက်လုပ်ဆောင်မည်ဖြစ်သည်။

**သတင်း-ဖိုးသော်ဇင်၊ဓာတ်ပုံ-MFF**

# မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်း ထိုင်းနိုင်ငံ၌ ခြေစမ်းပွဲများကစားရန်ထွက်ခွာ

**ရန်ကုန် ဇန်နဝါရီ ၃**

၂၀၁၈ အာရှဖူဆယ်ပြိုင်ပွဲအတွက် လေ့ကျင့်မှုများ ပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ထိုင်းနိုင်ငံ၌ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် ယနေ့နံနက်ပိုင်းက ထွက်ခွာသွားသည်။

မြန်မာဖူဆယ်အသင်းသည် ဇန်နဝါရီ ၃ ရက်မှ ၁၁ ရက်အထိ လေ့ကျင့်မှု ပြုလုပ်မည်ဖြစ်ပြီး ခြေစမ်းပွဲလေးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် ခြေစမ်းပွဲများအဖြစ် ထိုင်းလက်ရွေးစင်အသင်း၊ ထိုင်း ယူ-၂၃ အသင်း၊ ထိုင်းကလပ် နှစ်သင်းနှင့် ခြေစမ်းပွဲကစားရန် သဘောတူညီမှုရထားသော်လည်း ကစားမည့်ရက်ကို ဆက်လက်ညှိနှိုင်းလျက်ရှိသည်။ ယင်းအသင်းကို ပြီးခဲ့သည့်နှစ်က အောင်မြင်မှုများ ရယူပေးခဲ့သည့် ဦးဌေးမြင့်က နည်းပြချုပ်အဖြစ် ဆက်လက်ကိုင်တွယ်လျက်ရှိပြီး ကစားသမား ၁၆ ဦး လိုက်ပါသွားသည်။ မြန်မာအသင်းယှဉ်ပြိုင်မည့် အာရှဖူဆယ်ပြိုင်ပွဲကို ဖေဖော်ဝါရီလဆန်းပိုင်းတွင် တရုတ်(တိုင်ပေ)၌ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အီရန်၊ အီရတ်၊ တရုတ်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ပြည်တွင်းနည်းပြ ဦးဌေးမြင့် ကိုင်တွယ်သည့် ပြိုင်ပွဲများတွင် အောင်မြင်မှုများရခဲ့ပြီး ၂၀၁၆ အာဆီယံဖူဆယ်ပြိုင်ပွဲတွင် ဒုတိယ၊ ၂၀၁၇ အာဆီယံဖူဆယ်ပြိုင်ပွဲတွင် တတိယရခဲ့ပြီး အာရှခြေစစ်ပွဲပါ အောင်မြင်ခဲ့သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းတွင် **အုပ်ချုပ်သူ-** ဦးကြည်မင်းသိန်း၊ **နည်းပြချုပ်-** ဦးဌေးမြင့်၊ **လက်ထောက်နည်းပြ-** ဦးကျော်ဇင်ညွန့်၊ **ဂိုးနည်းပြ-** ဦးထွန်းထွန်းလတ်၊ **ဂိုးသမား-** ရန်ပိုင်ဟိန်း၊ ရဲထက်နိုင်၊ ဇွဲပြည့်စုံ၊ **ကစားသမား-** ကိုကိုလွင်၊ ဟိန်းမင်းစိုး၊ နိုင်ရဲကျော်၊ မျိုးမြင့်စိုး၊ စိုင်းပြုံးအောင်၊ ပြည့်ဖြိုးမောင်(၂)၊ ငြိမ်းမင်းစိုး၊ အောင်ဇင်ဦး၊ ခင်ဇော်လင်း၊ ကောင်းချစ်သူ၊ ကျော်ကျော်ထွန်း၊ ပြည့်ဖြိုးမောင်(၃)၊ ရဲလင်းထွန်းတို့ ပါဝင်ကြသည်။

**ရဲရင့်ရှိန်း**




# လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မီနီမာရသွန်ပြိုင်ပွဲကျင်းပ


**ဖျာပုံ ဇန်နဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့၌ လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီနီမာရသွန်ပြိုင်ပွဲ ကျင်းပရာ အမျိုးသား၊ အမျိုးသမီး ၃၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အမျိုးသား၊ အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၅ နာရီက ဖျာပုံအားကစားကွင်းရှေ့မှ တာလွှတ်ပြီး အမျိုးသားပြိုင်ပွဲဝင်များက ဖျာပုံမြို့နယ် ကျုံတာကျေးရွာအထိ အသွား အပြန် ၁၃ မိုင်နှင့် အမျိုးသမီးပြိုင်ပွဲဝင်များသည် သလိပ်ကလေးတံတားအထိ အသွားအပြန် ရှစ်မိုင် ယှဉ်ပြိုင်ရသည်။

အမျိုးသား၊ အမျိုးသမီး မီနီမာရသွန် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**




## ၂၀၁၈ခုနှစ်၊ ဧပြီလမှ အောက်တိုဘာလအတွက် ရိက္ခာဆန်ဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/စခန်းများမှ အကျဉ်းသား၊ အချုပ်သား၊ ရဲဘက်လုပ်အားရှင်များအတွက် ၂၀၁၈ခုနှစ်၊ ဧပြီလမှ အောက်တိုဘာလအတွင်း ကျွေးမွေးရန်လိုအပ်သော ရိက္ခာဆန်များကို သက်ဆိုင်ရာ အကျဉ်းထောင်/စခန်းများအရောက် မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားတိုင်းရင်းသား လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်** - အိတ်ဖွင့်တင်ဒါတစ်စုံလျှင် ကျပ်(၁၀၀၀၀)နှုန်းဖြင့် ၁၀-၁-၂၀၁၈ရက်မှ၂၆-၁-၂၀၁၈ရက်ထိ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန၊ အင်းစိန်မြို့နယ်

၃။ **တင်ဒါဖွင့်ဖောက်မည့်ရက်** - ၇-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)
**အချိန်** - နံနက် ၁၀နာရီ
**နေရာ** - ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန၊ အင်းစိန်မြို့နယ်

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်-
(က) ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး - ဖုန်း-၀၁-၂၁၇၅၂၀၊ ၀၁-၂၁၇၅၂၁
(ခ) ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး - ဖုန်း-၀၁-၆၄၂၄၉၅၊ ၀၁-၆၄၂၄၉၆

**တင်ဒါစိစစ်ရေးအဖွဲ့**
**ရန်ကုန်တိုင်းဒေသကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန**

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ အောက်တိုဘာလအတွက် ရိက္ခာဆန်ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး ဦးစီးမှူးရုံးကွပ်ကဲမှု အောက်ရှိအကျဉ်းထောင်/စခန်းများမှ အကျဉ်းသား၊ အချုပ်သား၊ ရဲဘက်လုပ်အားရှင်များအတွက် ၂၀၁၈ခုနှစ်၊ ဧပြီလမှ အောက်တိုဘာလအတွင်း ကျွေးမွေးရန်လိုအပ်သော ရိက္ခာဆန်များကို သက်ဆိုင်ရာ အကျဉ်းထောင်/စခန်းများအရောက် မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ ဝယ်ယူမည် ဖြစ်ပါ၍ မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်** - အိတ်ဖွင့်တင်ဒါတစ်စုံလျှင် ကျပ်(၁၀၀၀၀/-)နှုန်းဖြင့် ၁၀-၁-၂၀၁၈ရက်မှ ၂၆-၁-၂၀၁၈ရက်အထိ ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန၊ ပဲခူးမြို့နယ်

၃။ **တင်ဒါဖွင့်ဖောက်မည့်ရက်** - ၉-၂-၂၀၁၈ရက်(သောကြာနေ့)
အချိန် - ၁၀း၀၀နာရီ
**နေရာ** - ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန၊ ပဲခူးမြို့နယ်

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ရုံးချိန် အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်-
(က) ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး - ဖုန်း-၀၅၂-၂၂၂၀၇၆
(ခ) ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး - ဖုန်း-၀၅၂-၂၂၃၀၉၁၇

**တင်ဒါစိစစ်ရေးအဖွဲ့**
**ပဲခူးတိုင်းဒေသကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါအမှိုက်သိမ်းယာဉ်အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူသွားမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
(က) ဒေါင့်ဖန်း ကရိန်းပါအမှိုက်သိမ်းယာဉ် - ၁၆ စီး (သံအမှိုက်ကန် သုံးကန်) ပါဝင်ရမည်။
(ခ) တင်ဒါတင်သွင်းရမည့်နေရာ - တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ မုံရွာမြို့

၂။ အိတ်ဖွင့်တင်ဒါ စည်းကမ်းနှင့်လျှောက်လွှာပုံစံများအား ၁-၁-၂၀၁၈ရက်မှစ၍ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ၁၅-၁-၂၀၁၈ရက် ညနေ ၄နာရီတွင် တင်ဒါပိတ်မည် ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၊ မုံရွာမြို့၊ ဖုန်း-၀၇၁-၂၃၁၅၂၊ ၀၇၁-၂၂၂၄၈၊ ၀၇၁-၂၂၈၈၆တို့အား ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

★ နေမင်းခကြာ ★
ရာထူးဝင်သင်တန်းကြီး
P.P.T.T (ဆရာမဝင်ခွင့်) များအတွက်
(၁၆-၁-၂၀၁၈) တွင်သင်တန်းစပြီ။
Ph : 09 420042200, 09 253033923, 09 264335331, 09 456844050

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၆/ရွှေနံ့သာအရှေ့ရပ်၊ ရွှေနံ့သာရပ်ကွက်၊ သံလွင်လမ်းရှိ မြေကွက်အမှတ် ဥ-၁၇၀၈ပါမစ်မြေကွက်၏ မြေပေးမိန့်မူရင်းပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဒေါ်ခင်စန်းမြင့် ၉/ပမန(နိုင်)၀၆၉၀၇၄ (ဘ)ဦးတင်ဟန်မှ မြေပေးမိန့်မူရင်းပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ကိုယ်တိုင်ကတိဝန်ခံချက်များတင်ပြပြီး မြေပေးမိန့်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ထားပေးသည့် ပျောက်ဆုံးသွားသော မြေပေးမိန့်မူရင်းအားပယ်ဖျက်၍ မြေပေးမိန့်မိတ္တူမှန်လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**အမည်မှန်**

ဦးအောင်မျိုးထိုက် ၈/မမန(နိုင်)၁၄၈၁၄၉ ၏သမီး မြိုင်မြို့ အထက(၁)၊ န၀မတန်း(B)မှ မလဝင်းမေ၏ အမည်မှန်မှာ မလဝန်းမေ ဖြစ်ပါကြောင်း။

**မလဝန်းမေ**

**ဖခင်အမည်မှန်**

မြိုင်မြို့၊ အထက(၁)၊ န၀မတန်း(F)မှ မဖြူစင်မိုး၏ ဖခင်အမည်မှန်မှာ ဦးဇော်မျိုးမင်း ၈/မမန(နိုင်)၁၆၉၃၈၂ ဖြစ်ပါကြောင်း။

**ဦးဇော်မျိုးမင်း**

**သွေးသည် အသက်**

# ဘရာဇီးအကျဉ်းထောင် ဆူပူမှုဖြစ်ပွားပြီးနောက် အကျဉ်းသား ၁၀၀ ကျော် ထွက်ပြေးလွတ်မြောက်

**ရီယိုဒီဂျနေးရိုး ဇန်နဝါရီ ၃**

ဘရာဇီးနိုင်ငံအလယ်ပိုင်းတွင် အကျဉ်းထောင်ဆူပူမှုဖြစ်ပွားခဲ့ရာ လူကိုးဦးထက်မနည်းသေဆုံးခဲ့ပြီး ၁၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီးနောက်တွင် အကျဉ်းသား ၁၀၀ ကျော် ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း သိရသည်။

အကျဉ်းထောင်ဆူပူမှုသည် ဂိုလာနီယာရှိအကျဉ်းထောင်၌ လက်နက်များကိုင်ဆောင် ထားသည့်အကျဉ်းသားတစ်စုက တနင်္လာနေ့တွင် အခြားအကျဉ်းသားများအား တိုက်ခိုက်ရာမှ စတင်ဖြစ်ပွားခဲ့ကြောင်း အာဏာပိုင်များကပြောကြားသည်။

လက်နက်ကိုင်ဆောင်ထားသည့် အကျဉ်းသားများသည် သေနတ်များကိုအသုံးပြုခဲ့ကြပြီး အိပ်ရာများကို မီးရှို့ခဲ့ကြသည်။

ထွက်ပြေးလွတ်မြောက်သွားသူ အကျဉ်းသား ၁၀၆ ဦးရှိပြီး ရဲတပ်ဖွဲ့က ရဟတ်ယာဉ်များဖြင့် ရှာဖွေနေကြောင်း သိရသည်။ ဆူပူမှုဖြစ်ပွားချိန်သည် နှစ်သစ်ကူးနေ့တွင် အကျဉ်းသား ၉၀၀ ကျော်ကို အရာရှိငါးဦးတည်းဖြင့် စောင့်ကြပ်ထိန်းသိမ်းနေရသည့် အချိန်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ဖော်ပြခဲ့သည်။

ဘရာဇီးရှိ အကျဉ်းထောင်များတွင် ခိုက်ရန်ဖြစ်ပွားရာမှဆူပူမှုများ မကြာခဏဖြစ်ပွားကြောင်းနှင့် အကျဉ်းထောင်များသည် မကြာခဏ လူများပြည့်ကျပ်နေကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



ထွက်ပြေးလွတ်မြောက်သွားသည့် အကျဉ်းသားများအား ရဟတ်ယာဉ်ဖြင့် ရှာဖွေနေစဉ်။




# ပန်မွန်ဂျုံအပစ်အခတ်ရပ်စဲရေးရွာကို တောင်-မြောက် ဆက်သွယ်ရန် ပြန်ဖွင့်

**ဆိုးလ် ဇန်နဝါရီ ၃**

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ၂၀၁၆ ခုနှစ် အစောပိုင်းက ပိတ်ထားခဲ့သော ပန်မွန်ဂျုံ အပစ်အခတ်ရပ်စဲရေးရွာကို တောင်ကိုရီးယားနိုင်ငံနှင့် ဆက်သွယ်ရေးပြန်လုပ်ရန် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းများတွင်ဖော်ပြခဲ့သည်။

တောင်ကိုရီးယားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ဆောင်းရာသီအိုလံပစ်အားကစားပွဲတော်သို့ မြောက်ကိုရီးယားကိုယ်စားလှယ်အဖွဲ့စေလွှတ်ရေးနှင့် ပတ်သက်ပြီး ဆွေးနွေးမှုများလုပ်ဆောင်ရန် ပြန်လည်ဖွင့်ပေးခဲ့ခြင်းဖြစ်ကြောင်း အဖမြေငြိမ်းချမ်းစွာပြန်လည်ပေါင်းစည်းရေး မြောက်ကိုရီးယားကော်မတီက ပြောကြားခဲ့သည်။

၂၀၁၈ခုနှစ် ဖေဖော်ဝါရီလတွင်ကျင်းပမည့် ဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲကို တောင်ကိုရီးယားနိုင်ငံ အရှေ့ပိုင်း ပြုံချမ်းပြည်နယ်တွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၆ခုနှစ် ဇန်နဝါရီလတွင် ပြုလုပ်ခဲ့သည့် မြောက်ကိုရီးယားနျူကလီးယားစမ်းသပ်မှုကို တုံ့ပြန်သည့်အနေဖြင့် တောင်ကိုရီးယားအစိုးရက ကေဆောင်းစက်မှုဇုန်ကို တစ်ဖက်သတ်ပိတ်ခဲ့ပြီးကတည်းက ကိုရီးယားနှစ်နိုင်ငံ ဆက်ဆံရေး ဖြတ်တောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဗီယက်နမ်နိုင်ငံ၌ ပေါက်ကွဲမှုဖြစ်ပွားရာ ကလေးငယ်နှစ်ဦးသေဆုံး


မပေါက်ကွဲသေးသည့် ဗုံးသီးများ၊ ကျည်ဆန်များနှင့် အခြားပစ္စည်းများကို တွေ့ရစဉ်။

**ဟန်နွိုင်း ဇန်နဝါရီ ၃**

ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ဘက်နင်ပြည်နယ်တွင် ဇန်နဝါရီ ၃ရက်က ပေါက်ကွဲမှုကြီးတစ်ခုဖြစ်ပွားခဲ့ရာ ကလေးငယ် နှစ်ဦးသေဆုံးခဲ့ပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်အာဏာပိုင်များက ပြောကြားခဲ့သည်။

အဆိုပါပေါက်ကွဲမှုသည် ဗီယက်နမ်နိုင်ငံ ရန်ဖုန်းခရိုင် ဗန်မွန်ရပ်ကွက်ရှိ ပစ္စည်းအတိုအစများစုဆောင်းရာအိမ်တစ်လုံးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ထိုပေါက်ကွဲမှုကြောင့် နေအိမ်နှစ်လုံးပျက်စီးပြီး ပေါက်ကွဲမှုဖြစ်ပွားရာနေရာမှ မီတာ ၅၀၀ပတ်လည်အတွင်းရှိ အခြားအရာဝတ္ထုပစ္စည်းများပျက်စီးသွားခဲ့ကြောင်း သိရသည်။ ပေါက်ကွဲမှုဖြစ်ပွားရာနေရာတွင် ကျည်ဆန်အချို့ကို တွေ့ရကြောင်း သိရသည်။

ဗန်မွန်ရပ်ကွက်ရှိ မိသားစုများသည် ပစ္စည်းအတိုအစ စုဆောင်းရောင်းချခြင်းဖြင့် အသက်မွေးကြပြီး ၎င်းတို့၏ စုဆောင်းမှုများတွင် တစ်ခါတစ်ရံ မပေါက်ကွဲသေးသည့် ဗုံးသီးများ၊ ကျည်ဆန်များနှင့် မိုင်းများပါဝင်ကြောင်း သိရသည်။

အမေရိကန်ရှိ ဗီယက်နမ်စစ်ပြန်များ အောက်မေ့ဖွယ်ရန်ပုံငွေအဖွဲ့က ၁၉၆၅-၁၉၇၅ ခုနှစ်ဗီယက်နမ်စစ်ပွဲအတွင်း အမေရိကန်တပ်ဖွဲ့များသည် ဗီယက်နမ်နိုင်ငံတွင် တန်ချိန် ၁၅ သန်းရှိသော ဗုံးများ၊ မိုင်းများနှင့် အခြားဖောက်ခွဲရေးပစ္စည်းများကို ဖြန့်ကြက်ချထားခဲ့ပြီး ၎င်းတို့အနက် ၁၀ ရာခိုင်နှုန်းသည် မပေါက်ကွဲသေးဘဲ ကျန်ရှိနေကြောင်း ပြောခဲ့သည်။

ဗီယက်နမ်နိုင်ငံမှ ပစ္စည်းဟောင်းစုဆောင်းသူများသည် သတ္တုနှင့် ယမ်းမှုန့်များ ရယူရန်အတွက် မပေါက်ကွဲသေးသည့် ဗုံးသီးများကို တစ်ခါတစ်ရံရှာဖွေကြပြီး ကလေးငယ်များကလည်း ကျည်ဆန်များကို ထုရိုက်ကစားသောကြောင့် နှစ်စဉ်လူသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ငွေကြေး အကူအညီပေးအပ်မှုကို ရပ်ဆိုင်းမည်ဟု ထရန့်၏ ခြိမ်းခြောက်မှု ပါလက်စတိုင်းဝေဖန်

**ရာမာလာ ဇန်နဝါရီ ၃**

အမေရိကန်ပြည်ထောင်စုသည် ပါလက်စတိုင်းက အစ္စရေးနှင့်ငြိမ်းချမ်းရေးဆွေးနွေးရန် လိုလိုလားလားမရှိဟုဆိုသည့် အကြောင်းပြချက်ဖြင့် အနာဂတ်တွင် အကူအညီပေးထောက်ပံ့နေမှုများကို ရပ်ဆိုင်းပစ်မည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ခြိမ်းခြောက်ခဲ့မှုကို ပါလက်စတိုင်းက ဗုဒ္ဓဟူးနေ့က ဝေဖန်ရှုတ်ချခဲ့ကြောင်း သိရသည်။

ထရန့်သည် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု၏ လက်ယာယိမ်းအစိုးရအဖွဲ့အတွင်း ပြုလုပ်သည့် ဝန်ကြီးများအဖွဲ့အစည်းအဝေးမှ ချီးကျူးမှုရရှိခဲ့သည်။ သို့သော် ပါလက်စတိုင်းသို့ ငွေကြေးဆိုင်ရာ အကူအညီပေးအပ်နေမှုကို လျှော့ချမှုကြောင့် ဖြစ်လာနိုင်မည့် အန္တရာယ်ရှိကြောင်း အစ္စရေးငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးသူဟောင်းတစ်ဦးထံမှ သတိပေးချက်ရရှိခဲ့သည်။

အင်္ဂါနေ့က တွစ်တာပေါ်တွင် ထရန့်က ရေးသားခဲ့ရာတွင် ဝါရှင်တန်သည် ပါလက်စတိုင်းကို တစ်နှစ်လျှင် ဒေါ်လာသန်းပေါင်းရာချီ ပေးအပ်ခဲ့ကြောင်း၊ သို့သော်မည်သည့် အသိအမှတ်ပြုမှုနှင့် လေးစားမှုကိုမျှ မရရှိခဲ့ကြောင်း ရေးသားခဲ့သည်။ ၎င်းတို့သည် သတ်မှတ်ထားသည့် အချိန်ထက်နောက်ကျနေပြီဖြစ်သည့် ငြိမ်းချမ်းရေးစာချုပ်နှင့်ပတ်သက်၍ အစ္စရေးနှင့် ညှိနှိုင်းဆွေးနွေးသွားလိုသော ဆန္ဒပင်မရှိကြောင်း၊ ပါလက်စတိုင်းပြည်သူများက ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြုလုပ်လိုခြင်းမရှိလျှင် အဘယ်ကြောင့် အနာဂတ်တွင်များစွာသော ငွေကြေးအကူအညီအလုံးအရင်းကို ပေးအပ်နေရမည်နည်းဟု ရေးသားခဲ့ကြောင်း သိရသည်။

ပါလက်စတိုင်း လွတ်လပ်ရေးအဖွဲ့ အမှုဆောင်ကော်မတီအဖွဲ့ဝင် ဟာနန်အက်ရှရော်နီက ပါလက်စတိုင်းပြည်သူများသည် ငွေညှစ်နေသူများ မဟုတ်ကြောင်း တုံ့ပြန်ပြောကြားခဲ့သည်။

**ရိုက်တာ**

# လက်ယာစွန်းရောက်အုပ်စုမှ အဖွဲ့ဝင်ခြောက်ဦးကို ဗြိတိန်ရဲတပ်ဖွဲ့ဖမ်းဆီး

**လန်ဒန် ဇန်နဝါရီ ၃**

ဗြိတိန်ရဲတပ်ဖွဲ့သည် တားမြစ်ပိတ်ပင်ထားသည့် လက်ယာစွန်းရောက်အဖွဲ့ဖြစ်သည့် National Action ၏အဖွဲ့ဝင်အဖြစ် ဆောင်ရွက်နေကြောင်း သံသယရှိမှုဖြင့် လူခြောက်ဦးကို အကြမ်းဖက်ဆန့်ကျင်တိုက်ဖျက်ရေး အာဏာပိုင်များက ဖမ်းဆီးလိုက်ကြောင်း ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

အကြမ်းဖက်ဆန့်ကျင်ရေးဥပဒေအရ အင်္ဂလန်အလယ်ပိုင်းနှင့် အင်္ဂလန်မြောက်ပိုင်းတို့မှ အသက် ၂၀ကျော်အရွယ် အမျိုးသားငါးဦးနှင့် အသက် ၃၇ နှစ်ရှိ အမျိုးသမီးတစ်ဦးကို ဖမ်းဆီးခဲ့ပြီး ၎င်းတို့ပိုင်ဆိုင်သည့်ပစ္စည်းများကိုလည်း ရှာဖွေရေးလုပ်ဆောင်ခဲ့ကြောင်း သိရသည်။

၂၀၁၆ ခုနှစ်တွင် နီယိုနာဇီအဖွဲ့သည် ဗြိတိန်၌ ဝရမ်းထုတ်ခြင်းခံရသည့် ပထမဆုံးသော လက်ယာစွန်းရောက်အဖွဲ့အစည်းတစ်ခုဖြစ်လာခဲ့သည်။ ပြီးခဲ့သည့်နှစ်က ယင်းအဖွဲ့၏အဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့သည်ဟု စွပ်စွဲခြင်းခံခဲ့ရသည့် အမျိုးသားတစ်ဦးသည် အခြားနိုင်ငံရေးသမားတစ်ဦးကို သတ်ဖြတ်ရန်အတွက် ကြိုတင်ကြံစည်မှုပြုလုပ်ခဲ့သည်ဟူသော စွပ်စွဲချက်ဖြင့် တရားရုံးတွင် စစ်ဆေးကြားနာခြင်းခံခဲ့ရပြီး ယင်းဖမ်းဆီးခဲ့မှုအတွင်း တပ်ဖွဲ့ဝင်အချို့မှာလည်း National Action အဖွဲ့ဝင်ဖြစ်သည်ဟု သံသယရှိမှုဖြင့် ဖမ်းဆီးခံခဲ့ရသည်။

နောက်ဆုံးဖမ်းဆီးခဲ့မှုသည် ကြိုတင်စီစဉ်ထားသည့်ဖမ်းဆီးမှုဖြစ်ပြီး အများပြည်သူ၏ လုံခြုံဘေးကင်းမှုအတွက် အန္တရာယ်မရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

**ရိုက်တာ**

# ရှန်ဟိုင်းကမ်းလွန်တွင် သင်္ဘောတစ်စင်းနစ်မြုပ်ခဲ့ရာ ၁၀ ဦး ပျောက်ဆုံးလျက်ရှိ

**ရှန်ဟိုင်း ဇန်နဝါရီ ၃**

တရုတ်နိုင်ငံအရှေ့ဘက် ရှန်ဟိုင်းကမ်းလွန်တစ်နေရာတွင် စတီးတန်ချိန်ပေါင်း ၅၀၀၀ တင်ဆောင်လာသော ချန်ပင်သင်္ဘောသည် အခြားကုန်တင်သင်္ဘောတစ်စင်းနှင့် ယမန်နေ့ညက တိုက်မိပြီး ယန်ဇီမြစ်ဝအနီးတွင် နစ်မြုပ်မှုခဲ့ရာ ယခုအချိန်ထိ သင်္ဘောသားသုံးဦးကိုသာ ကယ်တင်နိုင်ပြီး ၁၀ ဦးပျောက်ဆုံးလျက်ရှိကြောင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း ပြည်တွင်းရေကြောင်းလုံခြုံမှုဆိုင်ရာ အကြီးအကဲက ပြောကြားသည်။

**ဆင်ဟွာ**

နိုင်ငံတကာ သတင်းတိုထွာ

## ၂၀၁၇ တွင် ပင်လယ်စာတင်ပို့မှုမှ ဗီယက်နမ်အကျိုးအမြတ်များစွာရရှိ

**ဟန္နိုင်း ဇန်နဝါရီ ၃**

ဗီယက်နမ်နိုင်ငံတွင် ၂၀၁၇ ခုနှစ်အတွင်း ပင်လယ်စာတင်ပို့မှုမှ အမြတ်ငွေ အမေရိကန်ဒေါ်လာ ၈ ဒသမ ၄ ဘီလီယံ ရရှိကြောင်း သိရသည်။ ယင်းအကျိုးအမြတ်ရရှိမှုသည် ၂၀၁၆ ခုနှစ်ကထက် ၁၈ ဒသမ ၅ ရာခိုင်နှုန်းမြင့်မားကြောင်း ဗီယက်နမ်စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက အင်္ဂါနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

အဓိကပင်လယ်စာတင်ပို့ကုန်အမယ်များဖြစ်သည့် ပုစွန်တုပ်ကြီး၊ ပုစွန်ဆိတ်နှင့် တူနာငါးများတင်ပို့မှုသည် ၂၀ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကာ အမေရိကန်ပြည်ထောင်စုအပါအဝင် အဓိကဈေးကွက်များသို့ တင်ပို့ခဲ့မှုမှ အမြတ်ငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံကျော် ရရှိခဲ့သည်။

ဗီယက်နမ်မှ တရုတ်နိုင်ငံ၊ ဥရောပနှင့် တောင်ကိုရီးယားနိုင်ငံများသို့ ပုစွန်တုပ်ကြီးနှင့် ပုစွန်ဆိတ်များ တင်ပို့မှုသည် ၆၀ ရာခိုင်နှုန်း၊ ၄၂ ရာခိုင်နှုန်းနှင့် ၃၃ ရာခိုင်နှုန်းသို့ အသီးသီးမြင့်တက်လာခဲ့ကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ပြောကြားခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## အိန္ဒိယနာမည်ကျော်သရုပ်ဆောင် နိုင်ငံရေးလုပ်မည်

**နယူးဒေလီ ဇန်နဝါရီ ၃**

နာမည်ကျော် အိန္ဒိယရုပ်ရှင်မင်းသားကြီး ရာဂျစ်ခန်သည် ပါတီတစ်ခုတည်ထောင်ကာ နိုင်ငံရေးလောကသို့ ဝင်ရောက်တော့မည်ဖြစ်ကြောင်း မကြာသေးမီက ကြေညာခဲ့သည်။

နိုင်ငံရေးလုပ်ရှားရန် အချိန်ကျရောက်ပြီဖြစ်သောကြောင့် အခုလို နိုင်ငံရေးလောကသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ တာဝန်များကို ထမ်းဆောင်သွားမည်ဖြစ်ကြောင်း၊ ပြောင်းလဲဖို့ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ အခုလို ဆုံးဖြတ်ချက်ချ မလုပ်ဆောင်ပါက အဆိုပါ အပြစ်က ၎င်းကို အမြဲခြောက်လှန့်နေလိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အသက် ၆၇ နှစ်ရှိ နာမည်ကြီးမင်းသားကြီး ရာဂျစ်ခန်သည် အန္ဒိယတောင်ပိုင်း တမီလ်နာဒူးပြည်နယ်၌ နေထိုင်ကြောင်းသိရပြီး ၎င်း၏ ပရိသတ်များနှင့် ခြောက်ရက်ကြာတွေ့ဆုံခဲ့ပြီးနောက် ထိုသို့ ပြောကြားလိုက်ခြင်း ဖြစ်သည်။

၎င်းတည်ထောင်မည့်ပါတီသည် လာမည့် ၂၀၂၁ ခုနှစ်တွင် တမီလ်နာဒူးပြည်နယ်ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရန် လျာထားကြောင်း သိရသည်။ ယုံကြည်မှု၊ ကြိုးစားအားထုတ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုသည် ၎င်းတို့ပါတီ၏ ဆောင်ပုဒ်ဖြစ်ကြောင်း ရာဂျစ်ခန်က ပြောခဲ့သည်။

**ဆင်ဟွာ**

# စီးပွားရေးဖွံ့ဖြိုးမှု နှေးကွေးမှုနဲ့ အကျင့်ပျက်ခြစားမှုတွေကြောင့် ပေါ်ပေါက်လာရတဲ့ ဆန္ဒပြပွဲ

**ခြူးစန္ဒီနွေး**



### ဆန္ဒပြပွဲများပေါ်ပေါက်

အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီရဲ့ ငြိမ်းငြိမ်းချမ်းချမ်း နေကြပါဆိုတဲ့ တောင်းဆိုချက်ကို လျစ်လျူရှုခဲ့ကြတဲ့ အီရန်ကဆန္ဒပြသူတွေဟာ တနင်္လာနေ့မှာတော့ မြို့ကြီးတွေမှာ ငါးရက်မြောက်နေ့အဖြစ် ဆက်လက်ဆန္ဒပြခဲ့ကြပါတယ်။ စီးပွားရေးမှာ ကန့်သတ်ပိတ်ပင်လွန်းတာတွေ၊ နိုင်ငံရေးအရ မအောင်မမြင်ဖြစ်တာတွေအတွက် ဒီနှစ်ပိုင်းမှာ မကျေမနပ်ဖြစ်ပြီး အကြီးအကျယ် ဆန္ဒပြကြတာပဲဖြစ်ပါတယ်။ အီရန်အစိုးရအနေနဲ့ကတော့ သမ္မတရိုဟာနီရဲ့ ဖျောင်းဖျတဲ့ စကားနဲ့အတူတစ်ဖက်မှာလည်း ဆန္ဒပြသူတွေကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေဟာ ပြင်းပြင်းထန်ထန် နှိပ်ကွပ်ခဲ့ပါတယ်။ တနင်္လာနေ့ နှောင်းပိုင်းမှာတော့ နှိပ်ကွပ်မှုတွေဟာ ဒီထက်ပိုပြီးပြင်းထန်လာမယ်လို့ ပြောခဲ့ပါတယ်။ တီဟီရန်မြို့မှာ အခြေအနေမတည်မငြိမ်ဖြစ်မှုတွေကို ဒီ့ထက်ပိုပြီး လွှတ်ထားမှာမဟုတ်တော့ဘူးလို့ တီဟီရန်အခြေစိုက် အစ္စလာမ့်မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့မှ ဒုတိယအကြီးအကဲ Esmaekl Kowsari က အစိုးရနဲ့ ဖက်စပ်လုပ်ကိုင်နေတဲ့ ISNA သတင်းဌာနကို ပြောပါတယ်။

### အခြေအနေများတည်ငြိမ်ရန် ဆုံးဖြတ်ချက်လိုအပ်

တကယ်လို့ အခြေအနေတွေဟာ ဆက်လက်ဖြစ်ပေါ်နေဦးမယ်ဆိုရင် အာဏာပိုင်တွေဘက်က ဆုံးဖြတ်ချက်အချို့ချမှတ်ရတော့မှာဖြစ်ပြီး ဒီအခြေအနေကြီးတစ်ရပ်လုံးကို အဆုံးသတ်သွားစေမယ့် ဆုံးဖြတ်ချက်လည်း ဖြစ်လာဖို့လိုတယ်လို့လည်း ပြောခဲ့ပါတယ်။ မစ္စတာရိုဟာနီရဲ့ ဆန္ဒအတိုင်းသာဆိုရင်တော့ သူဟာ ဆန္ဒပြသူတွေကို သူတို့လိုချင်တဲ့ အတိုင်းအတာကို ခွင့်ပြုပေးမှာမဟုတ်ပါဘူး။ တနင်္လာနေ့မှာတော့ အစိုးရနဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေဟာ ဆန္ဒပြသူတွေကိုနှိမ်နင်းဖို့ ပြင်ဆင်ထားခဲ့ကြပါတယ်။ အဓိကရုဏ်းနှိမ်နင်းတဲ့ ရဲတွေဟာ လူစုခွဲရာမှာ အသုံးပြုဖို့ ကိရိယာအစုံအလင်နဲ့အတူ တီဟီရန်မြို့မှာ အင်အားအပြည့်နဲ့ နေရာ ယူထားကြပါတယ်။

### အဓိကရုဏ်းနှိမ်နင်းမှုများ

အဓိကရုဏ်းတွေကို နှိမ်နင်းရင်းနဲ့ သေဆုံးသွားတဲ့ လူဦးရေအရေအတွက်ကတော့ အခုအချိန်ထိဆို ၁၂ ဦးရှိလာပြီပဲဖြစ်တယ်။ Esfahan ပြည်နယ်မှာဆိုရင် ရဲအရာရှိတစ်ဦးသေဆုံးခဲ့ပြီး သေနတ်နဲ့ ပစ်ခတ်မှုကြောင့် လူသုံးဦး ဒဏ်ရာရရှိခဲ့ပါတယ်။ လက်ရှိမှာ အခြေအနေတွေ မတည်မငြိမ်ဖြစ်မှုကို အခွင့်ကောင်းယူပြီး ရဲတပ်ဖွဲ့ဝင်တွေအကြား ရိုင်ဖယ်သေနတ်နဲ့ ပစ်ခတ်ခဲ့တဲ့အတွက် အခုလိုဖြစ်ရတာပါလို့ နိုင်ငံပိုင်ရုပ်သံက တင်ပြပါတယ်။ ကြာသပတေးနေ့ကတည်းက စတင်ခဲ့တဲ့ ဆန္ဒပြမှုအတွင်းမှာ တီဟီရန်မြို့ တစ်မြို့တည်းမှာပဲ လူပေါင်း ၂၀၀ နီးပါး အဖမ်းခံထားရပြီးဖြစ်ပါတယ်။ အခြားသောမြို့ကြီးတွေမှာလည်း ဖမ်းဆီးမှုတွေ ရှိနေပါတယ်။ သမ္မတ ရိုဟာနီကတော့ အကြမ်းဖက်မှုတွေကို ရှောင်ရှားဖို့အတွက် ဆန္ဒပြသူတွေကို တိုက်တွန်းထားပါတယ်။ ဒါပေမယ့်လည်း ပြည်သူတွေမှာ သူတို့ရဲ့ ဆန္ဒကို ထုတ်ဖော်ခွင့်ရှိတယ်ဆိုတာကိုတော့ ထည့်သွင်းမပြောသွားပါဘူး။ ပြည်သူတွေဟာ စီးပွားရေးပြဿနာအကြောင်း ပြောဆိုလိုကြတယ်၊ အကျင့်ပျက်ခြစားမှုနဲ့ အစိုးရယန္တရားတွေမှာ ပွင့်လင်းမြင်သာမှုမရှိတာကို ဆွေးနွေးလိုတယ်။ ဒီ့ထက်ပိုပြီး ပွင့်လင်းတဲ့ အသိုက်အဝန်းတစ်ခုကို လိုချင်ကြတယ်လို့ တွစ်တာပေါ်မှာ ရေးသားခဲ့ပါတယ်။

### ပြည်သူ့လိုအပ်ချက်ကို အာရုံစိုက်သင့်

ပြည်သူတွေရဲ့ လိုအပ်ချက်တွေ၊ တောင်းဆိုမှုတွေ၊ မေတ္တာရပ်ခံမှုတွေကို အာရုံစိုက်သင့်တယ်လို့လည်း ရေးသားထားပါတယ်။ ဒီလိုမျိုး လူထုအုံကြွမှုဖြစ်တာ ဒီတစ်ခါ အကြီးကျယ်ဆုံးတော့ မဟုတ်ပါဘူး။ ၂၀၀၉ ခုနှစ်တုန်းကလည်း ဖြစ်ခဲ့ဖူးပါတယ်။ ၂၀၀၉ ခုနှစ် အငြင်းပွားဖွယ် အီရန်သမ္မတရွေးကောက်ပွဲကနေတစ်ဆင့် ဆူပူအုံကြွမှုတွေ ပေါ်ပေါက်လာတာပဲဖြစ်တယ်။ ဒီတစ်ခါကတော့ နောက်တစ်ကြိမ်အုံကြွမှုပဲဖြစ်တယ်။

အစိုးရကို ထောက်ခံသူတွေလို့ ယူဆရတဲ့ ကျေးလက်ဒေသနေပြည်သူတွေဟာ အခုအခါမှာတော့ ဆန္ဒပြပွဲကြီးကို ဦးဆောင်နေကြပါပြီ။ တီဟီရန်က လမ်းမတွေထက်မှာ ဆန္ဒပြမှုတွေ ဖြစ်ပွားနေပေမယ့် တကယ်တမ်းကျတော့ တီဟီရန်ဟာ ဆန္ဒပြမှုတွေရဲ့အချက်အချာတစ်ခုတော့ မဟုတ်ပါဘူး။

### လူငယ်မဲဆန္ဒရှင်များ၏ နှစ်သက်မှု ရရှိခဲ့သူလည်းဖြစ်

တီဟီရန်မှာ လူလတ်တန်းစားတွေဟာ အစိုးရကို မကျေနပ်ကြပေမယ့် တကယ်တမ်းကျတော့ အခြေအနေတွေ မတည်ငြိမ်မှုကို သူတို့လည်း ကြောက်ပါတယ်။ သမ္မတရိုဟာနီနဲ့ ကက်ဘိနက်အဖွဲ့ဟာ တနင်္ဂနွေနေ့မှာပဲ အစည်းအဝေးပြုလုပ် ခဲ့ကြပါတယ်။ သမ္မတရိုဟာနီဟာ လူငယ် မဲဆန္ဒရှင်တွေရဲ့ အထူးနှစ်သက်မှုကို ယူခဲ့သူဖြစ်ပြီး အဲဒါကြောင့်ပဲ မေလအတွင်းက ပြုလုပ်ခဲ့တဲ့ ရွေးကောက်ပွဲမှာ သမ္မတရိုဟာနီ ပြန်လည်ရွေးကောက်ခံခဲ့ရတာ ပဲဖြစ်ပါတယ်။ ဒါပေမယ့်လည်း သမ္မတရိုဟာနီဟာ သူကတိပေးထားတဲ့အတိုင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် လုပ်ပါမယ်ဆိုတဲ့ ကတိကိုတော့ မတည်နိုင်ပါဘူး။ လက်ရှိမှာ ဖြစ်ပေါ်နေတဲ့ ဆန္ဒပြမှုတွေဟာ ၂၀၀၉ ခုနှစ်က အဖြစ်အပျက်တွေနဲ့တော့ သဘောသဘာဝချင်း မတူပါဘူး။ အဲဒီအချိန်တုန်းက သဘောထားတင်းမာတဲ့ သမ္မတ Mahmoud Ahmadinejad ရဲ့ ရွေးကောက်ပွဲပြီးနောက်ပိုင်း အကြီးအကျယ် လူထုအုံကြွမှုကြီး ပေါ်ပေါက်လာခဲ့တာပဲဖြစ်တယ်။ အဲဒီနောက်မှာတော့ အီရန်ခေါင်းဆောင်တွေကို ဆန့်ကျင်မှုတွေ ပေါ်ပေါက်ခဲ့ပါတယ်။

### ကတိအတိုင်း အကောင်အထည်မဖော်နိုင်

အခုတစ်ကြိမ်ကတော့ ပြုပြင်ပြောင်းလဲရေးသမားတစ်ဦးဖြစ်တဲ့ သမ္မတရိုဟာနီဟာ သူ့ရဲ့ကတိကို အကောင်အထည်ဖော်မပေးနိုင်တဲ့အတွက် ပေါ်ပေါက်လာရတဲ့ ဆန္ဒပြမှုတွေပဲဖြစ်ပါတယ်။ သမ္မတရိုဟာနီဟာ စီးပွားရေးနဲ့ နိုင်ငံရေးတို့မှာ ပိုမိုကောင်းမွန်တဲ့ အခွင့်အလမ်းတွေ အကောင်အထည်ဖော်ပေးမယ်လို့ ကတိပေးခဲ့ပြီး အဲဒီအတိုင်း အကောင်အထည်ဖော်မပေးနိုင်လို့ ပေါ်ပေါက်လာတဲ့ ဆန္ဒပြပွဲတွေပဲဖြစ်ပါတယ်။ အီရန်သမ္မတဟာ နျူကလီးယားသဘောတူစာချုပ်ချုပ်ဆိုပြီး စီးပွားရေးအရ ပိတ်ဆို့ခံထားရမှုအချို့ကို ဖယ်ရှားနိုင်ခဲ့ပေမယ့် စီးပွားရေးကို အထူးတလည် ကောင်းမွန်လာအောင် လုပ်ဆောင်ပေးနိုင်စွမ်းမရှိဘူးလို့ ယူဆလာကြပါတယ်။ ဒါဟာ လူငယ်ထုကို ပိုပြီး ဒေါသထွက်စေပါတယ်။ ဖမ်းဆီးခံထားရသူတွေဟာလည်း အသက် ၂၅ နှစ်အောက် လူငယ်တွေပဲဖြစ်ပါတယ်။ စီးပွားရေး အခြေအနေမကောင်းမှုဟာ လူငယ်ထုကို အများကြီး ရိုက်ခတ်စေခဲ့ပါတယ်။ အသက် ၃၀ အောက် လူငယ် ၅၀ ရာခိုင်နှုန်းခန့်ကို ထိခိုက်စေခဲ့တယ်လို့ အစိုးရစာရင်းအင်း အချက်အလက်တွေအရ သိရပါတယ်။ တရားဝင်ကြေညာထားတာကတော့ လူငယ်အလုပ်လက်မဲ့ရာခိုင်နှုန်းဟာ ၂၀ ရာခိုင်နှုန်းရှိတယ်လို့ ဆိုပေမယ့် ကျွမ်းကျင်သူတွေ ပြောကြတာကတော့ အလုပ်လက်မဲ့ ရာခိုင်နှုန်းဟာ ၄၀ ရာခိုင်နှုန်းအထိရှိတယ်လို့ ဆိုပါတယ်။

### ဆန္ဒပြမှုများ တဖြည်းဖြည်း ကျယ်ပြန့်လာ

ကြာသပတေးနေ့ကစတင်ပြီး ဆန္ဒပြကြရာမှာ ဆန္ဒပြသူတွေဟာ စီးပွားရေးအားနည်းမှုနဲ့ပတ်သက်ပြီး ကြွေးကြော်ခဲ့ကြတယ်။ အစပိုင်းမှာ စီးပွားရေးတိုးတက်မှုနှေးကွေးတဲ့အတွက် ဆန္ဒပြခဲ့ကြပေမယ့် ဆန္ဒပြမှုတွေဟာ တဖြည်းဖြည်း ကျယ်ပြန့်လာခဲ့ပြီးတဲ့နောက်မှာတော့ နိုင်ငံရေးအထိပါ ပါဝင်လာတာကို တွေ့ရပါတယ်။ တချို့သော ဆန္ဒပြသူတွေဟာဆိုရင် သမ္မတရိုဟာနီနဲ့ အာဏာအရှိဆုံး ခေါင်းဆောင်ကြီးဖြစ်တဲ့ အရာတိုလာ အလီခါမေနီတို့ သေဆုံးပါစေလို့အထိတောင် ကြွေးကြော်လာကြတယ်။ ဆန္ဒပြသူတွေရဲ့ အင်အားနဲ့ သဘောထားပြင်းထန်မှုတွေကို အီရန်နိုင်ငံရေးသမားတွေပါ အံ့အားသင့်ကုန်ကြပါတယ်။ မြို့ပေါင်းထက်ဝက်နီးပါးမှာပါ ဆန္ဒပြမှုတွေဟာ ပျံ့နှံ့ကုန်ပါတယ်။

တီဟီရန်မှာတော့ အခြားမြို့ကြီးတွေလောက် ဆန္ဒပြမှုတွေ မပြင်းထန်ပေမယ့် သူတို့ရဲ့ မကျေနပ်မှုတွေကတော့ ဆက်လက်ပျံ့နှံ့နေတုန်းပါပဲ။ လမ်းပေါ်မှာ ဆန္ဒပြကြသူတွေကတော့ ကုန်ဈေးနှုန်းကြီးမြင့်မှုတွေ၊ လာဘ်စားမှုတွေနဲ့ ပြောင်းလဲတိုးတက်မှု တစ်စုံတစ်ရာမရှိတာကို မကျေမနပ်ဖြစ်ကြတာပါပဲ။ စီးပွားရေးတိုးတက်ဖို့လိုတယ်။ ပြည်သူ့အသံကို ကြားဖို့လိုတယ်လို့ အသက် ၂၈ နှစ်အရွယ် ပီယာနိုဆရာမက ပြောပါတယ်။

### မျှော်လင့်သလို ဖြစ်မလာ

သမ္မတရိုဟာနီဟာ လူငယ်မဲဆန္ဒရှင်တွေရဲ့ထောက်ခံမှုတွေနဲ့ ပြန်လည်ရွေးကောက်ခံရတာဖြစ်ပေမယ့် အခုအချိန်မှာတော့ ဒီလူငယ်ထုကပဲ သူ့ကို မကျေမနပ်ဆန္ဒပြနေကြပါပြီ။ စီးပွားရေးမှာ ပိတ်ဆို့ခံရမှုတွေ၊ လာဘ်စားမှုတွေနဲ့ မှားယွင်းတဲ့ စီမံခန့်ခွဲမှုတွေကြောင့် အထိနာခဲ့ရတယ်လို့ ဆန္ဒပြသူတွေက ပြောပါတယ်။ လူငယ်ထုဟာ သမ္မတရိုဟာနီကို အကြီးအကျယ် မျှော်လင့်ချက်ထားခဲ့ကြပေမယ့် သူတို့မျှော်လင့်သလို ဖြစ်မလာတဲ့အခါမှာတော့ ပေါက်ကွဲခဲ့ကြပါတယ်။ အမေရိကန်ပြည်ထောင်စုကလည်း အီရန်အပေါ် ပိတ်ဆို့မှုတွေ ထပ်မံပြုလုပ်ခဲ့တော့ ပိုပြီးအကျပ်ရိုက်စေခဲ့ပါတယ်။

### ခေါင်းခဲနေရ

မြို့ကြီးတွေမှာ ဆန္ဒပြသူအချို့ဟာ ညအချိန်အခါမှာလည်း အကြမ်းဖက်ဆန္ဒပြကြတဲ့အတွက် ဒေသခံတွေဟာ သူတို့ရဲ့ စီးပွားရေးနဲ့ လုံခြုံရေးကို ထိခိုက်မှာ စိုးရိမ်ကြပါတယ်လို့ နိုင်ငံပိုင်သတင်းဌာနက ထုတ်လွှင့်ပါတယ်။ စီးပွားရေးဖွံ့ဖြိုးမှု နှေးကွေးတဲ့အတွက် မကျေမနပ်ဖြစ်ရာကနေ ပေါ်ပေါက်လာတဲ့ ဆန္ဒပြပွဲတွေကြောင့် သမ္မတရိုဟာနီတစ်ယောက် ခေါင်းခဲနေရမှာတော့ အမှန်ပါပဲ။ ။

**ကိုးကား- နယူးယောက်တိုင်းမ်**

**“အခုတစ်ကြိမ်ကတော့ ပြုပြင်ပြောင်းလဲရေးသမားတစ်ဦးဖြစ်တဲ့ သမ္မတရိုဟာနီဟာ သူ့ရဲ့ ကတိကို အကောင်အထည်ဖော်မပေးနိုင်တဲ့အတွက် ပေါ်ပေါက်လာရတဲ့ ဆန္ဒပြမှုတွေပဲဖြစ်ပါတယ်။ သမ္မတရိုဟာနီဟာ စီးပွားရေးနဲ့ နိုင်ငံရေးတို့မှာ ပိုမိုကောင်းမွန်တဲ့ အခွင့်အလမ်းတွေ အကောင်အထည်ဖော်ပေးမယ်လို့ ကတိပေးခဲ့ပြီး အဲဒီအတိုင်း အကောင်အထည်ဖော်မပေးနိုင်လို့ ပေါ်ပေါက်လာတဲ့ ဆန္ဒပြပွဲတွေပဲဖြစ်”**

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(ခ) ကုမ္ပဏီ၏ ပစ္စည်းများကို လက်ခံထိန်းသိမ်းသူတစ်ဦးအား ခန့်အပ်သည့်အခါ ကုမ္ပဏီ၏အမည်ပါရှိသော စာရွက်စာတမ်းဖြစ်သော ကုန်ပို့လွှာများ၊ ကုန်အမှာစာများ၊ သို့မဟုတ် ကုမ္ပဏီကဖြစ်စေ၊ ကုမ္ပဏီ၏ကိုယ်စားဖြစ်စေ သို့မဟုတ် ကုမ္ပဏီ၏ပစ္စည်းလက်ခံထိန်းသိမ်းသူကဖြစ်စေ ထုတ်ဝေသည့် စီးပွားရေးလုပ်ငန်းနှင့် သက်ဆိုင်သည့် စာများတွင်ပစ္စည်းလက်ခံထိန်းသိမ်းသူတစ်ဦးအား ခန့်အပ်ပြီးဖြစ်ကြောင်းပါရှိသည့် ရေးသားဖော်ပြချက် အား ထည့်သွင်းဖော်ပြရမည်။

၂၄၃။ ပုဒ်မ ၂၄၂ တွင် ပါရှိသည့် သတ်မှတ်ချက်များကို လိုက်နာရန်ပျက်ကွက်လျှင် ကုမ္ပဏီနှင့် ထိုပျက်ကွက်မှုအား သိလျက်ဖြင့်တမင်ခွင့်ပြုခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာများ သို့မဟုတ် အခြားအရာရှိများ၊ ပစ္စည်းလက်ခံထိန်းသိမ်းသူများ တစ်ဦးစီသည် ဒဏ်ကြေးငွေကျပ်နှစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်။

**ပေါင်နှံခြင်းနှင့်သက်ဆိုင်သော မှတ်ပုံတင်စာရင်း၏အမှားကို ပြင်ဆင်ခြင်း**

၂၄၄။ (က) တရားရုံးသည် ပုဒ်မ ၂၂၉ အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းအား မှတ်ပုံတင်ရန် ပျက်ကွက်ကြောင်း သို့မဟုတ် ထိုပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့်အချက်အလက်တစ်ရပ်ရပ် ချန်လှပ်ခဲ့ကြောင်း သို့မဟုတ် မှားယွင်းဖော်ပြထားကြောင်း သို့မဟုတ် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်အားပြုလုပ်ခြင်းအတွက် ကြွေးမြီတစ်ရပ်ပေးရန်ရှိသည့် အကြောင်းအား မှတ်ပုံတင်အရာရှိထံသို့ ဖော်ပြအကြောင်းကြားရန် ပျက်ကွက်ခြင်းတို့မှာ မတော်တဆကြောင့်ဖြစ်ကြောင်း သို့မဟုတ် တမင်ရည်ရွယ်လုပ်ဆောင်ခြင်း မဟုတ်ကြောင်း သို့မဟုတ် အခြားလုံလောက်သော အကြောင်းပြချက်များကြောင့် ဖြစ်ပေါ်ခဲ့ကြောင်း သို့မဟုတ် ကုမ္ပဏီ၏မြီရှင်များ သို့မဟုတ် အစုရှယ်ယာပိုင်ရှင်များကို ထိခိုက်နိုင်သည့် အခြေအနေမရှိကြောင်း သို့မဟုတ် သက်သာခွင့်ပေးရန်သင့်တော်မျှတသည့် အခြားသောအခြေခံအကြောင်းများရှိကြောင်း ကျေနပ်လက်ခံခဲ့လျှင် ကုမ္ပဏီ သို့မဟုတ် အခြားသက်ဆိုင်သူတစ်ဦးဦးကလျှောက်ထားလာပါက တရားရုံးကသင့်တော်မျှတသည့် စည်းကမ်းချက်များကိုသတ်မှတ်၍ မှတ်ပုံတင်ရမည့် အချိန်ကာလကိုတိုးမြှင့်ပေးနိုင်သည် သို့မဟုတ် ချန်လှပ်မှု သို့မဟုတ် မှားယွင်းဖော်ပြမှုများကို ပြင်ဆင်စေနိုင်သည့်အပြင် တရားရုံးအနေဖြင့် သင့်သည်ထင်မြင်ပါက လျှောက်ထားမှုအတွက် ကုန်ကျစရိတ်များနှင့် စပ်လျဉ်းသည့် အမိန့်တစ်ရပ် ချမှတ်နိုင်သည်။

(ခ) တရားရုံးက ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတစ်ရပ်အား မှတ်ပုံတင်ခြင်းအတွက် အချိန်တိုးမြှင့်သတ်မှတ်ပေးသည့်အခါ အဆိုပါ အမိန့်သည် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီ တာဝန်တင်ရှိခြင်းတစ်ရပ်အား မှတ်ပုံတင်ရမည့် အချိန်ကာလမတိုင်မီက သက်ဆိုင်သောပစ္စည်းများနှင့် စပ်လျဉ်း၍ ရရှိသောအခွင့်အရေးတစ်စုံတစ်ရာကို ထိခိုက်စေခြင်း မရှိစေရ။

**ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းတို့အရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စများကို မှတ်ပုံတင်ခြင်း**

၂၄၅။ (က) ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၂၂၉ အရ မှတ်ပုံတင်ရန် လိုအပ်သော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်ကို ငွေပေးချေမှု သို့မဟုတ် လိုက်နာဆောင်ရွက်မှုကိုအပြည့်အဝပြုလုပ်ပြီးသည့်နေ့မှ ၂၈ ရက်အတွင်း မှတ်ပုံတင်အရာရှိထံသို့ တင်ပြရန် တာဝန်ရှိသည်။ ထို့ပြင် အပေါင်ခံသူ သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းကို ရရှိသူသည်ငွေပေးချေမှု သို့မဟုတ် လိုက်နာ ဆောင်ရွက်ရမှုများကို မှတ်တမ်းတင်နိုင်ကြောင်း စာဖြင့် ရေးသား တင်ပြရမည်။

(ခ) ပုဒ်မခွဲ (က) အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ မှတ်ပုံတင်အရာရှိသည် အကြောင်းပြချက်တစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိပါက ထိုသို့လိုက်နာဆောင်ရွက်ရမည့်ကိစ္စများနှင့်သက်ဆိုင်သည့် မှတ်တမ်းတစ်စောင်ကို မှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းဖော်ပြရမည်ဖြစ်ပြီး လိုအပ်ပါက ယင်း၏မိတ္တူ တစ်စောင်ကို ကုမ္ပဏီသို့ ပေးအပ်ရမည်။

**ပြစ်မှုပြစ်ဒဏ်များ**

၂၄၆။ (က) ကုမ္ပဏီတစ်ခုခုသည် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်းသည့် အချက်အလက်များအား မှတ်ပုံတင်နိုင်ရေးအတွက် မှတ်ပုံတင်အရာရှိထံသို့ တင်ပြရန်ပျက်ကွက်မှုတစ်စုံတစ်ရာရှိခဲ့ပါက မှတ်ပုံတင်ခြင်းသည် အခြားသူတစ်ဦးဦး၏ လျှောက်ထားမှုအရဆောင်ရွက်ရခြင်း မဟုတ်လျှင်ကုမ္ပဏီနှင့်ယင်း၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိများ၊ သို့မဟုတ် ပျက်ကွက်မှုတွင် သိလျက်ဖြင့်ပါဝင်ဆောင်ရွက်ခဲ့ကြသူများတစ်ဦးစီသည် ဒဏ်ကြေးငွေကျပ်နှစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်-

(၁) ကုမ္ပဏီကပြုလုပ်ထားသော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍လည်းကောင်း၊

(၂) ပုဒ်မ ၂၂၉ သို့မဟုတ် ပုဒ်မ ၂၃၀ အရ မှတ်ပုံတင်ထားသော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်နှင့် သက်ဆိုင်သော ကြွေးမြီပေးချေပြီးခြင်း သို့မဟုတ် လိုက်နာဆောင်ရွက်ပြီးခြင်းတို့ လည်းကောင်း၊

(၃) ဤဥပဒေပါ အထက်တွင် ဖော်ပြထားသောပြဋ္ဌာန်းချက်များအရ မှတ်ပုံတင် အရာရှိထံတွင် မှတ်ပုံတင်ရန်လိုအပ်သောအစဉ်လိုက် ဒီဘင်ချာများ ထုတ်ဝေခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊

(ခ) အထက်ဖော်ပြပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကုမ္ပဏီတစ်ခုခုသည် ယင်းက ပြုလုပ်ထားသောပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်အား မှတ်ပုံတင်အရာရှိထံတွင် မှတ်ပုံတင်ခြင်းနှင့် သက်ဆိုင်သော ဤဥပဒေပါ သတ်မှတ်ချက် တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ခဲ့လျှင် ကုမ္ပဏီနှင့် ထိုပျက်ကွက်မှုအားသိလျက်ဖြင့် တမင်ခွင့်ပြုခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိများတစ်ဦးစီသည် အခြားသောတာဝန်ရှိမှုများကိုထိခိုက်စေခြင်းမရှိစေဘဲ ဒဏ်ကြေးငွေကျပ်နှစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်။

(ဂ) ဤဥပဒေပါ အထက်တွင်ဖော်ပြထားသော ပြဋ္ဌာန်းချက်များအရ မှတ်ပုံတင် အရာရှိထံတွင် မှတ်ပုံတင်ရန် လိုအပ်သော ဒီဘင်ချာတစ်ရပ်ရပ် သို့မဟုတ် ဒီဘင်ချာစတော့ (Debenture Stock) အထောက်အထား လက်မှတ် တစ်ရပ်ရပ်ကို ယင်းတို့အပေါ် ထပ်မံထောက်ခံအတည်ပြုထားသည့် မှတ်ပုံတင် အထောက်အထား လက်မှတ်မိတ္တူတစ်စောင် မပါရှိဘဲပေးပို့ရန် တစ်ဦးဦးမှသိလျက်ဖြင့် တမင်ခွင့်ပြုခဲ့လျှင် ထိုသူသည် အခြားသောတာဝန်ရှိမှုများကို ထိခိုက်စေခြင်းမရှိစေဘဲ ဒဏ်ကြေးငွေကျပ်နှစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်။

၂၄၇။ ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းနှင့် သက်ဆိုင်သည့် ကုမ္ပဏီ၏မှတ်ပုံတင်စာရင်းမည်သည့်ကုမ္ပဏီမဆို ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းတို့အတွက် မှတ်ပုံတင်စာရင်းတစ်ခုကိုပြုစုထားရှိရမည်ဖြစ်ပြီး ယင်းမှတ်ပုံတင်စာရင်းတွင် ကုမ္ပဏီ၏ပစ္စည်းများနှင့် သက်ဆိုင်သည့် ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းတို့အားလုံး၊ ကုမ္ပဏီ၏ တာဝန်ယူဆောင်ရွက်မှု သို့မဟုတ် ပစ္စည်းတစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့် အပြောင်းအလဲရှိသော ကြွေးမြီတာဝန် တင်ရှိခြင်း (floating charge) အားလုံး၊ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း ပြုလုပ်ထားသောပစ္စည်းများနှင့်သက်ဆိုင်သည့် အကျဉ်းချုပ်ဖော်ပြချက်၊ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း ပြုလုပ်ထားသည့် ငွေပမာဏနှင့် အပေါင်ခံသူများ သို့မဟုတ် ၎င်းတို့နှင့် သက်ဆိုင်သူများ၏ အမည်များကို ရေးသွင်းဖော်ပြရမည်။

၂၄၈။ ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိများသည် ပုဒ်မ ၂၄၇ အရပြုလုပ်ရန် လိုအပ်သော ရေးသွင်းဖော်ပြချက်တစ်ရပ်ရပ်ကို ရေးသွင်းဖော်ပြရန် ပျက်ကွက်ခြင်းအား သိလျက်ဖြင့် တမင်ခွင့်ပြုခဲ့လျှင် ဒဏ်ကြေးငွေကျပ်နှစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်။

**ပေါင်နှံခြင်းနှင့်ကြွေးမြီတာဝန်တင်ရှိခြင်းတို့ ပြုလုပ်သည့် စာချုပ်စာတမ်းမိတ္တူများ၊ ပေါင်နှံမှုနှင့်ကြွေးမြီတာဝန်တင်ရှိခြင်းတို့နှင့် သက်ဆိုင်သည့်ကုမ္ပဏီ၏ မှတ်ပုံတင်စာရင်းများအား စစ်ဆေးကြည့်ရှုနိုင်ခွင့်ရှိခြင်း**

၂၄၉။ ပုဒ်မ ၂၃၉ အရ ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောရုံးခန်းတွင် သိမ်းဆည်းထားရှိရမည့် မှတ်ပုံတင်အရာရှိထံသို့ ဤဥပဒေအရမှတ်ပုံတင်ရန်လိုအပ်သည့် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းအားပြုလုပ်သော စာချုပ်စာတမ်းများ၏ မိတ္တူများနှင့် ပုဒ်မ ၂၄၇ နှင့်အညီ ထိန်းသိမ်းထားရှိသည့် ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ဆိုင်ရာ မှတ်ပုံတင်စာရင်းတို့အား ကုမ္ပဏီ၏ မည်သည့်မြီရှင် သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦးကို သင့်လျော်သော အချိန်တိုင်းတွင် အခမဲ့စစ်ဆေး ကြည့်ရှုခွင့်ပြုရမည်ဖြစ်ပြီး ပေါင်နှံခြင်းနှင့်ကြွေးမြီတာဝန်တင်ရှိခြင်းတို့ဆိုင်ရာ မှတ်ပုံတင်စာရင်းအား ကုမ္ပဏီက သတ်မှတ်ထားသည့် အခကြေးငွေတစ်ရပ်ကို ပေးသွင်းစေလျက် အခြားသူတစ်ဦးဦးကို စစ်ဆေးကြည့်ရှုခွင့်ပြုရမည်။

၂၅၀။ ပုဒ်မ ၂၄၉ အရ မိတ္တူများ သို့မဟုတ် မှတ်ပုံတင်စာရင်းများကို စစ်ဆေးကြည့်ရှုခြင်းအား ငြင်းပယ်ခဲ့လျှင် ကုမ္ပဏီသည် ဒဏ်ကြေးငွေကျပ်နှစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်ဖြစ်ပြီး ထိုသို့ ငြင်းပယ်မှုကိုသိလျက်ဖြင့်ခွင့်ပြုခဲ့သော ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အခြား အရာရှိ တစ်ဦးစီသည် တူညီသော ပြစ်ဒဏ်ကိုကျခံစေရမည်။ ထိုပြစ်ဒဏ်များအပြင် တရားရုံးသည် အမိန့်တစ်ရပ်ထုတ်ပြန်၍ အဆိုပါ မိတ္တူများ သို့မဟုတ် မှတ်ပုံတင်စာရင်းများကို ချက်ချင်း စစ်ဆေးကြည့်ရှုခွင့်ပြုစေနိုင်သည်။

**ဒီဘင်ချာပိုင်ဆိုင်သူများနှင့်သက်ဆိုင်သည့် မှတ်ပုံတင်စာရင်းအား စစ်ဆေးကြည့်ရှုနိုင်ခွင့်နှင့် ယုံကြည်အပ်နှံရေး စာချုပ်များ၏ မိတ္တူများကို ရယူနိုင်ခွင့်ရှိခြင်း**

၂၅၁။ (က) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဖော်ပြထားသည့် ကာလ သို့ရာတွင် မည်သည့် ခုနှစ်တွင်မဆို စုစုပေါင်း ၃၀ ရက်ထက် ကျော်လွန်ခြင်းမရှိသည့် ကာလများမှ အပ ကျန်ကာလများတွင်ကုမ္ပဏီတစ်ခု၏ ဒီဘင်ချာပိုင်ဆိုင်သူများနှင့် သက်ဆိုင်သည့်မှတ်ပုံတင်စာရင်းအားလုံးကိုအဆိုပါ ဒီဘင်ချာများအား တရားဝင်ပိုင်ဆိုင်ထားသူ သို့မဟုတ် ကုမ္ပဏီ၏ အစုရှယ်ယာပိုင်ရှင်တစ်ဦးဦးက စစ်ဆေးကြည့်ရှုခြင်းကိုခွင့်ပြုရမည်။ သို့သော် ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် ချမှတ်နိုင်သည့် သင့်လျော်မှုရှိသော ကန့်သတ်ချက်များကို လိုက်နာရမည်ဖြစ်ပြီး စစ်ဆေးကြည့်ရှုခွင့်ပြုထားသည့် နေ့တစ်နေ့စီအတွက် အနည်းဆုံး နှစ်နာရီ ခွင့်ပြုနိုင်စေရန်အလို့ငှာ အဆိုပါပိုင်ဆိုင်သူအားလုံးသည် ကုမ္ပဏီက သတ်မှတ်ထားသည့်သင့်လျော်သော အခကြေးငွေကို ပေးသွင်းလျက် ဖော်ပြပါ မှတ်ပုံတင် စာရင်း သို့မဟုတ် ယင်း၏ တစ်စိတ်တစ်ဒေသကို မိတ္တူတစ်စောင် တောင်းယူ နိုင်သည်။

(ခ) ဒီဘင်ချာများ ထုတ်ဝေခြင်းအတွက် အာမခံရန်ချုပ်ဆိုထားသည့် ယုံကြည် အပ်နှံမှု စာချုပ်တစ်ရပ်ရပ်၏ မိတ္တူတစ်စောင်ကို အဆိုပါ ဒီဘင်ချာများကို ပိုင်ဆိုင်သူတစ်ဦးဦးက တောင်းဆိုလာလျှင် ကုမ္ပဏီက သတ်မှတ်ထားသည့် သင့်လျော်သော အခကြေးငွေကို ပေးသွင်းစေလျက် ဖော်ပြပါပိုင်ဆိုင်သူများ ထံသို့ ပေးအပ်ရမည်။

၂၅၂။ ပုဒ်မ ၂၅၁ အရ စစ်ဆေးကြည့်ရှုခွင့်အား ငြင်းပယ်လျှင်၊ သို့မဟုတ် မိတ္တူ တစ်စောင်အားပေးအပ်ရန် ငြင်းပယ်လျှင် သို့မဟုတ် ပေးပို့ခြင်းမပြုလျှင် ကုမ္ပဏီသည် ဒဏ်ကြေးငွေကျပ်နှစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်ဖြစ်ပြီး ထိုသို့ငြင်းပယ်မှုကို သိလျက်ဖြင့် ခွင့်ပြုခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးစီသည် တူညီသော ပြစ်ဒဏ်ကို ကျခံစေရမည်။ ထို့အပြင် တရားရုံးသည် အမိန့်တစ်ရပ်ထုတ်ပြန်၍ အဆိုပါ မှတ်ပုံတင်စာရင်းများကို ချက်ချင်းစစ်ဆေးကြည့်ရှု ခွင့်ပြုစေနိုင်သည်။

**အပြောင်းအလဲရှိသော ကြွေးမြီတာဝန်တင်ရှိခြင်းအရ ဦးစားပေးတောင်းဆိုမှုများတွင် အပြောင်းအလဲရှိသော ကြွေးမြီတာဝန်တင်ရှိခြင်း (floating charge) နှင့် သက်ဆိုင်သည့် ရရန်ပိုင်ခွင့်များမှ အချို့ကြွေးမြီများကို ပေးချေရခြင်း**

၂၅၃။ (က) အပြောင်းအလဲရှိသော ကြွေးမြီတာဝန်တင်ရှိခြင်း (floating charge) တစ်ရပ်ဖြင့် အာမခံထားရှိသော ကုမ္ပဏီတစ်ခု၏ ဒီဘင်ချာတစ်ရပ်ရပ်ကို ပိုင်ဆိုင်ထားသူများ၏ ကိုယ်စားပစ္စည်းလက်ခံထိန်းသိမ်းသူတစ်ဦးကို ခန့်အပ်ထားလျှင် သို့မဟုတ် ကြွေးမြီ တာဝန်တင်ရှိခြင်းတို့တွင် ပါဝင်သော သို့မဟုတ် သက်ဆိုင်သောပစ္စည်းတစ်ရပ်ရပ်၏ ဖော်ပြပါ ဒီဘင်ချာပိုင်ရှင်က ဖြစ်စေ၊ ယင်း၏ကိုယ်စားဖြစ်စေ ပိုင်ဆိုင်မှုကို ရယူထားလျှင်ကုမ္ပဏီသည် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းမရှိသည့်ကာလတွင် ဖြစ်ပါက အပိုင်း(၅) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စာရင်းရှင်းလင်းဖျက်သိမ်းသည့် ကိစ္စရပ် အားလုံးတွင် အခြားသော ကြွေးမြီများထက် ဦးစွာပေးချေရမည့် ဦးစားပေး ငွေပေးချေမှုများအား ပစ္စည်းလက်ခံထိန်းသိမ်းသူ သို့မဟုတ် ပိုင်ဆိုင်ရယူ ထားသူများလက်ဝယ်သို့ ရောက်ရှိလာမည့် ရရန်ပိုင်ခွင့်များတစ်ရပ်ရပ်မှ ပေးချေရမည်ဖြစ်ပြီး ဒီဘင်ချာများနှင့် သက်ဆိုင်သည့် မူလငွေရင်း သို့မဟုတ် အတိုးအတွက် တောင်းဆိုမှုတစ်ရပ်ရပ်ထက် ဦးစားပေးငွေပေးချေ ရမည်။

(ခ) အပိုင်း (၅) ၏ ပြဋ္ဌာန်းချက်များတွင် ဖော်ပြပါရှိသော အချိန်ကာလသတ်မှတ်ချက်ကို ပစ္စည်းလက်ခံထိန်းသိမ်းသူအား ခန့်အပ်သည့်နေ့ရက် သို့မဟုတ် အထက်ဖော်ပြပါအတိုင်း ပိုင်ဆိုင်ရယူသည့်နေ့ရက်မှစတင်၍ ရေတွက်ရမည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ ပြုလုပ်သည့် ငွေပေးချေမှုများအားလုံးကို မြီရှင်များ၏ ပေးချေမှုအတွက်ထားရှိသော ကုမ္ပဏီ၏ရရန်ပိုင်ခွင့်များမှ ဖြစ်နိုင်သမျှ ပေးချေရမည်။

**အခန်း (၂၃)**

**ပစ္စည်းလက်ခံထိန်းသိမ်းသူများကို ခန့်အပ်ခြင်း၊ စာရင်းစာအုပ်များကို ပြုစုခြင်း၊ ပြင်ပကော်ပိုရေးရှင်းများက ဆောင်ရွက်သော ကြွေးမြီတာဝန်တင်ရှိခြင်းများ (Charges) ကို မှတ်ပုံတင်ခြင်း**

**ပြည်ပကော်ပိုရေးရှင်းများနှင့်စပ်လျဉ်းသည့် ကြွေးမြီတာဝန်တင်ရှိခြင်းများ (Charges) ကို မှတ်ပုံတင်ခြင်း**

၂၅၄။ ပုဒ်မ ၂၂၈ မှ ပုဒ်မ ၂၃၉ အထိ နှင့် ပုဒ်မ ၂၄၄ မှ ပုဒ်မ ၂၅၂ အထိတို့တွင်ပါရှိသည့် ပြဋ္ဌာန်းချက်များသည် ဤဥပဒေအရ ပြည်ပကော်ပိုရေးရှင်းတစ်ခုအဖြစ် မှတ်ပုံတင်ထားပြီး နိုင်ငံတော်အတွင်း စီးပွားရေးလုပ်ငန်းနေရာတစ်ရပ်ထားရှိသည့် နိုင်ငံတော်၏ပြင်ပတွင် ဖွဲ့စည်းတည်ထောင်ထားသော ကော်ပိုရေးရှင်းတစ်ခုက ရရှိပိုင်ဆိုင်ထားသော နိုင်ငံတော် အတွင်းရှိ ပစ္စည်းများအပေါ် ကြွေးမြီတာဝန်တင်ရှိခြင်းများ (Charges) ပြုလုပ်ခြင်းများသော်လည်းကောင်း၊ ကြွေးမြီတာဝန်တင်ရှိခြင်းများရှိသည့် နိုင်ငံတော်အတွင်းရှိ ပစ္စည်းများကို ရယူပိုင်ဆိုင်ခြင်းများသော်လည်းကောင်း သက်ဆိုင်စေရမည်။

**ပစ္စည်းလက်ခံထိန်းသိမ်းသူအား ခန့်အပ်မှုကို အကြောင်းကြားခြင်း**

၂၅၅။ ပုဒ်မ ၂၄၀ မှ ပုဒ်မ ၂၄၃ အထိ ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်များသည် ဤဥပဒေအရ ပြည်ပကော်ပိုရေးရှင်းတစ်ခုအဖြစ် မှတ်ပုံတင်ထားပြီး နိုင်ငံတော်အတွင်း စီးပွားရေး လုပ်ငန်းနေရာ တစ်ရပ်ထားရှိသည့် နိုင်ငံတော်၏ ပြင်ပတွင် ဖွဲ့စည်းတည်ထောင်ထားသော ကော်ပိုရေးရှင်းအားလုံးနှင့် လိုအပ်သလို သက်ဆိုင်စေရမည်။

**စာရင်းစာအုပ်များနှင့် မှတ်တမ်းများကိုထိန်းသိမ်းထားရှိခြင်း**

၂၅၆။ ပုဒ်မ ၂၅၈ တွင် ဖော်ပြပါရှိသည့်ပြဋ္ဌာန်းချက်များသည် ဤဥပဒေအရ ပြည်ပ ကော်ပိုရေးရှင်းတစ်ခုအဖြစ် မှတ်ပုံတင်ထားပြီး နိုင်ငံတော်အတွင်း စီးပွားရေးလုပ်ငန်း နေရာထားရှိသည့် နိုင်ငံတော် ပြင်ပတွင်ဖွဲ့စည်းထားသည့် ကော်ပိုရေးရှင်း၏ စီးပွားရေး လုပ်ငန်းနှင့် စပ်လျဉ်း၍ လက်ခံရရှိသော သို့မဟုတ် သုံးစွဲခဲ့သောငွေကြေးများ၊ ပြုလုပ်ခဲ့သောရောင်းချမှုများနှင့် ဝယ်ယူမှုများ၊ ရရန်ပိုင်ခွင့်များနှင့်တာဝန်ရှိမှုများနှင့် သက်ဆိုင်သော အဆိုပါပုဒ်မအရ လိုအပ်သည့် ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာများကိုနိုင်ငံတော်အတွင်း ရှိ အဓိကစီးပွားရေးလုပ်ငန်းနေရာတွင် ထိန်းသိမ်းထားရှိရမည်ဖြစ်ပြီး ယင်းကော်ပိုရေးရှင်း များနှင့် သက်ဆိုင်စေရမည်။

**အခန်း (၂၄)**

**ဘဏ္ဍာရေးဆိုင်ရာအစီရင်ခံစာများနှင့် စာရင်းစစ်ဆေးခြင်းများအကြောင်း**

**ဤအခန်းပါ ပြဋ္ဌာန်းချက်များကို လိုက်နာရခြင်း**

၂၅၇။ (က) အောက်ပါကိစ္စရပ်များအတွက် ဤအခန်းပါ ပြဋ္ဌာန်းချက်များကို မြန်မာနိုင်ငံ စာရင်း ကောင်စီဥပဒေနှင့် အခြားသောသက်ဆိုင်ရာဥပဒေများပါ သတ်မှတ်ချက်များ သို့မဟုတ်ယင်းတို့အရ ပြုလုပ်ထားသည့် သတ်မှတ်ချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရမည်-

(၁) ထိန်းသိမ်းထားရှိရမည့် စာရင်းစာအုပ်များ၊

(၂) ကုမ္ပဏီတွင် ပါဝင်သူများထံသို့ တင်ပြရမည့် ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများနှင့် အစီရင်ခံစာများ၊

(၃) အဆိုပါ စာရင်းစာအုပ်များနှင့်အစီရင်ခံစာများအား ပြုစုထိန်းသိမ်းရာတွင် လိုက်နာရမည့် စာရင်းများထားရှိခြင်းဆိုင်ရာစံနှုန်းများနှင့်

(၄) အဆိုပါ စာရင်းများအား စစ်ဆေးရာတွင် လိုက်နာရမည့် စာရင်းစစ်ဆေးခြင်းဆိုင်ရာစံနှုန်းများ။

(ခ) ဤအခန်းပါ သတ်မှတ်ချက်များ သို့မဟုတ် ဤအခန်းအရပြုလုပ်သည့် သတ်မှတ်ချက်များနှင့် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပါ သတ်မှတ်ချက်များ သို့မဟုတ် ယင်းဥပဒေအရပြုလုပ်သည့် သတ်မှတ်ချက်များအကြား ကွဲလွဲမှုတစ်စုံတစ်ရာရှိခဲ့လျှင် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပါ သတ်မှတ်ချက်များ သို့မဟုတ် ယင်းဥပဒေအရ ပြုလုပ်သည့် သတ်မှတ် ချက်များက လွှမ်းမိုးသည်။

(ဂ) အောက်ပါအကြောင်းအချက်များမရှိလျှင် ပုဒ်မ ၂၆၀ မှ ပုဒ်မ ၂၆၈ အထိ နှင့် ပုဒ်မ ၂၇၉၊ ပုဒ်မခွဲ (ခ) တို့သည် အသေးစားကုမ္ပဏီများနှင့်သက်ဆိုင်ခြင်းမရှိစေရ-

(၁) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းသည် အဆိုပါပြဋ္ဌာန်းချက်များကို လိုက်နာခြင်း သို့မဟုတ် အလားတူသတ်မှတ်ချက်များကို ဖော်ပြထားခြင်း သို့မဟုတ်

(၂) ကုမ္ပဏီတွင်ပါဝင်သူများသည် သာမန်ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်၍ အဆိုပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ဆုံးဖြတ်ခြင်း သို့မဟုတ်

(၃) မှတ်ပုံတင်အရာရှိက အဆိုပါပြဋ္ဌာန်းချက်များကို လိုက်နာသင့်သည်ဟု ဆုံးဖြတ်ခြင်း။

*(ဆက်လက်ဖော်ပြပါမည်)*

# အခြေခံပညာရေး ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

(ငှ) ကျောင်းသားများကို ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် လူသားကောင်းများဖြစ်စေရန် အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ယင်းသို့ပြုစုပျိုးထောင်နိုင်ရေးအတွက် ဆရာ အရည်အသွေးကို စဉ်ဆက်မပြတ်မြှင့်တင်ရေး၊

(ဈ) အခြေခံပညာအရည်အသွေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိဘဆရာအသင်း၊ ကျောင်းအကျိုးဆောင်အဖွဲ့၊ ကျောင်းသားမိဘများနှင့် ရပ်ရွာအဖွဲ့အစည်းများက ပူးပေါင်းပါဝင် ဆောင်ရွက်ရေး၊

(ည) အခြေခံပညာရေးဆိုင်ရာ မဟာဗျူဟာများ၊ မူဝါဒများနှင့် ယင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်မှုစီမံချက်၊ ပညာရေးဖွံ့ဖြိုးမှုစီမံကိန်းများကို လည်းကောင်း၊ ပညာရေးနှင့် သက်ဆိုင်သည့် ဥပဒေများ၊ အခြားလုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်သော သတင်းအချက်အလက်များကို လည်းကောင်း ပြည်သူလူထုကသိရှိစေရန် ဆက်လက်ဆောင်ရွက်ပေးရေး၊

(ဋ) အခြေခံပညာရေးကဏ္ဍအတွက် ဆရာများ ပြုစုပျိုးထောင်ပေးနိုင်ရန် ဆရာအတတ် ပညာရေးကဏ္ဍနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး၊

(ဏ) ကျောင်းပညာရေးနှင့် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းပြည်ပ၊ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနှင့် ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းများကို ဥပဒေနှင့်အညီ အကောင်အထည်ဖော်ရေး၊

(တ) ကျောင်းပညာရေးနှင့် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး အပြန်အလှန်ကူးပြောင်း သင်ယူနိုင်ရန်အတွက် တန်းညှိပညာရေးအစီအစဉ်ကို အကောင်အထည်ဖော်ရေး၊

(ထ) အခြေခံပညာဆိုင်ရာ အစိုးရကျောင်းများ၊ အခြားကျောင်းများနှင့် ပညာရေးအစီအစဉ်များအကြား အပြန်အလှန်ကူးပြောင်း သင်ကြားနိုင်ရေးအတွက် တန်းညှိပညာရေးအစီအစဉ်ဆိုင်ရာ စံနှင့်လုပ်ထုံးလုပ်နည်းများကို သက်ဆိုင်ရာ ကော်မတီများ၊ အဖွဲ့များနှင့် ညှိနှိုင်းသတ်မှတ်ရေးဆွဲပြဋ္ဌာန်းရေး၊

(ဒ) ကိုယ်တိုင်သင်ယူပညာရေး အခွင့်အလမ်းများ ရရှိရန်ပံ့ပိုးကူညီပေးရေး၊

(ဓ) ပညာရေးဝန်ထမ်းအားလုံး၏ အရည်အသွေးနှင့် လူမှုဘဝမြှင့်တင်ရေးကို အလေးထားဆောင်ရွက်ရေး။

## အခန်း(၄)

## အခြေခံပညာရေးအဆင့်များ၊ အတန်းများနှင့် ကျောင်းအမျိုးအစားများ သတ်မှတ်ခြင်း

၅။ (က) အခြေခံပညာရေးကို သူငယ်တန်းပညာရေးပြီးသည့်နောက် ပညာသင်နှစ်စုစုပေါင်း ကာလ ၁၂ နှစ်ကို ဦးတည်၍ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဆောင်ရွက်သော အခြေခံပညာရေး၏ အဆင့်များနှင့် အတန်းများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပထမတန်းမှ ပဉ္စမတန်းအထိ မူလတန်းအဆင့်ပညာရေး၊

(၂) ဆဋ္ဌမတန်းမှ နဝမတန်းအထိ အလယ်တန်းအဆင့်ပညာရေး၊

(၃) ဒသမတန်း၊ ဧကာဒသမတန်း၊ ဒွါဒသမတန်းတို့ပါဝင်သည့် အထက်တန်းအဆင့် ပညာရေး။

၆။ ကျောင်းအမျိုးအစားများကို အောက်ပါအတိုင်း သတ်မှတ်သည် -

(က) သူငယ်တန်းနှင့် မူလတန်းအဆင့်အတန်းများပါရှိသည့် အခြေခံပညာ မူလတန်းကျောင်း၊

(ခ) သူငယ်တန်း၊ မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် အတန်းများပါရှိသည့် အခြေခံပညာ အလယ်တန်းကျောင်း၊

(ဂ) သူငယ်တန်း၊ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် အတန်းများ ပါရှိသော အခြေခံပညာအထက်တန်းကျောင်း သို့မဟုတ် အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်အတန်းများပါရှိသော အခြေခံပညာအထက်တန်းကျောင်း။

၇။ ပုဒ်မ ၅ ပါ သတ်မှတ်ချက်များနှင့်အညီ အောက်ပါကျောင်းများသည် အခြေခံပညာရေး အဆင့်နှင့် အတန်းများပါရှိသော ကျောင်းအမျိုးအစားများအဖြစ် သတ်မှတ်ရမည် -

(က) အစိုးရကျောင်းများ၊

(ခ) အစိုးရအထောက်အပံ့ခံကျောင်းများ၊

(ဂ) ဒေသန္တရအဖွဲ့အစည်းပိုင်ကျောင်းများ၊

(ဃ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၊

(င) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊

(စ) ပရဟိတကျောင်းများ၊

(ဆ) အထူးပညာရေးအစီအစဉ်ကျောင်းများ၊

(ဇ) ရွေ့လျားနှင့်အရေးပေါ်ကျောင်းများ၊

(ဈ) ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် ကျောင်းများ။

၈။ ဝန်ကြီးဌာနသည် ပုဒ်မ ၇ ပါ အစိုးရကျောင်းများနှင့် အခြားကျောင်းများ အပြန်အလှန် ဆက်သွယ်ကူးပြောင်းသင်ကြားနိုင်ရေးအတွက် အခြေခံပညာရေးကောင်စီသို့ တင်ပြဆောင်ရွက်ရမည်။

၉။ ဝန်ကြီးဌာနသည် မူကြိုပညာရေးကို အခြေခံပညာကျောင်းများ၌ တွဲဖက်လေ့ကျင့်ပြုစုပျိုးထောင်ပေးနိုင်ရန် လိုအပ်သောပံ့ပိုးမှုများ ဆောင်ရွက်ပေးရမည်။

၁၀။ မူကြိုပညာရေးကို အကောင်အထည်ဖော်သော ကျောင်းများသည် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီက ချမှတ်ထားသော သင်ရိုးညွှန်းတမ်းစံများနှင့်အညီ လေ့ကျင့်သင်ကြားရမည်။

## အခန်း(၅)

## အခြေခံပညာရေးကောင်စီ

၁၁။ (က) ဝန်ကြီးဌာနသည် -

(၁) အခြေခံပညာရေးဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များမှ လူမှုရေးဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့မှ အဖွဲ့ဝင်များ၊ ပညာရှင်များ၊ လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် သင့်လျော်သော ပုဂ္ဂိုလ်များကို ကောင်စီဝင်များအဖြစ်လည်းကောင်း၊ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ကို အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်စေလျက် အခြေခံပညာရေးကောင်စီကို ဖွဲ့စည်းရမည်။

(၂) ပုဒ်မခွဲငယ် (၁) အရ ဖွဲ့စည်းသည့် ကောင်စီကို သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ခ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်ကို အစိုးရအဖွဲ့က သတ်မှတ်ပေးရမည်။

၁၂။ ကောင်စီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) အခြေခံပညာရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ လုပ်ငန်းများနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း -

(၁) အခြေခံပညာရေးကို နည်းပညာနှင့်သက်မွေးဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်ရေး၊ ဆရာ အတတ်ပညာရေးနှင့် အဆင့်မြင့်ပညာရေးတို့နှင့် ဆက်စပ်မှုရှိရေး၊

(၂) လူတိုင်းအကျုံးဝင်ပညာရေးအရ သင်ယူခွင့်ရရှိရေး၊

(၃) နိုင်ငံတော်က သတ်မှတ်ထားသော အခမဲ့မသင်မနေရ ပညာရေးကို အကောင်အထည်ဖော်ရေး၊

(၄) ရွေ့လျားနှင့် အရေးပေါ်ကျောင်းများကို ပညာရေးအထူးဝန်ဆောင်မှုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊

(ခ) ကျောင်းများဖွင့်လှစ်ခြင်း၊ ပိတ်သိမ်းခြင်း၊ အဆင့်တိုးမြှင့်ခြင်းနှင့် အဆင့်လျှော့ချခြင်းများကို အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ မူဝါဒနှင့်အညီ ကြပ်မတ်ဆောင်ရွက်ခြင်း၊

(ဂ) ကျောင်းများ၏ အရည်အသွေးစံသတ်မှတ်ချက်များကို အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီနှင့် ညှိနှိုင်းလျက်သတ်မှတ်ပေးခြင်း၊

(ဃ) ကျောင်းများတွင် ခန့်ထားမည့် ဆရာများ၏ ပညာအရည်အချင်းကို ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် သတ်မှတ်ပေးခြင်း၊

(င) အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပြဋ္ဌာန်းသော သင်ရိုးညွှန်းတမ်းကို ကျောင်းအားလုံးတွင် ထိရောက်စွာ အကောင်အထည်ဖော်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ခြင်း၊

(စ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် သင်ရိုးညွှန်းတမ်းအဖွဲ့များ ဖွဲ့စည်းခြင်း အပါအဝင် ပညာရေးဆိုင်ရာလုပ်ငန်းများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များနှင့် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ခြင်း။

၁၃။ ကောင်စီသည် ပုဒ်မ ၁၂ ပါ လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကော်မတီများနှင့် အဖွဲ့များကို လိုအပ်သလိုဖွဲ့စည်းပြီး တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးနိုင်သည်။

## အခန်း(၆)

## အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ် ကော်မတီဖွဲ့စည်းခြင်းနှင့် သင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်များပြဋ္ဌာန်းခြင်း

၁၄။ ဝန်ကြီးဌာနသည် -

(က) ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများရှိ ဦးစီးဌာနများမှ ကိုယ်စားလှယ်များ၊ ဘာသာရပ်အလိုက် ကျွမ်းကျင်ပညာရှင်များ၊ ဆရာကိုယ်စားလှယ်များ၊ သင်ရိုးကျွမ်းကျင်ပညာရှင်များနှင့် တိုင်းရင်းသားဘာသာ ကျွမ်းကျင်ပညာရှင်များကို ကော်မတီဝင်များအဖြစ်လည်းကောင်း၊ ဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတို့၏ ညွှန်ကြားရေးမှူးချုပ်များကို ဒုတိယဥက္ကဋ္ဌများအဖြစ်လည်းကောင်း ပါဝင်စေလျက် အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်ကော်မတီကို ဖွဲ့စည်းရမည်။

(ခ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ် ကော်မတီဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်ကို အစိုးရအဖွဲ့နှင့် ညှိနှိုင်းသတ်မှတ်ပေးရမည်။

၁၅။ ဝန်ကြီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းရင်းသားတို့၏ ဘာသာစကား၊ စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ရေးနှင့် အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်ကော်မတီ၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီတို့၏ အတည်ပြုချက် ရယူဆောင်ရွက်နိုင်ရေးတို့အတွက် လိုအပ်သော ပံ့ပိုးမှုများ ဆောင်ရွက်ရမည်။

၁၆။ အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်ကော်မတီသည် -

(က) အမျိုးသားပညာရေးမူဝါဒကော်မရှင်က ချမှတ်ထားသောမူဝါဒများ၊ အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီ၏ မူဘောင်များ၊ အမျိုးသား သင်ရိုးညွှန်းတမ်းကော်မတီက ချမှတ်ထားသော အမျိုးသားအဆင့် သင်ရိုးညွှန်းတမ်း ဆိုင်ရာမူများ၊ စံများ၊ သတ်မှတ်ချက်များနှင့်အညီ အခြေခံပညာအဆင့်သင်ရိုးညွှန်းတမ်း အညွှန်းဘောင်နှင့် သင်ရိုးညွှန်းတမ်းစံများ၊ သင်ရိုးမာတိကာများ အသေးစိတ်ရေးဆွဲခြင်း၊ သုံးသပ်ခြင်းနှင့်ပြုပြင်ခြင်းများကို အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ခ) ကျောင်းသုံးစာအုပ်များကို ပြဋ္ဌာန်းနိုင်ရန် စိစစ်ပြီး အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဂ) သင်ယူတတ်မြောက်မှုအဆင့်ကို စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲကျင်းပခြင်းဆိုင်ရာ နည်းစနစ်များကို အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဃ) သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၏ အတည်ပြုချက်နှင့် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အောက်ပါအဖွဲ့ငယ်များဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည် -

(၁) ဘာသာရပ်အလိုက် သို့မဟုတ် ဘာသာရပ်အုပ်စုအလိုက်အဖွဲ့ငယ်များ၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက်ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းအဖွဲ့ငယ်များ၊

(၃) သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်များ ပြန်လည်သုံးသပ်ခြင်းနှင့် လိုအပ်ပါက မွမ်းမံခြင်းများကို အမျိုးသား သင်ရိုးညွှန်းတမ်းကော်မတီ၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

၁၇။ သင်ရိုးညွှန်းတမ်းရေးဆွဲရာတွင် အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ် ကော်မတီသည် အောက်ပါအချက်များပါရှိစေရန် စီစဉ်ဆောင်ရွက်ရမည် -

(က) သင်ရိုးညွှန်းတမ်းသည် လက်တွေ့ဘဝနှင့် ဆက်စပ်မှုရှိရေး၊

(ခ) မူကြို၊ သူငယ်တန်း၊ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် သင်ရိုးညွှန်းတမ်းများ အဆက်အစပ်ရှိရေး၊

(ဂ) ဒေသဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သော အခွင့်အလမ်းများ ဖန်တီးပေးရေး၊

(ဃ) တွေးခေါ်ကြံဆဝေဖန်ပိုင်းခြားနိုင်ပြီး ဒီမိုကရေစီအလေ့အကျင့်ကောင်းများ ရရှိကာ ဘက်စုံဖွံ့ဖြိုးသည့် လူသားကောင်းများ ဖြစ်ထွန်းလာရေး၊

(င) သင်ရိုးညွှန်းတမ်းသည် ခေတ်ကာလအခြေအနေ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ပြီး နိုင်ငံတကာပညာရေးသင်ရိုးညွှန်းတမ်းနှင့် လိုက်လျောညီထွေမှုရှိရေး၊

(စ) မြန်မာစာကို အခြေခံပညာကျောင်းများတွင်သင်ကြားရေး၊

(ဆ) အင်္ဂလိပ်စာကို မူလတန်းအဆင့်ပညာရေးမှစ၍ သင်ကြားရေး၊

(ဇ) အထက်တန်းအဆင့်ပညာရေးတွင် မြန်မာစာနှင့် အင်္ဂလိပ်စာတို့ကို သင်ကြားသင်ယူမှု ဘာသာစကားအဖြစ် အသုံးပြုရေး၊

(ဈ) အဆင့်မြင့်ပညာရေး၊ နည်းပညာနှင့်သက်မွေးဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်ရေးပညာရပ်များ ဆက်လက်သင်ယူနိုင်မည့် အခြေခံကောင်းများကို လေ့ကျင့်ပျိုးထောင်ပေးနိုင်သော သင်ရိုးညွှန်းတမ်းဖြစ်ရေး၊

(ည) ပြည်ထောင်စုတိုင်းရင်းသားတို့၏ ဘာသာစကား၊ စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းရေး၊

(ဋ) မသန်စွမ်းသူများအတွက် လူတိုင်းအကျုံးဝင်ပညာရေးအရ ပညာသင်ယူခွင့်ရရှိစေရန် အထူးပညာရေးလိုအပ်ချက်နှင့်အညီ ပေါင်းစပ်သင်ကြားနိုင်ရေး။

၁၈။ အခြေခံပညာရေးအဆင့်လိုက် လေ့လာသင်ယူမှုနယ်ပယ်များကို သတ်မှတ်ရာတွင် အခြေခံပညာ သင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်ကော်မတီသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ဘာသာစကား၊ သင်္ချာ၊ သိပ္ပံနှင့် လူမှုရေးဘာသာရပ်ဆိုင်ရာ နယ်ပယ်များတွင် လိုအပ်သော အသိပညာ၊ သဘောထားများနှင့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့လာသင်ယူနိုင်ရန် စီစဉ်ခြင်း၊

(ခ) ဘက်စုံဖွံ့ဖြိုးမှုရရှိရန်အတွက် ပညာရေးလက်တွေ့ဖွံ့ဖြိုးမှု နယ်ပယ်အလိုက် လိုအပ်သော ကျွမ်းကျင်မှုများကို လေ့လာသင်ယူနိုင်ရန် စီစဉ်ခြင်း၊

(ဂ) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာများအပါအဝင် ခေတ်နှင့်လျော်ညီသော နည်းပညာများကို လေ့လာသင်ယူနိုင်ရန်စီစဉ်ခြင်း။

၁၉။ သင်ကြားသင်ယူမှု နည်းလမ်းများကို ရွေးချယ်ရာတွင် အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်ကော်မတီသည် အောက်ပါအချက်တို့ကို အခြေခံရမည် -

(က) ကျောင်းသားတစ်ဦးချင်းစီ၏ ကိုယ်တိုင်ပူးပေါင်း ပါဝင်ဆောင်ရွက်မှု၊ စူးစမ်းလေ့လာမှု၊ ဆင်ခြင်စဉ်းစားနိုင်မှု၊ ဝေဖန်သုံးသပ်နိုင်မှု၊ ဆုံးဖြတ်နိုင်မှု၊ တီထွင်ကြံဆနိုင်မှုနှင့် တာဝန်ယူတတ်မှုတို့ကို ပြုစုပျိုးထောင်ပေးနိုင်ရန် သင်ယူသူဗဟိုပြု ချဉ်းကပ်နည်းအပါအဝင် ထိရောက်သော သင်ကြားသင်ယူနည်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ကျောင်းသားများ၏ စိတ်ပိုင်းနှင့်ရုပ်ပိုင်းဆိုင်ရာ အခြေအနေများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းစွာထောက်ပံ့ပေးနိုင်သော သင်ယူမှုဝန်းကျင်ကောင်းကို စီစဉ်ဖန်တီးပေးသည့် နည်းလမ်းများဖြင့်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

၂၀။ တတ်မြောက်မှု စစ်ဆေးအကဲဖြတ်နည်းများ၊ စာမေးပွဲကျင်းပ စစ်ဆေးနည်းများကို သတ်မှတ်ရာတွင် အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်ကော်မတီသည် အောက်ပါအချက်တို့ကို အခြေခံရမည် -

(က) တတ်မြောက်မှုစစ်ဆေးခြင်းများသည် သင်ရိုးညွှန်းတမ်းကို အခြေခံ၍ သင်ယူမှုရလဒ်များ ပေါက်မြောက်အောင်မြင်မှု အခြေအနေကို စစ်ဆေးသည့် တတ်ကျွမ်းမှုအခြေပြု အကဲဖြတ်နည်းစနစ်ကို ကျင့်သုံးရေး၊

(ခ) တတ်မြောက်မှု စစ်ဆေးခြင်းများနှင့် အတန်းကူးပြောင်းမှု စစ်ဆေးခြင်းများကို စစ်ဆေးမှုဆိုင်ရာ နည်းပညာများနှင့်အညီ စနစ်တကျစစ်ဆေးရေး၊

(ဂ) အခြေခံပညာမူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ပြီးဆုံးချိန်တွင် အဆင့်အလိုက် တတ်မြောက်မှုစစ်ဆေးခြင်းများကို အဆင့်ပြီးမြောက်ကြောင်း စာမေးပွဲများအဖြစ် ဆောင်ရွက်ရေး၊

(ဃ) အခြေခံပညာ အထက်တန်းအဆင့်စာမေးပွဲကို အခြေခံပညာရေးပြီးဆုံးချိန်တွင် ဗဟိုအဆင့်က ကြီးမှူးကျင်းပရမည်ဖြစ်ပြီး အခြေခံပညာရေးပြီးဆုံးချိန်တွင်ရှိသော တတ်မြောက်မှုအဆင့်ကို စစ်ဆေးသော စာမေးပွဲအဖြစ် ဆောင်ရွက်ရေး။

*(ဆက်လက်ဖော်ပြပါမည်)*

## သတင်းတိုများ

### အသက် ၂၂ အောက် ကလပ်အသင်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၏ အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ကျင်းပသော မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အသက် ၂၂ နှစ်အောက် ကလပ်အလိုက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ကလေးမြို့နယ် ပြည်သူ့အားကစားကွင်း၌ ဒီဇင်ဘာ ၃၀ ရက်က ကျင်းပခဲ့သည်။

ဗိုလ်လုပွဲတွင် မြနန္ဒီကလပ်အသင်းနှင့် Fuso Fighter ကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြကာ Fuso Fighter အသင်းက အနိုင်ရဗိုလ်စွဲခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ပထမဆုရ Fuso Fighter ကလပ်အသင်းအား မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဦးဝေလွင်ဖြိုးက တစ်ဦးချင်းဆု၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုများကို ပေးအပ်ချီးမြှင့်ပြီး ဒုတိယဆုရအသင်း၊ နေရာအလိုက် အကောင်းဆုံးအားကစားသမားများနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားများကိုလည်း တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့သည်။

**ချင်းတွင်းသား**

### လွတ်လပ်ရေးနေ့ကြိုဆိုဂုဏ်ပြုမီနီမာရသွန်ပြိုင်ပွဲ ကျင်းပ

နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်တွင်းကြီးမြို့နယ်၌ အားကစားပြိုင်ပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ဇန်နဝါရီ ၁ ရက် နံနက်က မီနီမာရသွန်အပြေးပြိုင်ပွဲကို ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် အားကစားသမား ၂၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး တောင်တွင်းကြီး-မကွေးကားလမ်း(၇)မိုင်မှ မြို့နယ်ခန်းမအထိ ယှဉ်ပြိုင်ရကာ ပြိုင်ပွဲအပြီးတွင် ဆုရရှိသူများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

**ဝ၈၅**

### ကိုရီးယားကျေးရွာသစ်စီမံကိန်းအရ ကျေးလက်ကွန်ကရစ်လမ်းခင်း

နွားထိုးကြီးမြို့နယ် ရွှေပြည့်ရင်ကျေးရွာတွင် ကိုရီးယားနိုင်ငံ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်သည့် ဆယ်မားအူးလ်အွန်ဒုန် ကျေးရွာသစ်စီမံကိန်းအရ ကျေးရွာအဝင်လမ်းကို ကွန်ကရစ်ခင်းမှုများ ဒီဇင်ဘာ ၃၀ ရက်က ပြီးစီးခဲ့ကြောင်း သိရသည်။ လမ်းအကျယ် ၁၅ ပေ၊ အရှည် ၄၅၆ ပေတွင် ထု ၆ လက်မ ကွန်ကရစ်ခင်းခြင်းဖြစ်ပြီး လမ်းအတွက် စီမံကိန်းရန်ပုံငွေ ကျပ် ၆၁ သိန်းကျော်နှင့် ကျေးရွာမှပြည်သူများ ထည့်ဝင်ငွေ ကျပ်ငါးသိန်းကျော်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခင်ဇာမွန်မြင့်(ဥပဒေ)**

## ဘက်စုံသားဖွားဒီပလိုမာသင်တန်းဆင်း

**တာချီလိတ် ဇန်နဝါရီ ၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့တော်ခန်းမ၌ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝဆောင်ရွက်ပေးနိုင်မည့် စတုတ္ထအကြိမ်မြောက် ဘက်စုံသားဖွားဒီပလိုမာ သင်တန်းဆင်းပွဲနှင့် အောင်လက်မှတ်အပ်နှင်းပွဲကို ဒီဇင်ဘာ ၃၁ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ကျိုင်းတုံခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းသိန်းက အမှာစကားပြောကြားပြီး ကျောင်းအုပ်ကြီးက ဘက်စုံသားဖွားဒီပလိုမာ သင်တန်းဆင်းသည့် သင်တန်းသူ ၆၂ ဦးအား တစ်ဦးချင်းစီအလိုက် အောင်လက်မှတ်များပေးအပ်ကာ သင်တန်းဆင်းမိန့်ခွန်း ပြောကြားခဲ့သည်။ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းအနေဖြင့် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ကာ ဘက်စုံသားဖွားဒီပလိုမာ သင်တန်းများကို ၂၀၁၀ ခုနှစ်မှ စတင်၍ ဖွင့်လှစ်ခဲ့ရာ ယနေ့အထိ သင်တန်းသူ ၄၀၅ ဦးတို့အား အောင်လက်မှတ်များပေးအပ် မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ယခု ကျိုင်းတုံမြို့ ဘက်စုံသားဖွားဒီပလိုမာ သင်တန်းကို ကျိုင်းတုံမြို့နယ် ဟွေခါးကျေးရွာအနီးရှိ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၌ ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ နှစ်နှစ်တိုင် ဖွင့်လှစ်၍ ကျင့်ဝတ်ပိုင်းဆိုင်ရာနှင့် အခြေခံသူနာပြု ပညာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ကာ ယခု သင်တန်းဆင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## ရှမ်းမျိုးနွယ်ဝင်များ ကောက်ဦးဆွမ်းစုပေါင်းကပ်လှူပွဲနှင့် မီနီမာရသွန်ပြိုင်ပွဲ ကျင်းပ

**ဗန်းမော် ဇန်နဝါရီ ၃**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် ရွှေကျေးနားကျေးရွာရှိ အိုက်ခေါ်တော်စေတီတော်မြတ်အား ဗန်းမော်ခရိုင်လုံးဆိုင်ရာ ရှမ်းမျိုးနွယ်ဝင်များစုပေါင်း၍ (၄၁)ကြိမ်မြောက် ကောက်ဦးဆွမ်း စုပေါင်းကပ်လှူပူဇော်ပွဲကို ဇန်နဝါရီ ၁ ရက်တွင် ကျင်းပသည်။

ကောက်ဦးဆွမ်းစုပေါင်းကပ်လှူပွဲနှင့်အတူ ပျော်ပွဲရွှင်ပွဲများနှင့် အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၃၀ ရက်မှစ၍ ကျင်းပပြီး ကလေးဘောလုံးပွဲ၊ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတို့ကို ဒီဇင်ဘာ ၃၀ ရက်တွင် ကျင်းပကာ ဒီဇင်ဘာ ၃၁ ရက်တွင် အမျိုးသားအမျိုးသမီး မီနီမာရသွန် အပြေးပြိုင်ပွဲကို ကျင်းပခဲ့သည်။ မီနီမာရသွန် ပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီး ပြိုင်ပွဲဝင် ၄၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ရွှေကျီးနားကျေးရွာစေတီ မုခ်ဦးပေါက်မှ တာထွက်၍ နောင်ခိုလမ်းဆုံနာရီစင်-အမှတ်(၂) ဈေး-အထက(၁)- စုပေါင်းရုံးကြီးလမ်း-ဆေးရုံကြီးလမ်း-ပရဟိတကန်လမ်း-နောင်ခိုအနောက်ဘက်လမ်းအတိုင်း ရွှေကျီးနားစေတီတွင် ပြန်လည်ပန်းဝင်ခဲ့ကြသည်။ မီနီမာရသွန်ပြိုင်ပွဲတွင် ဆုရသူများအား ကောက်ဦးဆွမ်းကပ်လှူသည့် ဇန်နဝါရီ ၁ ရက်တွင် ဆုများချီးမြှင့်ခဲ့သည်။

**ဆီမီးခုံ-နန်းရီ**

## မြန်မာ့ဖရဲသီးများ ပြည်ပဈေးကွက်ဝင်နေ၍ တိုးချဲ့စိုက်ပျိုးလျက်ရှိ

**ဖျာပုံ ဇန်နဝါရီ ၃**

မြန်မာနိုင်ငံတွင် ဖရဲသီးများကို မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ပဲခူး၊ ဧရာဝတီ တိုင်း ဒေသကြီးများနှင့် မွန်ပြည်နယ်တို့တွင် အများဆုံး စိုက်ပျိုးကြပြီး လက်ရှိအချိန်တွင် တရုတ်နိုင်ငံမှ ဝယ်လိုအားကောင်း နေသည့်အတွက် မူဆယ်လမ်းကြောင်းမှတစ်ဆင့် ကားများဖြင့် တင်ပို့လျက်ရှိကာ ဈေးကွက်ကောင်းနေသောကြောင့် တောင်သူများအနေဖြင့် ဖရဲသီးများကို တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။



မြန်မာ့ဖရဲသီးများကို တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် ယမန်နှစ်က ဖရဲသီးတန်ချိန်ငါးရာ တင်ပို့နိုင်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဖရဲသီးတန်ချိန် ၁၀၀၀ ကျော်အထိ တင်ပို့နိုင်ရန် မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ ဖရဲသခွား အစုအဖွဲ့အသင်း၏ သတင်းမှတ်တမ်းအရ သိရသည်။

ဖရဲသီးစိုက်ပျိုးထွက်ရှိရာဒေသများမှာ ဒေသတစ်ခုနှင့်တစ်ခု အချိန်ကာလ မတူသည့်အတွက် တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်း ဖရဲသီး ဈေးကွက်မှာ ရာသီမရွေးရှိနေသည်ကို တွေ့ရှိရသည်။

လက်ရှိအချိန်တွင် မြန်မာ့ ဖရဲသီးများမှာ ပြည်ပဈေးကွက်ဝင်နေသကဲ့သို့ ပြည်တွင်းဈေးကွက်တွင်လည်း တစ်နှစ်ထက်တစ်နှစ် စားသုံးသူ များပြားလာကြသဖြင့် ဖရဲသီးဈေးကွက်မှာ ပြည်တွင်းတွင်လည်း ခိုင်မာကျယ်ပြန့်နေကြောင်း လေ့လာသိရှိရသည်။

**အောင်ဝင်း(ဖျာပုံ)**

## ရေဦးမြို့၌ ပထမဆုံးအကြိမ် မြန်မာ့ရိုးရာသိုင်းပညာ အခြေခံသင်တန်းဖွင့်

**ရေဦး ဇန်နဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် အားကစားနှင့် ကာယပညာကော်မတီ၊ ပညာရေးဌာနနှင့် မြန်မာ့သိုင်းအဖွဲ့ချုပ်တို့ ပူးပေါင်း၍ မြို့နယ်အတွင်း ပထမဆုံးအကြိမ် အခြေခံမြန်မာ့ရိုးရာသိုင်းပညာ(၆၃မောင်း) လက်နက်မဲ့ ခုခံကာကွယ်တိုက်ခိုက်နည်းသင်တန်းကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း မြို့နယ်အားကစားနှင့်ကာယပညာ ဦးစီးဌာနမှ သိရသည်။

"မြန်မာ့သိုင်းပညာဟာ မြန်မာလူမျိုးတို့အတွက် တတ်မြောက်ထားသင့်တဲ့ ကိုယ်ခံပညာရပ်တစ်ခုပါ၊ မြန်မာတစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီး မြန်မာနိုင်ငံသားတိုင်း မြန်မာ့သိုင်းပညာကို တတ်မြောက်စေလိုတဲ့ ရည်ရွယ်ချက်လည်း ပါပါတယ်၊ အမျိုးသား အမျိုးသမီး မရွေး တတ်မြောက်ထားသင့်ပါတယ်၊ သင်တန်းကာလက ၁၅ ရက်ကြာမြင့်မှာဖြစ်ပါတယ်" ဟု မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဦးနေစိုးဇော်က ပြောသည်။



သင်တန်းတက်ရောက်သည့် အလယ်တန်းကျောင်းသူတစ်ဦး၏ မိခင်တစ်ဦးက "ရေဦးမြို့မှာ မြန်မာ့သိုင်းပညာအကြောင်းကို သိသူတတ်သူ နည်းပါးလာတယ်လို့ ထင်တယ်၊ မြန်မာ့သိုင်းပညာကို သင်ရမှန်းလည်း မသိကြဘူး၊ မိဘတွေကလည်း အားမပေးခဲ့ဘူး၊ ကလေးတွေ အရွယ်ရောက်လာရင် ကျောင်းစာကိုပဲ အဓိကထားအားပေးနေကြတယ်၊ ကျောင်းသားတွေမှာ ကိုယ်ခန္ဓာကြံ့ခိုင်ဖို့ လိုအပ်လာတယ်၊ ကျန်းမာကြံ့ခိုင်ပြီး ဘက်စုံထူးချွန်စေဖို့အတွက် ပညာရေးဝန်ကြီးဌာနက အခြေခံပညာကျောင်းများမှာ မြန်မာ့သိုင်းပညာကို တစ်နှစ်တစ်ကြိမ် သင်ကြားပေးနိုင်ရေး စီစဉ်ဆောင်ရွက်လာပြီလို့ သိရတယ်၊ အခုဆို ရေဦးမြို့မှာ ပထမဆုံးအကြိမ် အခြေခံ မြန်မာ့ရိုးရာသိုင်းပညာကို အခြေခံပညာ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၈၀ ဦးကို မြန်မာ့သိုင်းအဖွဲ့ချုပ်မှနည်းပြ ဦးအောင်နိုင်ထွန်းကိုယ်တိုင် သင်ကြားပေးလျက်ရှိပါတယ်၊ မိန်းကလေးတွေအနေနဲ့ မသင်လောက်ဘူးလို့ ထင်ထားပေမယ့် ကျွန်မကိုယ်တိုင်က သင်ယူစေချင်တဲ့အတွက် ကိုယ်တိုင်လာရောက်စာရင်းပေး အပ်နှံခဲ့တာပါ၊ မြန်မာ့သိုင်းပညာဆိုတာ သူတစ်ပါးကိုတိုက်ခိုက်ဖို့မဟုတ် အရေးကြုံလာရင် ခုခံကာကွယ်နိုင်ဖို့ တတ်မြောက်ထားသင့်တဲ့ ပညာရပ်တစ်ခုမို့လို့ပါ၊ ကျွန်မအသက် လေးဆယ်ကျော်ပြီ၊ ရေဦးမှာ ဒီလိုသိုင်းပညာသင်တန်းဖွင့်တာ ပထမဦးဆုံး တွေ့မြင်ရတာပဲ၊ ကျောင်းသား ကျောင်းသူတွေ တကယ် သင်ယူသင့်ပါတယ်" ဟု ပြောသည်။

**သန်းထိုက်(ရေဦး)**

## အောင်ပွဲရ ကလေးခရိုင်နှင့်မြို့နယ်အားကစားသမားများအား ဂုဏ်ပြု

**ကလေး ဇန်နဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အေရိုးဗစ်ပြိုင်ပွဲတွင် ဆုရရှိသော ကလေးခရိုင်ကိုယ်စားပြု ကာယကြံ့ခိုင်မှု အေရိုးဗစ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီးဘောလုံးအသင်းတွင် ပါဝင်သည့် ကလေးမြို့နယ် ကိုယ်စားပြု အမျိုးသမီးဘောလုံးအားကစားသမားများအား ဂုဏ်ပြုပွဲကို ဒီဇင်ဘာ ၃၁ ရက်က ကလေးမြို့နယ် စုပေါင်းရုံးခန်းမ၌ ကျင်းပခဲ့သည်။



ဂုဏ်ပြုပွဲတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌကိုယ်စား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝေလွင်ဖြိုးက အမှာစကားပြောကြားပြီး တံခွန်စိုက်ဆုရသည့် ကလေးခရိုင်ကိုယ်ကာယကြံ့ခိုင်မှု အေရိုးဗစ်အသင်းအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် မြို့မိမြို့ဖ ဦးအောင်မင်းတို့က ဂုဏ်ပြုဆုများ ချီးမြှင့်သည်။ ထို့နောက် ဒုတိယဆုရသည့် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီးဘောလုံးအသင်းမှ ကလေးမြို့နယ်ကိုယ်စားပြု ဘောလုံးအားကစားသမားများအား မြို့မိမြို့ဖဦးသန်းထွန်းနှင့် မြို့မိမြို့ဖ ဦးညီညီတို့က ဂုဏ်ပြုဆုနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ဂျူနိုင်း**

# ဇာတိသွေး၊ ဇာတိမာန် အစဉ်နိုးကြားထိန်းသိမ်း

**မြတ်မင်းလှိုင်**

**အေးမြကြည်နူး**

လွန်ခဲ့သော ၆၉ နှစ် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် (၁၃၀၉ ခုနှစ် ပြာသိုလဆုတ် ၉ ရက်နေ့သည်) မြန်မာ့ဆောင်းရာသီ၏ ဓမ္မတာအတိုင်း လောကဓာတ်တစ်ခွင်တွင် ဆီးနှင်းများပိတ်ဖုံးကာ အလွန်အေးမြလှသည်။ မြန်မာတိုင်းရင်းသားတို့၏ နှလုံးသားတွင် ဆောင်းနှင်းထက်ပင် အေးမြကြည်နူးကြလျက်ရှိနေသည်။

လှောင်ချိုင့်တွင်းမှ လွတ်မြောက်ကာလာကြသည့် ငှက်ငယ်များပမာ ရွှင်လန်းပျော်မြူးနေကြသည်။ ထိုနေ့ နံနက် ၄ နာရီ မိနစ် ၂၀ အချိန်တွင် မြန်မာနိုင်ငံတစ်ဝန်းတိုင်းရင်းသားအားလုံးတို့သည် ဗြိတိသျှနယ်ချဲ့အရင်းရှင်တို့၏ ဖိနှိပ်ခံ၊ သူ့ကျွန်ဘဝမှ လုံးဝလွတ်မြောက်ခဲ့ခြင်းကြောင့်ဖြစ်သည်။ မြန်မာ့မြေပေါ်တွင် နှစ်ပေါင်းများစွာ လွှင့်ထူမင်းမူခဲ့သော ယူနီယံဂျက်အလံသည် အလံတိုင်ထက်မှ လျှောကျခဲ့ပေသည်။ မြန်မာ့အမျိုးသားအောင်လံသည် အလံတိုင်ထိပ်ကျက်သရေရှိရှိ ဝင့်ဝင့်ကြွားကြွား ရောက်ရှိခဲ့သည်။ မြန်မာတိုင်းရင်းသားတို့အတွက် မင်္ဂလာအရှိဆုံး၊ အပျော်ရွှင်ဆုံး ရက်ထူးရက်မြတ် လွတ်လပ်ရေးနေ့ဖြစ်လာခဲ့သည်။

**တန်ခိုးကြီးနိုင်ငံတစ်နိုင်ငံ**

မြန်မာတို့သည် နိုင်ငံတည်ထောင်ပြီးသည့် အထိမ်းအမှတ်မှစ၍ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ခံ့ညားထည်ဝါလွတ်လပ်စွာ နေထိုင်ခဲ့ကြသည်။ ဇာတိသွေး၊ ဇာတိမာန် ပြင်းထန်သူများဖြစ်သည့်အလျောက် အမျိုးကိုထိက မခံအောင်နာသော လူမျိုးဖြစ်သည်။ လက်ရုံးရည်၊ နှလုံးရည်တို့နှင့် ပြည့်စုံသော မြန်မာမင်းများလက်ထက်တွင် အာရှတစ်ခွင်၌ တန်ခိုးကြီးနိုင်ငံတစ်နိုင်ငံအဖြစ် ထင်ရှားခဲ့သည်။ မြန်မာ-မြန်မာဟူသော အမည်သည် ထင်ရှားပဲ့တင်ခတ်ခဲ့သည်။

သို့သော် မြန်မာဘုရင်များသည် ပဒေသရာဇ်ခေတ်၏ တန်ခိုးအာဏာ အရှိန်အဝါများကိုသာ အထင်ကြီးမက်မောနေကြသည်။ အခြားသော နိုင်ငံများ၏ အရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်နေသည်များကို သိမြင်နားလည်ခွင့်မရကြပေ။ သိမြင်နားလည်ရန်လည်း အားထုတ်ခြင်းမပြုကြပေ။ မြန်မာတို့၏ စီးပွားရေး၊ စစ်ရေး၊ နိုင်ငံရေးနှင့် ပညာရေးစသည်တို့ ကျဉ်းမြောင်းလှသည့် မြန်မာနိုင်ငံ နယ်နိမိတ်အတွင်း၌သာ ရပ်တည်လျက်ရှိခဲ့သည်။

နှစ်ပေါင်းထောင်နှင့်ချီ၍ လွတ်လပ်ရေးခိုင်မာခဲ့သော မြန်မာတို့သည် ပြင်ပတိုးတက်မှုကို လိုက်မမီခြင်းသာမက မင်းအရည်အချင်း ညံ့ခြင်း၊ စစ်ခေါင်းဆောင်တို့ မညီညွတ်ခြင်း၊ နိုင်ငံ့ခေါင်းဆောင်တို့ စစ်ပညာသဘောတရားကို လျစ်လျူရှုခဲ့သဖြင့် လက်နက်ခေတ်နောက်ကျရခြင်းတို့ကြောင့် တစ်ကြိမ်တစ်ခါ သူ့ကျွန်ဘဝသို့ ရောက်ခဲ့ရသည်။

**ခုခံတိုက်ထုတ်ခဲ့**

မြန်မာတိုင်းရင်းသားတို့သည် လွတ်လပ်ရေးမြတ်နိုးသူများပီပီ သူ့ကျွန်မခံလိုကြ။ သူ့ကျွန်ဘဝဖြင့် အသက်ရှင်ရခြင်းထက် သေရခြင်းသည် ပို၍ မြတ်သည်ဟု ဆီးဘန်းနီဆရာတော်သည် လက်ာဖွဲ့ဆို နှိုးဆော်ခဲ့သည်။ မြန်မာတိုင်းရင်းသားတို့သည် အချင်းချင်းစစ်ဖြစ်နေစေကာမူ တိုင်းခြားရန်သူတို့ ကျူးကျော်လာမှုကိုကား ညီညွတ်စွာ ခုခံတိုက်ထုတ်ခဲ့ကြသည်။ အင်းဝမင်းခေါင်နှင့် ဟံသာဝတီရာဇဓိရာဇ်တို့ အချင်းချင်းစစ်ဖြစ်ကြချိန် မွန်သူရဲကောင်းသမိန်ဗရမ်းသည် တရုတ်တို့ကို နှိမ်နင်းပေးခဲ့သည့် သာဓကပင်ဖြစ်သည်။

ကျူးကျော်နယ်ချဲ့တို့လက်အောက် ရောက်ခဲ့ကြရသော်လည်း သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် အဆက်မပြတ် တော်လှန်ခဲ့ကြသည်။ ၁၈၂၆ ခုနှစ် ဖေဖော်ဝါရီလတွင် ရန္တပိုစာချုပ်အရ အာသံ၊ မဏိပူရ၊ ရခိုင်နယ်၊ တနင်္သာရီနယ်များ နယ်ချဲ့လက်အောက်သို့ ကျရောက်ချိန်တွင် ထိုဒေသများရှိ ကရင်၊ မြန်မာ၊ ရခိုင်၊ မွန်နှင့် ချင်းအမျိုးသားတို့သည် ရရာလက်နက်ဖြင့် တော်လှန်တိုက်ခိုက်ကြသည်။ ဒုတိယစစ်အပြီး တော်လှန်တိုက်ခိုက်မှုများ ပိုမိုပြင်းထန်လာသည်။ တတိယစစ်ပွဲအပြီးတွင်မူကား မြန်မာနိုင်ငံအားလုံး သူ့ကျွန်ဘဝ ရောက်ခဲ့ရသည်။ နိုင်ငံအနှံ့အပြား တော်လှန်မှုများ ပေါ်ပေါက်ခဲ့သည်။ တိုင်းရင်းသားအားလုံး ချင်း၊ ကချင်၊ ကရင်၊ မြန်မာ၊ ရခိုင်၊ ရှမ်း၊ လဝဇယိမ်ပါမကျန် တော်လှန်ကြရာ သမိုင်းတွင် စာတင်ရသော သူရဲကောင်းတို့ကား များလှပေသည်။

**အပြင်းထန်ဆုံးဖြစ်**

အင်္ဂလိပ်-မြန်မာစစ်ပွဲပြီးနောက် အစပိုင်းတော်လှန်ရေးများသည် လက်နက်စွဲကိုင်တိုက်ခိုက်မှုများသည် နယ်မြေဒေသအလိုက် တော်လှန်ခြင်းများဖြစ်သောကြောင့် အရေးနိမ့်ခဲ့ရသည်။ ၁၈၈၅ ခုနှစ် သူ့ကျွန်ဘဝရောက်ရသည်မှ ၁၉၀၀ ပြည့်နှစ်အထိ အမျိုးသားခုခံတော်လှန်မှုကို နယ်ချဲ့တို့သည် အဆက်မပြတ်ရင်ဆိုင်ခဲ့ကြရသည်။ နယ်ချဲ့တို့သည် နည်းအမျိုးမျိုးဖြင့်ချိုးနှိမ်ဖိနှိပ်ခဲ့သော်လည်း မြန်မာတိုင်းရင်းသားတို့ ဇာတိမာန်ကား ပျောက်မသွားခဲ့ပေ။

၁၉၀၆ ခုနှစ်တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းစတင်ဖွဲ့စည်းခဲ့သည်။ ၁၉၂၀ ပြည့်နှစ်တွင် နယ်ချဲ့ပညာရေးကို ဆန့်ကျင်သော ကျောင်းသားသပိတ်ကျင်းပခဲ့သည်။ ၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ဆရာစံဦးဆောင်သည့် နယ်ချဲ့ဆန့်ကျင်ရေး အဖွဲ့သည် ရရာလက်နက်စွဲကိုင်တော်လှန်ခဲ့ကြသည်။ ၁၉၃၀ ပြည့်နှစ်တွင် သခင်အသင်းခေါ် ဒို့ဗမာအစည်းအရုံးကြီး ပေါ်ပေါက်လာပြီး နိုင်ငံရေးလှုပ်ရှားမှုသည် အပြင်းထန်ဆုံးဖြစ်သည်။

ထိုနှစ်တွင်ပင် ၁၃၀၀ ပြည့်အရေးတော်ပုံဟူသော နယ်ချဲ့ဆန့်ကျင်ရေးကြီးသည် တစ်ခဲနက်ပေါ်ပေါက်လာပေသည်။ ၁၉၃၉ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် ဒို့ဗမာအစည်းအရုံးမှ ပြည်လုံးဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကျင်းပကာ အထွေထွေအတွင်းရေးမှူးအဖြစ် သခင်အောင်ဆန်းတာဝန်ယူသည့် ဗမာ့ထွက်ရပ်ဂိုဏ်းကြီး ဖွဲ့စည်းခဲ့သည်။

## ၂၀၁၈ ခုနှစ် နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံးစုစည်းထိန်းသိမ်းကာကွယ်ရေး။

(၂) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်တော်သည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် “ ထာဝရငြိမ်းချမ်းရေး” ပန်းတိုင်သို့ရောက်ရှိအောင် ပြည်ထောင်စုတိုင်းရင်းသားအားလုံးမှ နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ရေး။

(၅) စီးပွားရေး၏ အဓိကမောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိကကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

**“သွေးချွေးပေါင်းများစွာရင်းကာ မြန်မာတိုင်းရင်းသားတို့ အသက်နှင့်ထပ်တူ မြတ်နိုးရယူခဲ့သော လွတ်လပ်ရေး ကမ္ဘာတည်သရွေ့တည်တံ့စေနိုင်ရန် မြန်မာတို့ဇာတိသွေး၊ ဇာတိမာန်တို့ အစဉ်နိုးကြား တက်ကြွနေစေရပေမည် ဖြစ်ရာ နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့အတွက် နိုင်ငံတော်က ချမှတ်ထားသည့် အမျိုးသားရေးဦးတည်ချက်ငါးရပ် နှင့်အညီ ဆက်လက်ကြိုးပမ်းသွားကြရမည်ဖြစ်”**

**ကမ္ဘာမြေဝယ်အနှံ့ပျံ့လွှင့်လာ**

၁၉၄၀ ပြည့်နှစ် ဩဂုတ် ၈ ရက်တွင် သခင် အောင်ဆန်းနှင့် သခင်လှမြိုင်တို့ အဖွဲ့သည် ဟိုင်လီအမည်ရှိ သင်္ဘောဖြင့် ဂျပန်သို့ ထွက်ခွာခဲ့ကြသည်။ ဤသည်ပင်လျှင် မြန်မာ့တပ်မတော်အစ၊ မြန်မာ့လွတ်လပ်ရေး အစဖြစ်တော့သည်။ ၁၉၄၂ ခုနှစ်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးသည် ဂျပန်တို့နှင့် ဝင်ရောက်လာပြီးမတ်လ ၈ ရက်နေ့တွင် ရန်ကုန်ကိုသိမ်းမိကြသည်။ ဖက်ဆစ်ဂျပန်တို့သည် ကတိမတည် လွတ်လပ်ရေးပေးရန် ပျက်ကွက်၍ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဂျပန်အား မြန်မာတိုင်းရင်းသားအားလုံး အုံကြွတော်လှန်ခဲ့ကြလေသည်။ ဂျပန်တို့စစ်ရှုံးသွားလေသည်။ သို့သော် မြန်မာတို့ကား လွတ်လပ်ရေးမရသေးပါ။ အင်္ဂလိပ်နယ်ချဲ့တို့မြန်မာပြည်ကို ပြန်လည်သွေးစုပ်ရန် ကြိုးပမ်းကြသည်။

သို့သော် ဗိုလ်ချုပ်အောင်ဆန်း၏ အလံမလှဲတမ်း ဇာတိသွေး၊ ဇာတိမာန်နှင့် မှန်ကန်သည့် ဦးဆောင်မှုတစ်မျိုးသားလုံးညီညာစွာ ပူးပေါင်းပါဝင်မှုတို့ကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ နံနက် ၄ နာရီ မိနစ် ၂၀ တွင် မြန်မာတိုင်းရင်းသားတို့မျှော်မှန်းခဲ့သော လွတ်လပ်ရေးကြီးကို လက်ဝယ်ပိုင်ပိုင်ရရှိခဲ့ပေသည်။ မြန်မာ့သွေး၊ မြန်မာ့ဇာတိမာန်သည် မညှိုးနိုင်ခဲ့သည်ကို လက်တွေ့ပြသခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံတော်သီချင်းလည်း ကမ္ဘာမြေဝယ်အနှံ့ပျံ့လွှင့်လာခဲ့သည်။

ဤသို့ သွေးချွေးပေါင်းများစွာရင်းကာ မြန်မာတိုင်းရင်းသားတို့ အသက်နှင့်ထပ်တူမြတ်နိုးရယူခဲ့သော လွတ်လပ်ရေး ကမ္ဘာတည်သရွေ့တည်တံ့စေနိုင်ရန် မြန်မာတို့ဇာတိသွေး၊ ဇာတိမာန်တို့ အစဉ်နိုးကြားတက်ကြွနေစေရပေမည်ဖြစ်ရာ နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့အတွက် နိုင်ငံတော်က ချမှတ်ထားသည့် အမျိုးသားရေးဦးတည်ချက်ငါးရပ်နှင့်အညီ ဆက်လက်ကြိုးပမ်းသွားကြရမည် ဖြစ်ပေသည်။ ။

# လွတ်လပ်ရေးနေ့ ကြိုဆိုဂုဏ်ပြုပွဲများပြုလုပ်

**လွယ်ဂျယ်**

ကချင်ပြည်နယ် လွယ်ဂျယ်မြို့၌ နှစ်(၇၀)ပြည့်လွတ်လပ်ရေးနေ့ကို ကြိုဆိုသောအားဖြင့် ဘောလုံးကွင်းသစ်ကြီးကို ဆေးရုံကုန်းတွင် ဒီဇင်ဘာလနောက်ဆုံးပတ်က ဖွင့်လှစ်ခဲ့သည်။

ဘောလုံးကွင်းမြေနေရာကို ရှမ်းယဉ်ကျေးမှုဥက္ကဋ္ဌ ဦးမောင်ကောင်းက မတည်လှူဒါန်းခဲ့ပြီး ဦးပလောင်နှင့် အဖွဲ့သားများက ဘောလုံးကွင်းသစ်ကြီး ပေါ်ပေါက်လာစေရန် ဝိုင်းဝန်းစုပေါင်း၍ လုပ်ဆောင်ခဲ့ကြသည်။

လွယ်ဂျယ်မြို့၏ ပထမဆုံး ဘောလုံးအားကစားကွင်းသစ်ကြီးကို နယ်မြေခံတပ်ရင်းမှူး ဗိုလ်မှူးရဲလင်းအောင်၊ အုပ်ချုပ်ရေးမှူး ဦးလွင်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကချင်ရိုးရာ၊ ရှမ်းရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၊ NGO အဖွဲ့များနှင့် အားကစားအဖွဲ့များ တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ရင်ငြိမ်းပန်း(လွယ်ဂျယ်)**



# မင်းလှမြို့၌ အပ္ပမာဒကုသိုလ်ဖြစ်ဆေးခန်းဖွင့်လှစ်

**မင်းလှ ဇန်နဝါရီ ၃**

သရက်ခရိုင် မင်းလှမြို့နယ်၌ ဒီဇင်ဘာလ ၃၁ရက်က မြို့နယ်အပ္ပမာဒနာရေးကူညီမှုအသင်းမှ ကြီးမှူး၍ အပ္ပမာဒကုသိုလ်ဖြစ် ဆေးခန်းဖွင့်ပွဲကျင်းပခဲ့ရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကြီးက အမှာစကားပြောကြားခဲ့သည်။

ကုသိုလ်ဖြစ်ဆေးခန်းကို အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့များ တွင်မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီ အထိ ဖွင့်လှစ်၍ မြို့ပေါ်ဆရာဝန်နှစ်ဦး၊ သွားဆရာဝန်တစ်ဦးတို့က အပ္ပမာဒ ကုသိုလ်ဖြစ် ဆေးခန်းလာပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးသွားမည်ဖြစ်ကြောင်း၊ ဆေးကုသိုလ်ရှင်များက တစ်နှစ်စာလှူဒါန်းရန် စာရင်းပေးသွင်းထားပြီးဖြစ်ကြောင်း ဆေးခန်းဖြစ်မြောက်ရေးနာယက ဒေါက်တာအောင်မြင့်က ပြောသည်။



ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူးနှင့် အပ္ပမာဒကုသိုလ်ဖြစ်ဆေးခန်းတာဝန်ရှိသူနှစ်ဦးက ဆေးခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က အပ္ပမာဒကုသိုလ်ဖြစ်ဆေးခန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ပြီး တက်ရောက်လာကြသူများက ဆေးခန်းအတွင်း ကြည့်ရှုအားပေး၍ အပ္ပမာဒကုသိုလ်ဖြစ်ဆေးခန်းဖြစ်မြောက်ရေး နာယကက ဆေးခန်းအတွင်း ဆေးသိုလှောင်ထားရှိမှုနှင့် ပစ္စည်းများအကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ကိုသက်(အထက်မင်းလှ)**

# မဲခေါင် - လန်ချန်း သတင်းမီဒီယာလေ့လာရေးမှသည် . . .

*(ဒီဇင်ဘာ ၂၉ ရက်မှ အဆက်)*

**ကျော်သူဝင်း(မြန်မာ့အလင်း)**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တာ့လီမြို့သည် ကချင်ပြည်နယ်နှင့် နယ်နိမိတ်ချင်း ထိစပ်နေပြီး ရာသီဥတုကောင်းမွန်ကာ တောတောင်ရေမြေ သဘာဝအလှများ၊ ခေတ်မီအဆောက်အအုံများတည်ရှိနေမှု၊ ရှေးဟောင်းမြို့ဟောင်းဈေး၊ ဘုရားသုံးဆူ နေရာများတည်ရှိနေသောကြောင့် ခရီးသွားများကို ဆွဲဆောင်ရာနေရာတစ်ခုဖြစ် နေသောကြောင့် သတင်းမီဒီယာအဖွဲ့လည်း အဆိုပါနေရာများသို့ သွားရောက်လေ့လာဖြစ်ခဲ့သည်။

မဲခေါင်-လန်ချန်းသတင်းမီဒီယာအဖွဲ့သည် ဒီဇင်ဘာ ၁၅ ရက်တွင် တာ့လီတက္ကသိုလ် (Dali University)သို့ သွားရောက်လေ့လာခဲ့ကြသည်။ အဆိုပါတက္ကသိုလ်တွင် မဲခေါင်နိုင်ငံများမှ ကျောင်းသားကျောင်းသူများအပြင် အိန္ဒိယနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့မှ ကျောင်းသား ကျောင်းသူများလည်း တက်ရောက်ပညာသင်ကြားလျက်ရှိသည်။ တာ့လီတက္ကသိုလ်သည် အာရှနှင့်အရှေ့တောင်အာရှ၌ ဆေးပညာဘာသာရပ်တွင် နာမည်ကြီးတက္ကသိုလ်ဖြစ်ပြီး နိုင်ငံစုံမှ ဆေးပညာ လာရောက်သင်ကြားနေသူပေါင်း တစ်ထောင်ကျော်ရှိကာ ဆေးပညာမဟာတန်းတက်နေသူ တစ်ရာကျော်ရှိကြောင်းသိရသည်။ ထို့နောက် သတင်းအဖွဲ့သည် ကျောင်းသားများ လက်တွေ့ပြုလုပ်ထားသည့် ပြခန်းများအားလေ့လာခဲ့သည်။ ယင်းနောက် တာ့လီမြို့ရှိ မော်တော်ကားထုတ်လုပ်သည့် စက်ရုံသို့သွားရောက် လေ့လာခဲ့သည်။

တတိယအကြိမ် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီး အစည်းအဝေးတွင် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု၊ လက်ရှိစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ပြန်လည်သုံးသပ်ခဲ့ကြပြီး အနာဂတ်ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်းကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပမည့် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု ခေါင်းဆောင်များအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများကို ဆွေးနွေးကြသည်။ အစည်းအဝေးတွင် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု၏ ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ငါးနှစ်တာလုပ်ငန်းအစီအစဉ်ကိုသဘောတူညီခဲ့ကြသည်။ အစည်းအဝေးအပြီးတွင် နိုင်ငံခြားရေးဝန်ကြီးများ၏ ပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

**စီမံကိန်းများအတည်ပြုခဲ့**

မဲခေါင်နိုင်ငံများ၏ အသေးစားနှင့် အလတ်စားလုပ်ငန်းများ တိုးတက်လာစေရန် တရုတ်နိုင်ငံမှ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေ တစ်ရပ်ကို ဒေါ်လာ သန်း ၃၀၀ ဖြင့် မတည်ခဲ့သည်။ အဆိုပါနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် မဲခေါင်- လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော်မည့် စီမံကိန်းများကို အတည်ပြုခဲ့သည်။ အဆိုပါ စီမံကိန်းများတွင် မြန်မာနိုင်ငံမှ စုစုပေါင်းစီမံကိန်း ၁၀ ခုပါဝင်ခဲ့ပြီး စီမံကိန်း ၁၀ ခုအတွက် ခွဲဝေရရှိမည့် ရန်ပုံငွေမှာအမေရိကန်ဒေါ်လာ ၂ ဒသမ ၄ သန်းခန့် ဖြစ်သည်။

သတင်းမီဒီယာအဖွဲ့သည် တတိယအကြိမ်မြောက် မဲခေါင်- လန်ချန်းပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးအစည်းအဝေးနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးတို့က ပြုလုပ်ရာတက်ရောက် သတင်းရယူခဲ့ကြသည်။ ထို့နောက် မဲခေါင်- လန်ချန်းပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးအစည်းအဝေးနှင့် ပတ်သက်သည့် ရှင်းလင်းဆွေးနွေးပွဲကို ဝန်ကြီးဌာနများနှင့် တက္ကသိုလ်များမှ တာဝန်ရှိသူများက သတင်းအဖွဲ့အား ရှင်းလင်းဆွေးနွေးပြီး သတင်းထောက်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

**ဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်**

တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိက ၂၀၁၆ ခုနှစ် မတ်လက ပထမအကြိမ် ထိပ်သီးအစည်းအဝေးတွင် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ကို စတင်ခဲ့သည့်နောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် တစ်ရေတည်းသောက်၊ ကံကြမ္မာ ဆက်နွှယ်ခြင်းဟူသောလိုရင်းအချက်ကိုစွဲကိုင်ပြီး ခြောက်နိုင်ငံပထဝီအနေအထား နီးကပ်ကာ စီးပွားရေးအပြန်အလှန်ဖြည့်ဆည်းရေး စသည့်အားသာချက်များကို အပြည့်အဝအသုံးပြုကာ ၃+၅ ပူးပေါင်းဆောင်ရွက်မှု မူဘောင်ကို ချမှတ်ခဲ့နိုင်ကြောင်း၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ခြောက်နိုင်ငံအကြားအပြန်အလှန် ယုံကြည်မှုကို အဆက်မပြတ်တိုးပွားစေပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်မှု လျင်မြန်စွာတိုးချဲ့ကာ ဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်မှုသည် ရှင်သန်ဖွံ့ဖြိုးရေးကာလသို့ ရောက်နေပြီဖြစ်ကြောင်း သတင်းထောက်များအား ပြောကြားခဲ့သည်။ ထို့နောက် သတင်းမီဒီယာအဖွဲ့သည် ဒီဇင်ဘာ ၁၈ ရက်တွင် ပေကျင်းမြို့ရှိ Confucius Institute ၌ လေ့လာခဲ့ကြပြီး Confucius Institute Head Quarter (Hanban) ၏ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။ ယင်းနောက် China Railway မှ တာဝန်ရှိသူများက မဲခေါင်-လန်ချန်း အမြန်ရထားလမ်းဖောက်လုပ်နေမှုနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားကာ သတင်းထောက်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။



သတင်းမီဒီယာအဖွဲ့အား People's Daily သတင်းစာထုတ်လုပ်နေမှုကို ရှင်းပြစဉ်။ ဓာတ်ပုံ- သက်ထက်

ဒီဇင်ဘာ ၂၀ ရက်တွင် သတင်းမီဒီယာအဖွဲ့သည် People's Daily သတင်းစာတိုက်သို့ သွားရောက်လေ့လာခဲ့ရာ Newsroom ၌ လုပ်ငန်းခွင်လုပ်ကိုင်နေမှု၊ သတင်းစီးဆင်းပုံအဆင့်ဆင့်ကိုတာဝန်ရှိသူများကရှင်းလင်းပြသသည်။ ထိုသတင်းစာတိုက်တွင် နံရံခန့်ရှိသည့် ဖန်သားပြင်ပေါ် လွှန်ခဲ့သည့် ၁၉၄၈ ခုနှစ်အထိ နေ့စဉ်သတင်းစာများကို စက္ကန့် အနည်းငယ်အတွင်း အလွယ်တကူရှာဖွေပေးနိုင်သည့် နည်းပညာကလည်း သတင်းလောကအတွက် များစွာအသုံးဝင်မည်ဖြစ်သောကြောင့် သတင်းသမားများ စိတ်ဝင်တစားကြည့်ရှုလေ့လာကြသည်။ ထို့နောက် ညနေပိုင်းတွင် မဲခေါင်-လန်ချန်း မီဒီယာထိပ်သီးအစည်းအဝေးသို့ တက်ရောက်ကြသည်။

**သဘောတူညီချက်တစ်ရပ်ထုတ်ပြန်**

အဆိုပါ အစည်းအဝေးတွင် People’s Daily မှ President Mr. YANG Zhenwu က မိန့်ခွန်းပြောကြားပြီး လာအိုနိုင်ငံမှ ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေး ဒုတိယဝန်ကြီး Mr. Savankhome Razmountry ၊ တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ Assistant Minister နှင့် ဆင်ဟွာသတင်းဌာနမှ ဒုတိယအယ်ဒီတာချုပ်တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။ အခမ်းအနားတွင် တရုတ်နိုင်ငံနှင့် မဲခေါင်နိုင်ငံများမှ သတင်းမီဒီယာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက လက်မှတ်ရေးထိုးခဲ့ကြသည်။ ထို့နောက် မဲခေါင်နိုင်ငံအသီးသီးမှ မီဒီယာအဖွဲ့ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံမှ The Northern Light Journal မှ အယ်ဒီတာချုပ် ဦးဝင်းတင် (သီဟအောင်) က နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။ ယင်းအစည်းအဝေးတွင် တရုတ်နိုင်ငံနှင့် မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံများမှ မီဒီယာအဖွဲ့များက သဘောတူညီချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ကြသည်။

အဆိုပါ သဘောတူညီချက်များမှာ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးသည် မြစ်ဝှမ်းဒေသရှိ နိုင်ငံခြောက်နိုင်ငံတို့မှ စတင်တည်ထောင်ခဲ့ကြပြီးခေတ်မီသည့် ဒေသခွဲပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းကောင်းများဖြစ်ရာ အဖွဲ့ဝင်နိုင်ငံခြောက်နိုင်ငံသည် တန်းတူညီမျှစွာ ညှိနှိုင်းဆွေးနွေးမှုဖြင့် ဒေသတွင်းအေးချမ်းတည်ငြိမ်ရေးထိန်းသိမ်းရန် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ နိုင်ငံများအကြားဖွံ့ဖြိုးတိုးတက်ရေး ကွာခြားချက်များကို ကင်းစင်ရန်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စည်းလုံးညီညွတ်၍ အပြန်အလှန်ကူညီသော၊ တန်းတူညီမျှစွာ ညှိနှိုင်းဆွေးနွေးသော၊ အပြန်အလှန်အကျိုးအမြတ်ရရှိသော ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်၍ အတူတကွ ဖွံ့ဖြိုးတိုးတက်သော မဲခေါင်-လန်ချန်းနိုင်ငံများ တူညီသော အသိုက်အဝန်းတည်ထောင်ရန်၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် အဖွဲ့ဝင်နိုင်ငံများက တည်နေရာ နီးစပ်ခြင်း၊ ပြည်သူများနှင့် ယဉ်ကျေးမှုများ ခင်မင်ရင်းနှီးခြင်း၊ စီးပွားရေးအပြန်အလှန် ဖြည့်စွက်မှု ကောင်းမွန်ခြင်း စသည့် သာလွန်မှုများဖြင့် အဖွဲ့ဝင်နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးအင်အားကို လှုံ့ဆော်နိုင်ရန်၊ အာရှဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုဘဝများ ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲခြင်းကို အသက်ဝင်ပြောင်မြောက်နိုင်စေရန် စသည့် သဘောတူညီချက်များဖြစ်သည်။

**အတူတကွ အောင်မြင်**

တန်းတူညီမျှစွာ ဆက်ဆံမှု၊ ရိုးသားဖြူစင်စွာ အပြန်အလှန် ပံ့ပိုးကူညီမှု၊ မဲခေါင်-လန်ချန်း ယဉ်ကျေးမှု၏ ဦးဆောင်မှုအောက်တွင် ထောင့်စုံဘက်စုံ တိကျမှန်ကန်ပြီး ပကတိအခြေအနေနှင့် ကိုက်ညီသော သမာသမတ်ကျသော သတင်းအချက်အလက်များကို ထုတ်ပြန်ကြေညာပြီး တရုတ်နိုင်ငံ၏ One Belt One Road (OBOR) အဆိုပြုချက်မှ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များ၊ စီမံကိန်းများနှင့် ချိတ်ဆက်ရန် ၊ လန်ချန်းမြစ် - မဲခေါင်မြစ် ဒေသအတွင်းရှိသော ပြည်သူများအကြား အပြန်အလှန် နားလည်ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်၊ အပြုသဘောဆောင်သည့် အခန်းကဏ္ဍများဖော်ထုတ်ရန်၊ ထိပ်သီးအစည်းအဝေးမူဘောင်အတွင်း၌ နိုင်ငံအသီးသီးမှ အဓိကမီဒီယာများအားဆွေးနွေးဖလှယ်ခြင်းနှင့် သတင်းဆိုင်ရာ ထုတ်ကုန်များကို အပြန်အလှန်လဲလှယ်ခြင်းကို တိုးမြှင့်ရန် တက်တက်ကြွကြွ တွန်းအားပေးမည်ဖြစ်ကြောင်း မီဒီယာဝန်ထမ်းများ ကူးလူးဆက်ဆံရေး၊ နည်းပညာတိုးတက်မှု မျှဝေရေး၊ မူတွဲသတင်းမေးမြန်းချက်များ ဆောင်ရွက်ရေး စသည်တို့ကို တွန်းအားပေးမည်ဖြစ်ကြောင်း၊ စူးစမ်းရှာဖွေမှု တက်တက်ကြွကြွ ဆောင်ရွက်၍ လန်ချန်းနှင့် မဲခေါင်မြစ် ပူးပေါင်းဆောင်ရွက်ရေး မီဒီယာများထိပ်သီးအစည်းအဝေးကို အဖွဲ့ဝင်နိုင်ငံများမှ အလှည့်ကျ ကြီးမှူးကျင်းပရန် တွန်းအားပေးမည်ဖြစ်ကြောင်း၊ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေး သတင်းဆုချီးမြှင့်ရေးကိစ္စရပ်များကို သင့်လျော်သည့်အချိန်တွင် စတင်မည်ဖြစ်ကြောင်း စသည်တို့ဖြင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး မီဒီယာထိပ်သီးအစည်းအဝေး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိရန်၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု မီဒီယာထိပ်သီးအစည်းအဝေးကို တိုးတက်ရေးလမ်းကြောင်းအဖြစ် မှတ်ယူ၍ နိုင်ငံအသီးသီး၏ အဓိက မီဒီယာများက နက်နက်ရှိုင်းရှိုင်းနားလည်မှု၊ တူညီသော အသိအမြင်များ တိုးချဲ့မှု၊ ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်မှု၊ အတူတကွ အောင်မြင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများရရှိစေမည်ဖြစ်ကြောင်း သဘောတူညီချက်တစ်ရပ်ထုတ်ပြန်ခဲ့သည်။

ယင်းနောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး မီဒီယာထိပ်သီးအစည်းအဝေး အခမ်းအနားကို နိုင်ငံခြောက်နိုင်ငံမှ သတင်းမီဒီယာကိုယ်စားလှယ်များက ဖွင့်လှစ်ပေးခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ကျင်းပမည့် ဒုတိယအကြိမ် လျန်ချန်း -မဲခေါင် ပူးပေါင်းဆောင်ရွက်ရေး မီဒီယာထိပ်သီးအစည်းအဝေးပွဲ ကျင်းပခွင့်ကို လာအိုနိုင်ငံသို့ လွှဲပြောင်းပေးအပ်သည်။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး မီဒီယာထိပ်သီးအစည်းအဝေးပွဲများကို မဲခေါင်ဒေသနိုင်ငံများတွင် အလှည့်ကျ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဒီဇင်ဘာ ၂၁ ရက်က တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု ဓာတ်ပုံပြခန်းများအားသွားရောက်လေ့လာပြီး ညနေပိုင်းတွင် တရုတ်ကွန်မြူနစ်ပါတီဌာနချုပ်၌ ပါတီမှအကြီးအကဲ Mr. Havang Kunming နှင့် မဲခေါင်နိုင်ငံများမှ သတင်းမီဒီယာများနှင့် တွေ့ဆုံပြီး ပါတီအကြီးအကဲနှင့်အတူ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ခဲ့သည်။

မဲခေါင်-လန်ချန်း သတင်းမီဒီယာလေ့လာရေးခရီးစဉ် ပြီးဆုံးခဲ့လေသည်။ ။

---

**ဒီဇင်ဘာ ၃၀ ရက်က ဗိုလ်တထောင်စေတီတော် စနေနေ့ နယ်လှည့်သန့်ရှင်းရေးအဖွဲ့နှင့် ရွှေစင်စကြာ Express မိသားစုတို့မှ ဗိုလ်တထောင်စေတီတော်မြတ်သို့ ရွှေပြားသင်္ကန်းတော် နှစ်ကျပ်သားနှင့် လေးလက်မ အဝိစီတွင်းတူးဖော်နိုင်ရေးအတွက် အလှူငွေကျပ် ၂၁,၂၀,၀၀၀ ကို စေတီတော်ဂေါပကအဖွဲ့သို့ လှူဒါန်းပေးအပ်အပြီး တွေ့ရစဉ်။**

တင်ဝင်းလေး (ကြည့်မြင်တိုင်)



## မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသဒ္ဓမ္မပါလစာပြန်ပွဲ ဆုများပေးအပ်

**နမ့်ခမ်း ဇန်နဝါရီ ၃**

ရှမ်းပြည်နယ် မြောက်ပိုင်း နမ့်ခမ်းမြို့၌ မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိ သဒ္ဓမ္မပါလ စာပြန်ပွဲနှင့် ရေးဖြေစာမေးပွဲတွင် အောင်မြင်ကြသူများအား စာမေးပွဲအောင်ဆုဆက်ကပ်ပေးအပ်ပွဲကို နမ့်ခမ်းမြို့လယ်ဘုရားကြီး၌ ဇန်နဝါရီ ၁ ရက်က ကျင်းပခဲ့သည်။

ဆုပေးပွဲတွင် မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော်က ဩဝါဒချီးမြှင့်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ထို့နောက် မြို့နယ် သာသနာ့နုဂ္ဂဟအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းကျော်ဝင်းက ကျေးဇူးတင်စကားပြောကြားပြီး မြို့နယ်ဩဝါဒါစရိယဆရာတော်များ၊ စာပြန်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် မဟာစည်+သာသနဝိပုလ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနဆရာတော်နှင့် သံဃာတော်များက စာအောင်ပုဂ္ဂိုလ်များအား အောင်ဆုများပေးအပ်ခဲ့ကြသည်။

**ဉာဏ်မင်း (နမ့်ခမ်း)**

# သဘာဝဘေးနှင့် လူဖန်တီးသော ဘေးအန္တရာယ်များ (အပိုင်း-၁၄)

**သိပ္ပံစာရေးဆရာကိုကိုအောင်**

### အယ်လ်နီညို ရာသီဥတု

လူတို့၏ ခန္ဓာကိုယ်အတွင်း၌ သဘာဝအလျောက်ရှိနေသော ဇီဝရေဟုခေါ်ဆိုသည့် ကိုယ်တွင်း ရေများသည် ခန္ဓာကိုယ်၏အပူချိန်ကို ပြင်ပအပူချိန်နှင့် လိုက်လျောညီထွေ ဖြစ်အောင် ထိန်းညှိပေးလျက် ရှိသောကြောင့် သာမန်အားဖြင့် ပြင်ပအပူချိန်နှင့် ခန္ဓာကိုယ်တွင်းအပူချိန်တို့ ကွာဟလာသည့်တိုင် လူ့ခန္ဓာကိုယ်သည် ချက်ချင်းဆိုသလို ပူလိုက်အေးလိုက်ဖြစ်ပေါ်ခြင်း မရှိနိုင်တော့ပေ။ သို့ရာတွင် ပြင်ပအပူချိန်က အဆမတန် မြင့်တက်လာသည့်အခါ ဇီဝရေဖြင့် အပူချိန်ထိန်းညှိသည့်စနစ် ပျက်ယွင်းပြီး ခန္ဓာကိုယ်အပူချိန်ကပါ လိုက်၍မြင့်တက်လာသည်။

ထိုအခြေအနေမျိုးတွင် ခန္ဓာကိုယ်၏အပူချိန်သည် ၁၀၄ ဒီဂရီဖာရင်ဟိုက်အထိပင် မြင့်တက်လာနိုင်ပြီး ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုကိုပါ ဖြစ်ပေါ်လာစေသည်။ ခန္ဓာကိုယ်တွင်း ရေဓာတ်လျော့နည်းသွားခြင်းနှင့် ဓာတ်ဆားများ၏အချိုးအစား ပြောင်းလဲသွားခြင်းကြောင့် ချွေးလုံးဝမထွက်တော့ခြင်း၊ အလွန် ပင်ပန်းနွမ်းနယ်လာခြင်း၊ ပျို့အန်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ကယောင်ချောက်ချားဖြစ်ခြင်း၊ သတိလစ်မေ့မြောသွားခြင်းများ ဖြစ်ပွားလာနိုင်ပြီး၊ အချိန်မီ ကုသမှုမခံယူနိုင်ပါက အသက်ဆုံးရှုံးရမှုအထိပင် ဖြစ်ပွားနိုင်ခြေရှိသည်။

### အပူဒဏ်လွန်ကဲမှုအန္တရာယ်

ယင်းကဲ့သို့ အပူဒဏ်လွန်ကဲမှုကို ခံစားကြရနိုင်သည့်အထဲတွင် အသက်အရွယ်ကြီးရင့်သူများ၊ ကလေးငယ်များ၊ နှလုံးရောဂါနှင့် ဆီးချိုရောဂါရှိသူများ၊ နေရောင်ထဲ၌ အလုပ်လုပ်နေကြသော ကာယ လုပ်သားများ စသည်တို့သည် ရောဂါခံစားရနိုင်ခြေပို၍ရှိနေကြသည်။ ထို့ပြင် အရက်သေစာ သောက်စားထားသူများအဖို့လည်း အပူဒဏ်ကို ပိုမိုခံစားကြရလိမ့်မည်ဖြစ်သလို... အပူဒဏ်ကြောင့်ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲ ရောဂါ လက္ခဏာများကိုလည်း သာမန်လူများထက် ပိုမိုကြုံတွေ့ကြရလိမ့်မည်ဖြစ်သည်။

သို့ဖြစ်၍ သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များ၊ ရောဂါဝေဒနာအမျိုးမျိုးကို ခံစားနေကြရသူများသည် မွန်းတည့်ချိန်နှင့် မွန်းလွဲပိုင်းအချိန်များတွင် အရိပ်အာဝါသကောင်းသော နေရာများ၊ လေဝင်လေထွက်ကောင်းသော နေရာများ၊ လေထုတ်ပန်ကာ တပ်ဆင်ထားသော နေရာများ၊ လေအေးပေးစက် တပ်ဆင်ထားသော နေရာများ၌သာ နေထိုင်ကြရန်လိုအပ်သည်။

ကာယလုပ်သားများအနေဖြင့်လည်း ပြင်းထန်သော နေရောင်၏အောက်၌ အလုပ်လုပ်ခြင်းမျိုးကို ရှောင်ကြဉ်သင့်ကြသလို... အားကစားသမားများ အနေဖြင့်လည်း ပြင်းထန်သောလေ့ကျင့်ခန်းများ၊ ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်ခြင်းမျိုးကို ရှောင်ရှားကြရမည်ဖြစ်သည်။ အလားတူပင် အများပြည်သူ အားလုံးတို့အနေဖြင့် ပူပြင်းသော မွန်းတည့်ချိန်နှင့် မွန်းလွဲချိန်များ၌ မြစ်ကမ်းဘေး၊ ချောင်းကမ်းပါးများနှင့် ရေချိုးဆိပ်များ၌ ရေချိုးခြင်းများကိုလည်း လုံးဝ ရှောင်ကြဉ်ကြရမည်ဖြစ်သည်။

အယ်လ်နီညိုရာသီဥတုကြောင့် ပြင်းထန်သောအပူဒဏ်ကို ခံစားကြရသည့်အခါ ရေများများ သောက်ခြင်း၊ ဓာတ်ဆားရည် သောက်သုံးခြင်း၊ အချိုရည်အမျိုးမျိုး သောက်သုံးခြင်း၊ ဖျော်ရည်အမျိုးမျိုး သောက်သုံးခြင်း၊ အရည်ရွှမ်းသော အသီးအနှံများ စားသုံးခြင်း၊ သီးစုံချဉ်ရေဟင်း ချက်ပြုတ်သုံးဆောင်ခြင်း စသည်တို့ကို လုပ်ဆောင်သင့်ကြသလို... ပူလွန်းသောအရည်များ သောက်ခြင်း၊ စပ်သောဟင်းလျာများ ချက်ပြုတ်စားသောက်ခြင်း၊ အပူစာများစားသုံးခြင်း၊ အရက်သေစာ သောက်စားခြင်းစသည်တို့ကိုမူ လုံးဝ ရှောင်ကြဉ်ကြရမည် ဖြစ်သည်။

### အပူဒဏ်လွန်ကဲမှုကို ကုသရန်

ပြည်သူ့ဆေးရုံကြီးများ၊ ဆေးခန်းများ၊ ဒေသန္တရကျန်းမာရေးဌာနများ၊ ကျေးရွာဆေးပေးခန်းများ စသည်တို့၌လည်း အပူဒဏ်လွန်ကဲမှုကြောင့် ဖြစ်ပွားတတ်သော ရောဂါဝေဒနာအမျိုးမျိုးကို ကုသပေးနိုင်မည့် ဆေးဝန်ထမ်းများ၊ ဆေးဝါးများ၊ အထောက်အကူပြုပစ္စည်းများ၊ လျင်မြန်စွာ ကယ်တင်ကုသနိုင်မည့် ကုထုံးများစသည်တို့ကို အရန်သင့်ထားရှိပေးရန် လိုအပ်သလို... ကုသရမည့် ကုထုံးအဆင့်ဆင့်ကိုလည်း အများပြည်သူ ထင်သာမြင်သာရှိအောင် နံရံကပ်ပိုစတာများ ကပ်ထားခြင်းဖြင့် အသိပညာပေးရမည် ဖြစ်သည်။

### ပညာပေးခြင်းများ

အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက်များ၊ တိုက်တွန်းချက်များနှင့် အကြံပြုချက်များကိုလည်း အများပြည်သူအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်အတွက် မီဒီယာများကိုအသုံးချခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ကြော်ငြာဆိုင်းဘုတ်ကြီးများ စိုက်ထူထားခြင်း၊ အများပြည်သူနှင့်သက်ဆိုင်သော လေဆိပ်၊ သင်္ဘောဆိပ်၊ ကားဂိတ်နှင့်ဘူတာရုံများ၌ ကျန်းမာရေးပညာပေး ပိုစတာများကပ်ထားခြင်း၊ ရုပ်ရှင်ရုံများ၌ ရုပ်ရှင်မပြသမီ ဆလိုက်ဖြင့်ကြေညာအသိပေးခြင်း၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှတစ်ဆင့် နှိုးဆော်တိုက်တွန်းခြင်း၊ လူမှုကွန်ရက် စာမျက်နှာများမှတစ်ဆင့် ဖြန့်ဝေအသိပေးခြင်း စသည်တို့ကို ဆောင်ရွက်ကြရမည် ဖြစ်သည်။

### ကူးစက်ရောဂါများ

အယ်လ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်လာသော အပူချိန် အဆမတန်မြင့်တက်ခြင်းသည် ရောဂါပိုးကိုသယ်ဆောင်သည့် ခြင်မျိုးစိတ်များကို ပိုမိုပေါက်ပွားလာစေပြီး ခြင်ကိုက်ခံရခြင်းမှတစ်ဆင့် ကူးစက်ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါ၊ ဆင်တုပ်ကွေးရောဂါ၊ ဇီကာဗိုင်းရပ်စ်ကူးစက်ရောဂါ စသောရောဂါဆိုးများ ဖြစ်ပွားမှုကို ပိုမိုမြင့်တက်လာစေနိုင်သည်။

အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ရသော မိုးခေါင်ရေရှားမှုဒဏ်ကြောင့် သောက်သုံးရေအခက်အခဲနှင့် ကြုံတွေ့ကြရနိုင်သည့်အတွက် မသန့်ရှင်းသောရေကို သောက်သုံးမိရာမှ ဆက်စပ်ဖြစ်ပွားလာနိုင်သော ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ကာလဝမ်းရောဂါ၊ ဝမ်းကိုက်ရောဂါများကို ခံစားကြရနိုင်သလို... အရေပြားဆိုင်ရာ ကူးစက်ရောဂါများကိုလည်း ခံစားကြရနိုင်သည်။

သို့ဖြစ်၍ အယ်လ်နီညိုကြောင့် ဆက်စပ်ဖြစ်ပွားလာနိုင်သော ကူးစက်ရောဂါအမျိုးမျိုးတို့ကို ထိထိရောက်ရောက် ကြိုတင်ကာကွယ်နိုင်မည့် အစီအမံများအားလုံးကိုလည်း စနစ်တကျ ပူးပေါင်းလုပ်ဆောင်ကြရမည်ဖြစ်သည်။ ယင်းသို့လုပ်ဆောင်ကြရာတွင် အစိုးရပိုင်းအနေဖြင့်သာ လုပ်ဆောင်၍မရဘဲ ပြည်သူလူထုအားလုံးတို့ကပါ အသိတရားရှိရှိဖြင့် ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။



**အယ်နီညိုကြောင့် ရေရှားပါးပြတ်လပ်မှုကြုံတွေ့ရသည့် မင်းဘူးမြို့နယ်မှ ပြည်သူများအား ၂၀၁၆ ခုနှစ် မေလအတွင်းက ရေလှူဒါန်းနေစဉ်။**

### မီးလောင်ကျွမ်းမှု

အလားတူပင် အယ်လ်နီညိုကြောင့် ဖြစ်ပေါ်လာသည့် အပူချိန်မြင့်တက်မှုသည် မီးလောင်ကျွမ်းမှုကို လွယ်လင့်တကူ ဖြစ်ပွားစေနိုင်သည်ကိုလည်း သတိပြုကြရမည်ဖြစ်သည်။ သို့ဖြစ်၍ အမှိုက်မီးရှို့ခြင်း၊ ပူပြင်းသောအချိန်၌ ဓာတ်ဆီကိုအသုံးပြုခြင်းနှင့် ဓာတ်ဆီပုံးများလဲလှယ်ခြင်း၊ လျှပ်စစ်ပစ္စည်းများကို စနစ်တကျ ကိုင်တွယ်အသုံးပြုမှု မရှိခြင်း၊ မီးကိုပေါ့ဆစွာသုံးစွဲခြင်း၊ ဓာတ်ငွေ့သုံးမီးဖိုနှင့် ဆက်စပ်ပစ္စည်းများကို လဲလှယ်မှုမရှိဘဲ ကာလကြာရှည်စွာအသုံးပြုခြင်း၊ သဘာဝဓာတ်ငွေ့သုံးယာဉ်များ၌ ကြံ့ခိုင်မှုအားနည်းသော ဓာတ်ငွေ့အိုးနှင့် ဆက်စပ်ပစ္စည်းများ၊ အရည်အသွေးစံမမီသော ဓာတ်ငွေ့အိုးနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်သုံးစွဲထားခြင်း စသည်တို့ကို ရှောင်ကြဉ်ကြရန်လည်း အထူးလိုအပ်မည်ဖြစ်သည်။

အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူချိန်မြင့်တက်မှုသည် တောမီးလောင်ကျွမ်းမှုကိုပါ ဖြစ်ပေါ် စေနိုင်သည့်အတွက် တောင်ယာမီးရှို့ခြင်း၊ တောထဲ၌ မီးကြွင်းမီးကျန်ထားခဲ့ခြင်း၊ အမဲလိုက်သူများအနေဖြင့် တောခြောက်ရန်မီးရှို့ခြင်း၊ တောတွင်း၌ တစ်ဦးနှင့်တစ်ဦး မီးခိုးဖြင့်အချက်ပြခြင်း၊ တောထဲ၌ မီးတုတ်ထွန်းညှိပြီး အိပ်စက်ခြင်းစသည့် အပြုအမူများကို အသိတရားရှိရှိဖြင့် လုံးဝရှောင်ရှားကြရမည်ဖြစ်သည်။

ဤနေရာတွင် အယ်လ်နီညိုဖြစ်စဉ်ကြောင့် မြို့ပြလူနေဒေသများတွင် မီးလောင်ကျွမ်းမှုများ ပိုမို ဖြစ်ပေါ်လာနိုင်ကြောင်း သတိပေးပြောကြားချက်အချို့ကြောင့် လူအများက စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ် ခံစားနေကြရခြင်းနှင့်ပတ်သက်၍ မီးလောင်ကျွမ်းရခြင်း၏ အခြေခံသဘောကို သိရှိထားကြရန် လိုအပ်မည် ဖြစ်သည်။

မည်သည့်အကြောင်းကြောင့် မီးလောင်သည်ဖြစ်စေ၊ မီးလောင်ခြင်းဟူသည်မှာ မီးပွင့် သို့မဟုတ် မီးပွား သို့မဟုတ် မီးတောက်စသော လောင်မြိုက်နေသည့်အရာနှင့် မီးလောင်လွယ်သော သို့တည်းမဟုတ် မီးလောင်ခြင်းကိုအားပေးသော ဝတ္ထုပစ္စည်း သို့မဟုတ် ဓာတ်ငွေ့ သို့မဟုတ် အရည်တစ်မျိုးမျိုးတို့ ထိတွေ့ပေါင်းဆုံသွားခြင်းပင် ဖြစ်သည်။

### အလိုလျောက် မီးမလောင်နိုင်

သို့ဖြစ်၍ လောင်စာ မည်မျှရှိနေသည်ဖြစ်စေ မီးပွင့်စေသော၊ မီးပွားထွက်စေသော၊ မီးတောက်စေသော အရင်းအမြစ် မရှိသေးသရွေ့မီးလောင်မှုတစ်ခု ဖြစ်ပွားလာမည် မဟုတ်ပေ။ အပြန်အလှန်အားဖြင့်လည်း မီးပွင့်၊ မီးပွား၊ မီးတောက်တို့ ဖြစ်ပေါ်နေစေကာမူ မီးလောင်ကျွမ်းနိုင်သောလောင်စာ တစ်စုံတစ်ရာမရှိပါက မီးလောင်ကျွမ်းမှု ဖြစ်ပေါ်မည်မဟုတ်ပေ။

အယ်လ်နီညိုဖြစ်စဉ်နှင့် ကြုံတွေ့ကြရသည့်အခါ ပူပြင်းခြောက်သွေ့မှု လွန်ကဲခြင်းကြောင့် ဝတ္ထုပစ္စည်း မှန်သမျှတို့သည် ယင်းတို့၌ရှိနေသော ရေငွေ့များကို လေထုထဲသို့ စွန့်ထုတ်လိုက်ကြရသည်။ ယုတ်စွအဆုံး မြေမျက်နှာပြင် အပေါ်ယံလွှာသည်ပင်လျှင် ရေနှင့်ရေငွေ့များကို အငွေ့ပျံစေခြင်းဖြင့် စွန့်ထုတ်လိုက်ကြရပြီး ခြောက်သွေ့သော မြေသားအပေါ်ယံလွှာ ဖြစ်လာရသည်။ ဝတ္ထုပစ္စည်းတို့သည် ရေငွေ့ပါဝင်နှုန်း လျော့ကျ သွားသည့်အခါ သို့တည်းမဟုတ် ရေငွေ့ပါဝင်မှု မရှိတော့သည့်အခါ မီးပွင့်၊ မီးပွား၊ မီးတောက်စသည်တို့နှင့် ထိတွေ့မိပါက မီးလောင်ကျွမ်းမှုကို လွယ်လင့်တကူ ဖြစ်ပေါ်စေမည်သာဖြစ်သည်။

တစ်ခါတစ်ရံ အပူချိန် လွန်ကဲပြင်းထန်စွာမြင့်တက်နေသည့် ထူးခြားသောအခြေအနေမျိုး၌မူ ခြောက်သွေ့ပူပြင်းနေသော သစ်ပင်သစ်ကိုင်းခြောက်များနှင့် ကျေးလက်ဒေသများ၌ အိမ်၏အမိုးအဖြစ် သုံးစွဲနေကြသော တောင်ထန်း၊ ဓနိ၊ စလူနှင့် အင်ဖက်ထည်တို့ကို လေထုက ဖြတ်သန်းတိုက်ခတ်သွားသည့်အခါ မီးတောက်၊ မီးပွားများ ဖြစ်ပေါ်လာနိုင်သည်။

သို့ရာတွင် အယ်လ်နီညို အစွန်းရောက်ရာသီဥတုကြောင့် မြင့်တက်လာဖွယ်ရှိသော အပူချိန်သည် အထက်ဖော်ပြပါ အလိုအလျောက် မီးထတောက်နိုင်သည့်အဆင့်သို့ ရောက်ရှိမလာနိုင်သဖြင့်၊ အယ်လ်နီညိုကြောင့် အလိုအလျောက် မီးလောင်မှုများဖြစ်ပေါ်လာမည့်အရေးကို စိုးရိမ်ပူပန်ရန်မလိုအပ်ပေ။ မီးကို ပေါ့ဆစွာသုံးစွဲခြင်းနှင့် လျှပ်စစ်ပစ္စည်းများကို နည်းလမ်းတကျ အသုံးပြုမှုမရှိခြင်းစသော အကြောင်းများကြောင့် မီးလောင်နိုင်သည့်အရေးကိုသာလျှင် ကြိုတင်သတိပြု ကာကွယ်ကြရန်လိုအပ်သည်။

### အပူဆုံးနှစ်

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်က ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်းရှိ ငါးနှစ်တာကာလသည် အပူဆုံးသောကာလဖြစ်သလို...ထိုကာလထဲ၌ပင် ၂၀၁၅ ခုနှစ်သည် အပူဆုံးနှစ်ဖြစ်ကြောင်း ထုတ်ပြန်အသိပေးခဲ့သည်။ ၂၀၁၅ ခုနှစ်အတွင်းက အိန္ဒိယနိုင်ငံ၌ကြုံတွေ့ခဲ့ရသည့် အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန် ၄၈ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်ခဲ့ကာ လူပေါင်း ၂၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ကြရသည်။ အလားတူပင် ပါကစ္စတန်နိုင်ငံ၌လည်း အပူလှိုင်းဒဏ်ကြောင့် လူပေါင်း ၁၄၀၀ ကျော် အသက်ဆုံးရှုံးခဲ့ကြရသည်။

အရှေ့အလယ်ပိုင်းဒေသ၌လည်း အပူချိန်များ စံချိန်သစ်တင်မြင့်တက်ခဲ့သလို... ထိုဒေသနှင့် နီးကပ်သည့် အာဖရိကမြောက်ပိုင်းနှင့် ဥရောပနိုင်ငံတချို့၌လည်း အပူဒဏ်ကို သိသာစွာခံစားခဲ့ကြရသည်။ ၂၀၁၅ ခုနှစ်၏ အပူချိန်စံချိန်သစ်တင်သော သာဓကအချို့အဖြစ် အီရန်နိုင်ငံ၌ ၄၆ ဒီဂရီစင်တီဂရိတ်အထိ၊ ဂျော်ဒန်နိုင်ငံ၌ ၄၇ ဒီဂရီစင်တီဂရိတ်အထိနှင့် အီဂျစ်နိုင်ငံ၌ ၄၇ ဒသမ ၆ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်ခဲ့သည်ကို တွေ့ရှိနိုင်သည်။

### အစွန်းရောက်ရာသီဥတု

အစွန်းရောက်ရာသီဥတုဖြစ်သော အယ်လ်နီညိုကြောင့် ဒေသအချို့တွင် မိုးရွာသွန်းမှုပုံစံများလည်း ပြောင်းလဲသွားခဲ့သည်။ တရုတ်နိုင်ငံတွင် သည်းထန်စွာမိုးရွာသွန်းမှု အကြိမ်ပေါင်းများစွာရှိခဲ့ပြီး ရေကြီးရေလျှံ ဖြစ်ပွားမှုကြောင့် ပြည်သူ ၇၅ သန်းတို့ အတိဒုက္ခရောက်ခဲ့ကြရသည်။ ထို့အတူ ပါကစ္စတန်နိုင်ငံ၌လည်း တစ်ရက်တည်း၌ ရွာသွန်းသောမိုးရေချိန်သည် ယခင်က တစ်နှစ်ပတ်လုံးရွာသွန်းသည့် မိုးရေချိန်ကိုပင် ကျော်လွန်သွားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ၂၀၁၀ အယ်လ်နီညိုနှစ်က မြင်းမူမြို့၌ အပူချိန် ၄၇ ဒသမ ၂ ဒီဂရီ စင်တီဂရိတ်အထိ စံချိန်တင်မြင့်တက်ခဲ့သလို...အခြားမြို့ကြီးတချို့၌လည်း အပူချိန် ၄၆ ဒသမ ၅ ဒီဂရီ စင်တီဂရိတ်အထိ မြင့်တက်ခဲ့သည်။ အဆိုပါအယ်လ်နီညိုနှစ်က အပူချိန်မြင့်မားသည့်ဒဏ်ကို ခံစားရသော ဝေဒနာရှင် ၆၀၀ ကျော်ရှိခဲ့သည့်အနက် ၂၅ ရာခိုင်နှုန်းခန့်မှာ အသက်ဆုံးရှုံးခဲ့ကြရသည်။

အယ်လ်နီညိုကဲ့သို့သော အစွန်းရောက်ရာသီဥတုနှင့် ကြုံတွေ့ကြရသည့်အခါ ပြည်သူလူထု၏ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးစသော ကဏ္ဍအသီးသီးတွင် ထိခိုက်နစ်နာဆုံးရှုံးမှုများကို နည်းနိုင်သမျှ နည်းပါးအောင် ကြိုတင်စီမံ လုပ်ဆောင်သွားကြခြင်းသည်သာလျှင် အကောင်းဆုံးသော အန်တုရင်ဆိုင်သည့် နည်းလမ်းဖြစ်သည်။

### ကမ္ဘာ့ပျမ်းမျှအပူချိန်ကို လျှော့ချရန်

၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်းက ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပပြုလုပ်ခဲ့သော ၂၁ ကြိမ်မြောက် Conference of Parties ကမ္ဘာ့ညီလာခံကြီးတွင် ၂၀၂၀ ပြည့်နှစ်မှစတင်၍ ကမ္ဘာ့ပျမ်းမျှအပူချိန်မြင့်တက်လာမှုကို ၂ ဒီဂရီစင်တီဂရိတ်အောက် လျှော့ချရန်နှင့် ထိုမှတစ်ဆင့် ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အထိ ကန့်သတ်လျှော့ချရန်ဟူသော သဘောတူညီချက်ကို ရေးဆွဲပြီးဖြစ်ရာ မြန်မာနိုင်ငံအပါအဝင် အယ်လ်နီညို ရာသီဥတုကို ရင်ဆိုင်ကြုံတွေ့နေကြရသည့် အီကွေတာရပ်ဝန်းနိုင်ငံများအားလုံးတို့က အဆိုပါသဘောတူညီချက်အတိုင်း အင်တိုက်အားတိုက်ဖြင့် စွမ်းစွမ်းတမံ အကောင်ထည်ဖော် ဆောင်ရွက်သွားကြရန်လည်း လိုအပ်မည် ဖြစ်ပေသည်။

### လေဆင်နှာမောင်းနှင့် စိုက်ဆင်းလေပြင်း

လေဆင်နှာမောင်းဟူသည်မှာ အလွန်အားကောင်းသောမိုးတိမ်တောင်များ ဖြစ်ပေါ်နေချိန်တွင် မိုးတိမ်တောင်၏ အောက်ခြေပိုင်းမှအစပြု၍ ဆင်၏နှာမောင်းပုံသဏ္ဌာန်ဖြင့် ပြင်းထန်စွာတိုက်ခတ်သော လေဝဲအကြီးအစားပင် ဖြစ်သည်။ အင်အားအလွန်ကောင်းသော လေဆင်နှာမောင်းသည် တစ်နာရီလျှင် ကီလိုမီတာ ၄၈၀ ကျော်အထိပင် တိုက်ခတ်လေ့ရှိသည်။ ကမ္ဘာအရပ်ရပ်တွင် တိုက်ခတ်ခဲ့ဖူးသော လေဆင်နှာမောင်းများ၏ သဘောသဘာဝကို လေ့လာကြည့်သည့်အခါ လေဆင်နှာမောင်းတိုက်ခတ်ချိန်သည် အနည်းဆုံးမိနစ် ၃၀ မှ အများဆုံး ၆ နာရီအထိ ကြာမြင့်နိုင်ကြောင်း တွေ့ရှိရသည်။

လေဆင်နှာမောင်းသည် မုန်တိုင်းအမျိုးအစားတစ်ခုပင် ဖြစ်သော်လည်း ရိုးရိုးလေပြင်းမုန်တိုင်းကဲ့သို့ လူသိမများလှပေ။ ကမ္ဘာအရပ်ရပ်တွင် မုန်တိုင်းတိုက်ခတ်မှု အကြိမ်ရေ အများအပြားရှိခဲ့သဖြင့် ကမ္ဘာ့ပြည်သူ အများစုတို့အနေဖြင့် ဘဝသက်တမ်းတစ်လျှောက်လုံး၌ မုန်တိုင်းကို တစ်ကြိမ်မဟုတ်တစ်ကြိမ် ကြုံတွေ့ကြရလေ့ရှိသည်။ လေပြင်းမုန်တိုင်းနှင့် ထိပ်တိုက်မတွေ့ဖူးသည့်တိုင် မုန်တိုင်းအဖျားခတ်ခြင်း၊ မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ရက်ကာလရှည်ကြာစွာ မိုးရွာသွန်းခြင်းများကို အနည်းနှင့် အများ ကြုံတွေ့ဖူးကြသည်။

သို့ရာတွင် လေဆင်နှာမောင်းဆိုသည်ကိုမူ ဘဝသက်တမ်းတစ်လျှောက် ကြားဖူးရုံမျှသာရှိပြီး တကယ့်ထိပ်တိုက် နဖူးတွေ့ ဒူးတွေ့ကြုံတွေ့ဖူးခြင်းမရှိသူ သန်းပေါင်းများစွာ ရှိနေကြသည်။ အဘယ်ကြောင့်ဆိုသော်...လေပြင်းမုန်တိုင်းများသည် ကမ်းလွန်ပင်လယ်ပြင်နှင့် ပင်လယ်အော်များ၌ ဖြစ်ပေါ်လေ့ရှိသော လေဖိအားနည်းရပ်ဝန်းကို အကြောင်းပြု၍ ထိုပင်လယ်၏ ရေပြင်အပူချိန် မြင့်တက်နေခြင်း၊ ပင်လယ်ရေအချဉ်ပေါက်နှုန်း မြင့်မားနေခြင်းတို့နှင့် တိုက်ဆိုင်သည့်အခါ အင်အားကောင်းသော မုန်တိုင်းအဖြစ်သို့ အသွင်ပြောင်းသွားလေ့ ရှိကြသော်လည်း၊ လေဆင်နှာမောင်းကမူ ဖြစ်တည်လာနိုင်ခြေ အခွင့်အလမ်း နည်းပါးသောကြောင့် ဖြစ်သည်။ ထို့ပြင် လေဆင်နှာမောင်းအများစုတို့၏ တိုက်ခတ်ချိန်မှာ အလွန်တိုတောင်းပြီး ရွေ့လျားတိုက်ခတ်ရာ ပင်မလမ်းကြောင်းမှလွဲ၍ နီးကပ်သော ပတ်ဝန်းကျင်၌ပင် သက်ရောက်မှုက မရှိသလောက်ဖြစ်သည်။

### အင်းစိန် လေဆင်နှာမောင်း

သာဓကအားဖြင့် ၁၉၈၀ ပြည့်နှစ်က ရန်ကုန်မြို့ အင်းစိန်မြို့နယ်၌ မိနစ်အနည်းငယ်မျှသာ တိုက်ခတ်သွားခဲ့သော လေဆင်နှာမောင်းကြောင့် မြန်မာနိုင်ငံ ဆေးဝါးထုတ်လုပ်ရေးစက်ရုံ(ကြို့ကုန်း)၏ ခေါင်မိုးကျောက်ပြား၊ သွပ်ပြားများနှင့် လေအေးစက်များ လေထဲသို့လွင့်ပါသွားခြင်း၊ ရန်ကုန်စက်မှုတက္ကသိုလ်ဝင်းအတွင်းရှိ သစ်ပင်အချို့ အပင်ရင်းမှပြတ်ထွက်ကာ လေထဲလွင့်ပါသွားခြင်း စသည်တို့ကို ကြုံတွေ့ခဲ့ကြရသည်။

သို့ရာတွင် အင်းစိန်မြို့နယ်အတွင်း၌ ထိုကဲ့သို့ လေဆင်နှာမောင်း တိုက်ခတ်သွားသည်ကို ကျန်မြို့နယ်များရှိ ပြည်သူလူထုတို့က လုံးဝမသိရှိလိုက်ကြပေ။ ရန်ကုန်မြို့တစ်မြို့ထဲ၌ပင် လေဆင်နှာမောင်း တိုက်ခတ်မှုကို ခံစားရသောမြို့နယ်နှင့် လုံးဝမသိရှိလိုက်သော မြို့နယ်များဟူ၍ ရှိနေခဲ့ခြင်းသည် လေဆင်နှာမောင်း၏ သဘောသဘာဝနှင့် သရုပ်သကန်ပင်ဖြစ်သည်။ ။

# ကရင်ပြည်နယ်တွင် အရေးပေါ်လူနာတင်ယာဉ်စနစ်ထူထောင်ရေး ဆွေးနွေး

**ဘားအံ ဇန်နဝါရီ ၃**

ကရင်ပြည်နယ်တွင် အရေးပေါ်လူနာတင်ယာဉ်စနစ် ထူထောင်ရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကျန်းမာရေးဌာနမှတာဝန်ရှိသူများ၊ ကရင်ပြည်နယ် အတွင်းမှ သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ ကရင်ပြည်နယ် လူမှုကယ်ဆယ် ရေးအဖွဲ့များမှ တာဝန်ရှိသူများ ဇန်နဝါရီ ၁ ရက်က ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။



ဆွေးနွေးပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အမှာစကားပြောကြားပြီး ရန်ကုန်ဆေးတက္ကသိုလ်(၁)မှ ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုးက အရေးပေါ်လူနာတင်ယာဉ်စနစ်အကြောင်းကို ရှင်းလင်းကာ တွဲဖက်ပါမောက္ခ ဒေါက်တာမော်မော်ဦးက အရေးပေါ် လူနာတင်ယာဉ်စနစ် ထူထောင်ရေးအဆင့်များကို အသေးစိတ် ရှင်းလင်းသည်။ ထို့နောက် ကရင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမင်းက ကရင်ပြည်နယ်အတွင်းရှိ ကျန်းမာရေးဌာနများ၏ အခြေခံကျန်းမာရေးအချက်အလက်များ၊ ပြည်နယ် ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်ကြီး ဒေါက်တာရဲကျော်သူက ဘားအံဆေးရုံတွင် အရေးပေါ်လူနာများအတွက် ကျန်းမာရေးစောင့်ရှောက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အရေးပေါ်လူနာတင်ယာဉ်စနစ်ထူထောင်ပြီး လူနာများအား အမြန်ဆုံးနှင့် ချိတ်ဆက်မှု ကောင်းမွန်စွာဖြင့် ဆေးကုသရာနေရာသို့ ပို့ဆောင်ပေးနိုင်ရေး အပါအဝင် အရေးပေါ်လူနာတင်ယာဉ်စနစ် ဆိုင်ရာများကို အသေးစိတ် ဆွေးနွေးခဲ့ကြသည်။

ကရင်ပြည်နယ်တွင် လူနာတင်ယာဉ်ဖြင့် ဆေးရုံလာရောက်မှုအခြေအနေမှာ ၂၀၀၇ မှ ၂၀၀၉ ခုနှစ်အတွင်း ငါးရာခိုင်နှုန်း၊ ၂၀၁၄ ခုနှစ်တွင် ၈ ရာခိုင်နှုန်း၊ ၂၀၁၆ ခုနှစ်တွင် ၂၈ ရာခိုင်နှုန်းအထိ ရှိခဲ့ပြီး ထိုသို့ လူနာတင်ယာဉ်များကို တိုးတက်သုံးစွဲလာနိုင်ခြင်းမှာ လူမှုရေးအသင်းများကြောင့်ဖြစ်ကာ အဆိုပါ ပို့ဆောင်မှုများတွင် လူမှုရေးအသင်းများအနေဖြင့် လူနာကူညီပို့ဆောင်မှုမှာ ၆၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပန်းချီနှင့် ဆေးရောင်စုံခြယ်ပြိုင်ပွဲများ ကျင်းပ

**ပုလဲ ဇန်နဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ၌ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အခြေခံပညာ အလယ်တန်းအဆင့် အတွေးပန်းချီပြိုင်ပွဲနှင့် မူလတန်းအဆင့် ဆေးရောင်စုံခြယ်ပြိုင်ပွဲများကို ဇန်နဝါရီ ၂ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။



ပုလဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးမြင့်သိန်းစိုးက "ကလေးများရဲ့ဉာဏ်ရည်ဉာဏ်သွေးနဲ့ အယူအဆများ ထက်မြက်လာစေရန်၊ ကလေးများရဲ့တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်၊ ကလေးများ စာပေနဲ့ ရင်းနှီးပြီး စာဖတ်ဝါသနာ ပါလာစေရန်နှင့် ကလေးများအတွက် ပျော်ရွှင်မှုကို ဖန်တီးပေးရန်တို့ကို ရည်ရွယ်ပြီး ပြိုင်ပွဲများ ကျင်းပပေးခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါ အခြေခံပညာအလယ်တန်းအဆင့် အတွေးပန်းချီပြိုင်ပွဲနှင့် မူလတန်းအဆင့် ဆေးရောင်စုံခြယ်ပြိုင်ပွဲများသို့ ပုလဲမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၁ ကျောင်းမှ ကျောင်းသားကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို ဇန်နဝါရီ ၄ ရက်တွင် ကျင်းပမည့် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆုများထိုက်တန်စွာ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# မြစ်ကြီးနားမြို့၌ လွတ်လပ်ရေးနေ့ အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

**မြစ်ကြီးနား ဇန်နဝါရီ ၃**

ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို မြစ်ကြီးနားမြို့ရှိ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပသွားမည်ဖြစ်ပြီး လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများနှင့် အားကစားပြိုင်ပွဲများလည်း ပါဝင်ကာ ပြိုင်ပွဲများကို ပြည်နယ်ပြည်သူ့ အားကစားကွင်းနှင့် မိုးလုံလေလုံအားကစားကွင်းတို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနေပြီဖြစ်ကြောင်း ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၂ ရက်မှ စတင်ကျင်းပနေပြီး ဇန်နဝါရီ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲများအဖြစ် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲ၊ မီတာ ၁၀၀၊ ၂၀၀၊ ၄၀၀၊ ၈၀၀၊ ၁၅၀၀ အပြေးပြိုင်ပွဲများ၊ အလျားခုန်နှင့် ဝိုင်းခြင်းခတ်ပြိုင်ပွဲများကို ထည့်သွင်းကျင်းပနေပြီး ပြိုင်ပွဲများအလိုက် ဆုများကို ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဇန်နဝါရီ ၄ ရက်တွင် ပြည်သူ့အားကစားကွင်းအတွင်း၌ ပျော်ပွဲရွှင်ပွဲများအဖြစ် မုန့်အဝစားပြိုင်ပွဲ၊ လွန်ဆွဲ၊ ချောတိုင်တက်၊ ဂုန်နီအိတ်စွပ်ပြေး၊ ပူဖောင်းဖောက်၊ သံပုံးရိုက်၊ သုံးချောင်းထောက်ပြေး၊ ဖားခုန်၊ သံပရာသီးဇွန်းကိုက်၊ ဖယောင်းတိုင်ထွန်းပြေး၊ လင်ဗန်းရွက်ပြေး စသည့် ပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပြည်သူ့အားကစားကွင်းအတွင်း၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လွတ်လပ်ရေးနေ့အထိမ်းအမှတ် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြခန်းများကိုလည်း ဇန်နဝါရီ ၄ ရက်တွင် ခင်းကျင်းပြသမည်ဖြစ်ကြောင်း သိရှိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဘားအံမြို့နယ်အတွင်း တိရစ္ဆာန်ကောင်ရေစာရင်းများ စတင်ကောက်ယူ

**ဘားအံ ဇန်နဝါရီ ၃**

ကရင်ပြည်နယ်အတွင်း ဆောင်ရွက်သွားမည့် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းလုပ်ငန်းများအတွက် ဇန်နဝါရီ ၂ ရက်မှစ၍ ဘားအံမြို့နယ်အတွင်း စတင်စာရင်းကောက်ယူနေပြီ ဖြစ်ကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစောဖောင်ဟိ၏ ပြောကြားချက်အရ သိရသည်။

မြန်မာနိုင်ငံတစ်ခုလုံး အတိုင်းအတာအနေဖြင့် တိရစ္ဆာန်ကောင်ရေကောက်ယူခြင်းကို နှစ် ၂၀ ကျော်ကြာပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပြန်လည်ကောက်ယူခြင်းဖြစ်ကာ ဘားအံမြို့နယ်အတွင်း ကောက်ယူရာတွင် ကျေးရွာ ၉၅ ရွာနှင့် မြို့ပေါ်ရပ်ကွက် နှစ်ခုတို့တွင် ဇန်နဝါရီ ၃၁ ရက်အထိ ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရာတွင် ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ မြင်း၊ ဝက်၊ ခွေး၊ ငုံး၊ ကြက်၊ ဘဲ၊ ဘဲငန်း၊ ကြက်ဆင်၊ မန်ဒါလီ စသည့် တိရစ္ဆာန်များကို ကောက်ယူသွားမည်ဖြစ်ကြောင်း၊ စာရင်းများကောက်ယူနိုင်ရေးအတွက် ရပ်ကွက်ကျေးရွာများတွင် သင်တန်းများ ပို့ချပေးခဲ့သော ကျေးရွာသားများနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများ ပူးပေါင်းပြီး ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ ပြည်နယ်တစ်ခုလုံးအတိုင်းအတာအနေဖြင့် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းကို ရပ်ကွက်၊ ကျေးရွာပေါင်း ၃၉၀ တွင် ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ တိရစ္ဆာန်ကောင်ရေနှင့် တိရစ္ဆာန်ထွက်ပစ္စည်းထုတ်လုပ်မှု စာရင်းဇယားများကို အတည်ပြုထုတ်ပြန်နိုင်ရန် ရည်ရွယ်ပြီး တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရခြင်းဖြစ်ကာ ယခု စာရင်းကောက်ယူရရှိသော အချက်များကို အခြေပြု၍ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်နိုင်မည်ဖြစ်သလို တိရစ္ဆာန်ကျန်းမာရေးနှင့်ပတ်သက်၍ လုပ်ငန်းစီမံချက်များ လုပ်ကိုင်ရာတွင်လည်း ပြန်လည်အသုံးချသွားနိုင်မည်ဖြစ်သည်။ **မင်းရာဇာ(မြစ်ကြီးနား)**



## သတင်းတိုများ

### အချိန်အခါမဲ့ မိုးဆက်တိုက်ရွာနေ၍သီးနှံများပျက်စီးမည်ကိုစိုးရိမ်နေ

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် ဒီဇင်ဘာ ၃၁ ရက်မှ စတင်၍ ယနေ့တိုင် အချိန်အခါမဲ့မိုးများ ဆက်တိုက်ရွာနေသဖြင့် စပါးခင်းများ ပျက်စီးမည်ကို တောင်သူများ စိုးရိမ်နေကြကြောင်း သိရသည်။ မိုးရွာသွန်းချိန်တွင် စပါးခင်းအချို့မှာ ရိတ်သိမ်းပြီးသော်လည်း အချို့သက်ရင့်စပါးများမှာ မရိတ်သိမ်းရသေး၍ မိုးဒဏ်ကြောင့် စပါးခင်းများ ပျက်စီးမည်ကို စိုးရိမ်နေရခြင်းဖြစ်ကြောင်း၊ စပါးစိုက်တောင်သူများသာမက ယာသမားများမှာလည်း မြေပဲနှင့်အခြားသီးနှံများကို စိုက်ပျိုးထားသည်မှာ ရက်မကြာသေး၍ ယခုလို မိုးဆက်တိုက်ရွာနေပါက စိုက်ပျိုးထားသော သီးနှံများ ပျက်စီးဆုံးရှုံးဖွယ်ရှိနေကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

### မူးခင်းကျဆင်းရေးပညာပေးဟောပြော

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့တိုးချဲ့ရပ်ကွက်မှ ပြည်သူများ မူးခင်းကျဆင်းရေးဆိုင်ရာ အသိပညာများ တိုးပွားစေရန်အတွက် ပညာပေးဟောပြောပွဲကို ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဒီဇင်ဘာ ၂၉ ရက်က ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် ထောက်ကြန့်နယ်မြေရဲစခန်းမှူး ရဲအုပ်မြင့်လွင်က လူကုန်ကူးမှု လျော့နည်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုနှင့် မုဒိမ်းမှုများ ဖြစ်ပွားမှုမရှိစေရေး၊ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ လုယက်မှုနှင့် ခိုးမှုများ လျော့နည်းပပျောက်ရေး စသည့် အကြောင်းအရာများကို အသိပညာပေး ဟောပြောခဲ့ပြီး ဟောပြောပွဲသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်နှင့် ရပ်မိရပ်ဖများ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **အောင်ထက်(မင်္ဂလာဒုံ)**

### ကျောင်းကုန်းမြို့တွင် တိရစ္ဆာန်ကောင်ရေစာရင်း ကွင်းဆင်းကောက်ယူလျက်ရှိ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းကို ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ရာ ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင်လည်း မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကြည်ကြည်မြင့်နှင့် ဝန်ထမ်းများက တာဝန်ကျရာ ကျေးရွာများသို့ ကွင်းဆင်း၍ စာရင်းများ ကောက်ယူလျက်ရှိကြောင်း သိရသည်။ ဇန်နဝါရီ ၁ ရက်တွင် ကျောင်းကုန်းမြို့နယ် အရှေ့ချောင်းအုပ်စု ငွေးကုန်းရွာရှိ အိမ်ထောင်စု ၁၀၇ စုနှင့် ဦးချိန်ကုန်းရွာရှိ အိမ်ထောင်စု ၇၁ စုတို့မှ စာရင်းများ ကောက်ယူခဲ့ပြီး ဇန်နဝါရီ ၂ ရက်တွင် ချောင်ကြီးအုပ်စု အိမ်တိုင်ကုန်းရွာနှင့် ပေါက်ငူရွာတို့တွင် ကွင်းဆင်းကောက်ယူခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

### အာမခံလုပ်ငန်းအသိပညာပြန့်ပွားရေးဟောပြော

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခန်းမ၌ တောင်သူလယ်သမားများ သိရှိထားသင့်သော တောင်သူလယ်သမား အသက်အာမခံ အပါအဝင် အခြားအာမခံလုပ်ငန်းများအကြောင်း ပညာပေးဟောပြောပွဲကို ဒီဇင်ဘာလ နောက်ဆုံးပတ်အတွင်းက ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် မြန်မာ့အာမခံလုပ်ငန်း သာယာဝတီခရိုင်တာဝန်ခံ ဒေါ်စန်းစန်းလွင်နှင့် တာဝန်ရှိသူများက မြို့နယ်အတွင်းမှ တောင်သူများအား တောင်သူလယ်သမား အသက်အာမခံနှင့် အခြားအာမခံများ အကြောင်းကို ရှင်းလင်းဟောပြောခဲ့သည်။ **သန့်ဇော်**

# တာပွန်တိုက်နယ် စံကိုက်ဆေးရုံ တည်ဆောက်မှုများစတင်နေ

**နတ်တလင်း ဇန်နဝါရီ ၃**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တာပွန်မြို့၌ ၁၆ ခုတင်ဆံ့ စံကိုက်တိုက်နယ်ဆေးရုံကို ဒီဇင်ဘာလအတွင်းမှ စတင်၍ တည်ဆောက်လျက်ရှိကာ ၂၀၁၉ ခုနှစ်အတွင်း တည်ဆောက်မှုများ ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

တိုက်နယ်စံကိုက်ဆေးရုံကို ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဦးစီးဌာန တည်ဆောက်ရေး(၁) အဆောက်အအုံအထူးအဖွဲ့(၃)က တာဝန်ယူတည်ဆောက်မည်ဖြစ်ပြီး တိုက်နယ်ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာများဆောက်လုပ်ခြင်းတို့ ပါဝင်ကြောင်း၊ ဆေးရုံသည် အလျား ၁၄၁ ပေ၊ အနံ ၁၃၃ ပေရှိပြီး အာရ်စီတစ်ထပ် အဆောက်အအုံဖြစ်ပြီး ဖွဲ့စည်းပုံအနေဖြင့် အမျိုးသားလူနာဆောင်၊ အမျိုးသမီးလူနာဆောင်၊ ခွဲစိတ်ခန်း နှစ်ခန်း၊ ဆရာဝန်အခန်း၊ သူနာပြုဆရာမများအခန်း၊ MO ခန်း၊ ဓာတ်ခွဲခန်း၊ စတိုခန်း သုံးခန်း၊ လူနာမှတ်တမ်းမှတ်သည့်စာရေးခန်း၊ အစည်းအဝေးဆောင်၊ ပြင်ပလူနာဆောင်နှင့် လူနာများနားနေဆောင်၊ အိမ်သာနှင့်ရေချိုးခန်းစသည့်အခန်းများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ တာပွန်တိုက်နယ်ဆေးရုံသည် မိုးညိုမြို့နယ်၊ ရွှေတောင်မြို့နယ်တို့ရှိ နယ်စပ်ကျေးရွာများမှ ပြည်သူများ၏ ကျန်းမာရေးအတွက်ပါ မှီခိုအားထားနေရသည့် ဆေးရုံဖြစ်ကြောင်း သိရသည်။ **တင်မြင့်(နတ်တလင်း)**

# ပြင်ဦးလွင်မြို့ ဗိုလ်ချုပ်မာရ်အောင် လွတ်လပ်ရေးအောင်စေတီအား လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူမည်



**ပြင်ဦးလွင် ဇန်နဝါရီ ၃**

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိချိန်က ပြင်ဦးလွင်မြို့တွင် အထိမ်းအမှတ်နှစ်ခု ပြုလုပ်နိုင်ခဲ့ရာ ပထမတစ်ခုမှာ မြို့အဝင်ကျောက်တောင်တော်ကြီးပေါ်၌ အများပြည်သူတို့ ကိုးကွယ်ကြည်ညိုနိုင်ရန် မြို့ကျက်သရေဆောင်အဖြစ် လွတ်လပ်ရေးအောင်စေတီတော်ကြီးကို လွတ်လပ်ရေး ရရှိခဲ့သည့်အချိန်တွင် တစ်ပြိုင်တည်းပင် ရဟန်းသံဃာများ၊ မြို့မိမြို့ဖများ၊ တပ်မတော်သားများနှင့် ပြည်သူများ စုပေါင်း၍ မြန်မာနိုင်ငံ၏သမိုင်းဝင် တစ်ဆူတည်းသော စေတီတော်ကြီးအဖြစ် တည်ထားနိုင်ခဲ့ခြင်းနှင့် ဒုတိယ တစ်ခုမှာ လွတ်လပ်ရေးကျောက်တိုင်တစ်ခုကို မြို့အဝင်အဝိုင်းပေါ်၌ စိုက်ထူနိုင်ခဲ့ခြင်းတို့ ဖြစ်သည်။

လွတ်လပ်ရေးအောင်စေတီတော်မြတ်ကြီးကို စတင်တည်ထားကိုးကွယ်ခဲ့စဉ်က ကိုးတောင်ပြည့်စေတီငယ် တစ်ဆူအဖြစ်သာ တည်ထားနိုင်ခဲ့ပြီး ၁၉၇၆ ခုနှစ်တွင် မူလ ကိုးတောင်ပြည့်စေတီငယ်အား အပေါ်မှငုံလျက် ဒုတိယအကြိမ် ပြုပြင်မွမ်းမံတည်ထားခဲ့ရာ အတွင်းပိုင်းတွင် လိုဏ်ဂူတော်၊ အပေါ်ပိုင်းတွင် စေတီရံ ၃၆ ဆူတင်လျက် ဉာဏ်တော် ၄၅ ပေ အမြင့်ထားပြီး ထပ်မံပြင်ဆင်နိုင်ခဲ့ကြောင်း၊ ၁၉၉၀ ပြည့်နှစ်၌ တတိယအကြိမ် ပြင်ဆင်ခဲ့ရာ ရွှေတိဂုံစေတီတော်ပုံစံဖြင့် ဉာဏ်တော်အမြင့် ၄၅ တောင်(၆၂ ပေ ၆လက်မအထိ)ထား၍ ပြင်ဆင်တည်ထားပြီးစီးခဲ့ကာ ရွှေထီးတော်တင်လှူပြီးနောက် 'ဗိုလ်ချုပ်မာရ်အောင်စေတီတော်'ဟု ဘွဲ့တော်ပေးခဲ့ကြောင်း သိရသည်။

ဗိုလ်ချုပ်မာရ်အောင် လွတ်လပ်ရေးအောင်စေတီတော်ကြီးကို ၂၀၀၁ ခုနှစ်တွင် ပထမအကြိမ် ခေါင်းလောင်းတော်မှ ခရေသီးအထိ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူနိုင်ခဲ့ပြီး ၂၀၀၆ ခုနှစ်အတွင်းက ဒုတိယအကြိမ်၊ ၂၀၁၂ ခုနှစ်၌ တတိယအကြိမ် လုံးတော်ပြည့် ရွှေသင်္ကန်းများ ကပ်လှူဒါန်းခဲ့ရာ ယခုအခါ ၂၀၁၈ ခုနှစ်ထဲတွင် စတုတ္ထအကြိမ်အဖြစ် လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပူဇော်မည်ဖြစ်ပြီး အလှူရှင်များ ပါဝင်လှူဒါန်းနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာ အစည်းအဝေးပြုလုပ်

**သီပေါ ဇန်နဝါရီ ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် အစိုးရဝန်ထမ်းများ ငွေစုငွေချေး သမဝါယမအသင်း လီမိတက်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇန်နဝါရီ ၁ ရက်က သီပေါမြို့ရှိ မဟာသာသနာ့ဗိမာန်တော် မြို့လယ်ဓမ္မာရုံ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဇေယျက အမှာစကားပြောကြားပြီး အစိုးရဝန်ထမ်းများ ငွေစုငွေချေး သမဝါယမအသင်းဥက္ကဋ္ဌ ဦးတင်မောင်မောင်က လက်ရှိဆောင်ရွက်ချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကြီးသို့ တက်ရောက်လာကြသော အသင်းသားများအား အသင်းဥက္ကဋ္ဌက မိမိ၏လစာငွေမှ စုဆောင်းပြီး ကံစမ်းမဲအဖြစ် ရွှေလက်စွပ်ငါးကွင်းကို မဲဖောက်၍ ကုသိုလ်ပြုလှူဒါန်းခဲ့ကြောင်း သိရသည်။

သီပေါမြို့နယ် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်းအနေဖြင့် အသင်းသားဦးရေ ၁၈၀၀ ကျော်ရှိပြီး အရေးပေါ်ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် ငွေကျပ်ငါးသောင်းမှ နှစ်သိန်းအထိ အတိုးမဲ့ ချေးငှားပေးကာ ဝန်ထမ်းများ၏ အခက်အခဲကို ကူညီဖြေရှင်းပေးလျက်ရှိကြောင်း၊ အငြိမ်းစားယူသွားသည့် ဝန်ထမ်းများလည်း အသင်းသို့ဝင်ရောက်နိုင်ရေးအတွက် အစိုးရဝန်ထမ်းများငွေစုငွေချေးသမဝါယမအသင်းမှ ဝန်ထမ်းများငွေစုငွေချေး သမဝါယမအသင်းအဖြစ် စည်းမျဉ်း၊ စည်းကမ်းများကို အများဆန္ဒဖြင့် ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ၏ ပြောကြားချက်အရ သိရသည်။

**စိုင်း(သီပေါ)**

# မိုးရေကို အကျိုးရှိစွာ စီမံခန့်ခွဲခြင်း ပညာပေးသင်တန်းဖွင့်



**ရမည်းသင်း ဇန်နဝါရီ ၃**

ပျော်ဘွယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနခွဲက အာရှဖွံ့ဖြိုးရေးဘဏ် အထောက်အပံ့ဖြင့် ဆောင်ရွက်နေသည့် မိုးရေကို အကျိုးရှိစွာစီမံခန့်ခွဲခြင်း စီမံကိန်း အစီအစဉ်အရ တောင်သူပညာပေးသင်တန်းကို ပျော်ဘွယ်မြို့နယ် ဆိတ်ချိုမူလတန်းကျောင်း၌ ဒီဇင်ဘာ နောက်ဆုံးပတ်အတွင်းက ဖွင့်လှစ်ပို့ချခဲ့သည်။

အဆိုပါသင်တန်းတွင် ပျော်ဘွယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းညွန့်က တောင်သူပညာပေး သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သင်တန်းတွင် နေပြည်တော်(ရုံးချုပ်)နှင့် မန္တလေးတိုင်းဒေသကြီး မြေအသုံးချရေးဌာနခွဲတို့မှ သင်တန်းနည်းပြ လေးဦးတို့က တောင်သူများအနေဖြင့် မိုးရေကို စနစ်တကျ စုဆောင်းကာ သီးထပ်စွမ်းအင်တိုးတက်ရေး၊ ဘေးကင်းစိတ်ချရသည့် စိုက်ပျိုးရေးထွက်ကုန်များ ထုတ်လုပ်ပြီး ဈေးကွက်ရရှိရေး စသည်တို့ကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဆင်း

**နမ့်ခမ်း ဇန်နဝါရီ ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်း (၁/၂၀၁၇)ဆင်းပွဲကို မြို့နယ်မီးသတ်ဦးစီးဌာနရုံးတွင် ဒီဇင်ဘာ ၂၉ ရက်က ကျင်းပရာ မြို့နယ်မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင် တက်ရောက်အမှာစကားပြောကြားခဲ့သည်။



ယင်းနောက် မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးမျိုးမင်းသန့်က အရန်မီးသတ်တပ်ဖွဲ့ဝင်သင်တန်းသားများအား မီးဘေးလုံခြုံရေးအတွက် ကြိုတင်ကာကွယ်တားဆီးရေး လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး မီးငြိမ်းသတ် ထူးချွန်ဆု၊ အသက်ကယ်ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆုရရှိကြသော ထူးချွန်သင်တန်းသားများအား ဆုချီးမြှင့်ခဲ့သည်။

ထို့နောက် သင်တန်းသားများအား တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ် ပေးအပ်ခဲ့ပြီး သင်တန်းသားများ၏ မီးငြိမ်းသတ်စွမ်းရည်၊ အသက်ကယ်စွမ်းရည်များကို လက်တွေ့သရုပ်ပြကြကာ တက်ရောက်လာကြသော တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများက ကြည့်ရှုအားပေးခဲ့သည်။ ယခုသင်တန်းကို ဒီဇင်ဘာ ၄ ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ပြီး ရပ်ကွက်ကျေးရွာများရှိ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

# အာရှနိုင်ငံများမှ သံဃာတော်များနှင့် မြန်မာနိုင်ငံမှ သံဃာတော်များ ငြိမ်းချမ်းရေးဆုတောင်းပွဲကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၃**

မြန်မာနိုင်ငံနှင့်တစ်ကမ္ဘာလုံး အေးချမ်းသာယာဝပြောစေရန် ရည်ရွယ်၍ အာရှနိုင်ငံများမှ သံဃာတော်အရှင်သူမြတ်များနှင့် မြန်မာနိုင်ငံမှ သံဃာတော်များ စုပေါင်း၍ မြတ်ဗုဒ္ဓ၏ဒေသနာတော်များကို ရွတ်ပွားပူဇော် ဆုတောင်းသည့် နှစ်သစ်မေတ္တာပို့ ဆုတောင်းပွဲ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ဇေကမ္ဘာဥယျာဉ်မြို့တော်အတွင်းရှိ ဇမ္ဗူဥသျှောင်မြတ်ဘုန်းခေါင် ဓာတ်ပေါင်းစုစေတီတော်ပရိဝုဏ်အတွင်း၌ ဒီဇင်ဘာ ၃၁ ရက် ညက ကျင်းပခဲ့သည်။

ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန် ရာဇဝိဇ္ဇယ တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဆရာတော်နှင့် အာဆီယံနိုင်ငံများမှ ရဟန်းတော်များ၊ ရန်ကုန်တိုင်းဒေသကြီးဥက္ကဋ္ဌ ဆရာတော်၊ တိပိဋက ဆရာတော်၊ ကျိုက်ထီးဆောင်းဆရာတော်တို့က ပဋ္ဌာန်းဒေသနာတော်နှင့် မေတ္တာသုတ်များ ရွတ်ဖတ်ပူဇော်ကာ မြန်မာနိုင်ငံနှင့် တစ်ကမ္ဘာလုံး အေးချမ်းသာယာစေရန် ဆုတောင်းပွဲကျင်းပခြင်းဖြစ်သည်။

အခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ရွှေတိဂုံစေတီတော်ကြီး ဗုဒ္ဓါဘိသေက မင်္ဂလာနှင့် သံဃာတော် ၁၈၀၀၀ အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကြီးသို့လည်းကောင်း၊ တတိယအကြိမ် အာရှဗုဒ္ဓဘာသာအသင်းကြီးဖွဲ့စည်းရေး အစည်းအဝေးသို့လည်းကောင်း ကြွရောက်လာသော ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန်တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် အမှူးပြုသော အာရှနိုင်ငံများမှ ဆရာတော်များ၊ မြန်မာနိုင်ငံအတွင်းမှ သံဃာတော်အရှင်သူမြတ်များအား ဖူးမြော်ခွင့်ရ၍ ဝမ်းမြောက်ကြောင်း လျှောက်ထားပြောကြားသည်။

ထို့နောက် ပြည်တွင်းပြည်ပမှ သံဃာတော် အရှင်သူမြတ် အပါး ၃၀၀ က ပဋ္ဌာန်းဒေသနာတော်နှင့် မေတ္တာသုတ်တို့ကို ရွတ်ဖတ်ပူဇော်ကာ ငြိမ်းချမ်းရေးအတွက် မေတ္တာပို့ ဆုတောင်းခဲ့ကြသည်။ မေတ္တာပို့ဆုတောင်းပွဲကို Asia Buddhist Community(ABC) နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်၊ နယ်စပ်တောင်တန်းဒေသ သာသနနုဂ္ဂဟအသင်းတို့ ပူးပေါင်း၍ ဒီဇင်ဘာ ၃၁ ရက် ညပိုင်းမှစတင်ကာ ဇန်နဝါရီ ၁ ရက် နံနက် ၁ နာရီခန့်အထိ ဇမ္ဗူဥသျှောင်မြတ်ဘုန်းခေါင် ဓာတ်ပေါင်းစုံစေတီတော်တွင် ကျင်းပခဲ့ပြီး ဆုတောင်းပွဲကျင်းပပုံကို နိုင်ငံတကာ သတင်းဌာနများကလည်း တိုက်ရိုက်ထုတ်လွှင့်ခဲ့ကြောင်း သိရသည်။

**သတင်း - ၁၆၄**

**ဓာတ်ပုံ-သစ္စာ**

# ဟားခါးမြို့တွင်း ကားလမ်း နိုင်လွန်ကတ္တရာခင်းနေမှုကို ပြည်နယ်ဝန်ကြီး ကြည့်ရှုစစ်ဆေး

**ဟားခါး ဇန်နဝါရီ ၃**

ချင်းပြည်နယ်၏ မြို့တော်ဖြစ်သည့် ဟားခါးမြို့တော်ကို မြို့တော်အင်္ဂါရပ်နှင့်အညီ



မြို့တွင်းကားလမ်းများ ပိုမိုချောမွေ့ကောင်းမွန်လာစေရေးအတွက် ဟားခါးမြို့တွင်းကားလမ်းများ နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့(၁၀)က ဇန်နဝါရီ ၁ ရက်မှစ၍ ဆောင်ရွက်လျက်ရှိသည်။

လမ်းများ နိုင်လွန်ကတ္တရာ စတင်ခင်းနေမှု အခြေအနေတို့ကို ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုး၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးခင်မောင်ကျော်၊ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူး ဦးဆန်းထွန်းစိန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဇန်နဝါရီ ၁ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို ပြည်နယ်လမ်းဦးစီးဌာနမှူး ဦးကျော်မျိုးထွဋ်နှင့် တာဝန်ရှိသူများက လိုက်လံပြသရှင်းလင်းသည်။

ဟားခါးမြို့တွင်းကားလမ်းများ နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းကို ချင်းပြည်နယ်လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၀)က တာဝန်ယူ၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်နယ်ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ ကျပ် ၂၆၀၈ ဒသမ ၅ သန်းဖြင့် မြို့တွင်း ကားလမ်းသုံးမိုင်ကို စတင်ဆောင်ရွက်နေခြင်းဖြစ်ပြီး မြို့တွင်းကားလမ်းစုစုပေါင်း ၁၄ မိုင် ၁ ဖာလုံကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်နယ်လမ်းဦးစီးဌာနမှ သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

## အထူးကျေးဇူးတင်ရှိခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်မမ

အသက်(၉၈)နှစ်

၂-၁-၂၀၁၈ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားသော ကျေးဇူးရှင်မိခင်ကြီး ဒေါ်မမ၏ ကျန်းမာရေးနှင့် ပတ်သက်၍ ကူညီစောင့်ရှောက်ပေးခဲ့ကြပါသော ဆေးဝန်ထမ်းတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး၊ အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ တပ်မှူးနှင့်တကွ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ မိသားစုများအားလည်းကောင်း၊ ကွယ်လွန်ပြီးနောက်ပိုင်း နာရေးကိစ္စအဝဝအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော အရာရှိ၊ အရာခံ၊ အကြပ်၊စစ်သည်၊ မိသားစုများအားလည်းကောင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများပေးပို့လှူဒါန်းကြသည့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ဝမ်းနည်းဆုတောင်းစကားပြောကြားသူများအားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်မမ

အသက်(၉၈)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့နေ (ဦးဖေကြီး)၏ ချစ်လှစွာသောဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း-ဒေါ်သန်းသန်းနွယ်တို့၏မိခင် ဒေါ်မမသည် ၂-၁-၂၀၁၈ရက် မွန်းလွဲ ၁း၄၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အပတ်စဉ်(၂၂)မှ သူငယ်ချင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးတင်မြင့် အသက်(၇၇)နှစ်

**အမျိုးသားစာပေဆုရ ဆရာနေမျိုးသန့်/တင်မြင့်**

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)**

**အမှတ်(၂)အခြေခံပညာဦးစီးဌာန**

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့၊ ဘုရင့်နောင်ရပ်၊ သဇင်လမ်းနေ ဆရာမကြီး ဒေါ်ခင်ရီ၏ခင်ပွန်း၊ ဦးဝင်းဇော်ဦး-ဒေါ်ခင်အေးမြင့်မွန်၊ ဒေါက်တာခင်တာရာမြင့်(ဆေးသုတေသနဦးစီးဌာန၊ ရန်ကုန်)၊ ဦးမျိုးမင်းသန့်-ဒေါ်အာကာမိုး(Raffles Ship Management, Singapore)တို့၏ဖခင်၊ မောင်ဘုန်းမြတ်မင်းသန့်၊ မအိမ့်မြတ်မှူးခင်တို့၏အဘိုးသည် ၃၁-၁၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) ည ၉း၂၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး(NPCC)နှင့်**

**ဆေးဝါးဇီဝသုတေသနဌာနခွဲ၊ ဆေးသုတေသနဦးစီးဌာနမှဝန်ထမ်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးလှမင်း အသက်(၆၀)

**B.E (Mechanical) 1983 Batch (R.I.T)**

တောင်ငူမြို့နေ (ဒေါ်ချိုချိုသိန်း)၏ခင်ပွန်း၊ မနွေးနန္ဒာလမင်း၊ မောင်ကောင်းထိုက်ခန့်မင်းတို့၏ဖခင် ဦးလှမင်းသည် ၃၁-၁၂-၂၀၁၇ရက်တွင် ရုတ်တရက်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**R.I.T, 1982. Batch Mechanical မှ သူငယ်ချင်းများ**

**နှင့်**

**R.I.T, 1983. Batch Mechanical မှ သူငယ်ချင်းများ**

---

## ဦးသက်လွင်

**ဦးစီးအရာရှိ(စုံစမ်းရေး)**

**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်း ၄လမ်း၊ အမှတ် ၁၉နေ(ဦးမျိုးအောင်-ဒေါ်ခင်ညို)တို့၏သား၊ ရဲအုပ်သက်ဇင်(ပဲခူးတိုင်းဒေသကြီး)-ဒေါ်နှင်းအေးတို့၏ညီ၊ ရဲအုပ်ဟန်မျိုးအောင်(သီပေါ)-ဒေါ်သဲတို့၏အစ်ကို၊ ဒေါ်ကြည်ကြည်အောင်၏ခင်ပွန်း၊ မောင်သန့်ထူးသက်၏အဘိုးသည် ၃-၁-၂၀၁၈ရက် နံနက် ၇း၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၈ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ (စစစရုံးမှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

# ဦးကြည်သာအောင်

**(မြို့နယ်တရားသူကြီး)**

အသက်(၄၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီး ဦးကြည်သာအောင်သည် ၂-၁-၂၀၁၈ရက် (အင်္ဂါနေ့) ည ၈း၁၅နာရီတွင် ဆားလင်းကြီးမြို့နယ်၊ ရွာရှည်ကျေးရွာအုပ်စု၊ ပလောင်ကျေးရွာနေအိမ်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တရားရေးအရာရှိအပတ်စဉ်(၁၆)မှ သူငယ်ချင်းများ**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

## ဦးအောင်ခင် (ဗန်းမော်)

**X.Ray Technician (ငြိမ်း)**

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ အဝေရာလမ်း၊ အမှတ် ၅၆၊ အခန်း ၀၀၂နေ (ဦးအုံ့-ဒေါ်ရင်)တို့၏သား၊ (ဦးစိုးခိုင်င်-ဒေါ်အေးကျင်)တို့၏သား/သမက်၊ ဒေါ်ခင်ငွေဦး၏ ချစ်လှစွာသောခင်ပွန်း၊ မဆွေဆွေမော် (City Mart Holding Co.,Ltd)၊ ကိုစည်သူဝင်း - မဦးဦးခင်(City Mart Holding Co.,Ltd)၊ ကိုခင်မောင်ထွေး (အကောက်ခွန်ဦးစီးဌာန)-မထူးထူးခင်၊ ကိုအောင်ကျော်သူ(Rinnai)-မရွှေဇင်အောင်တို့၏ဖခင်၊ မောင်ရဲလွင်ဖြိုး၊ မရွှန်းလဲ့ဦး၊မောင်ဝင့်ထည်၊မအိမြတ်မိုး၊ မသစ်သစ်ဦး၊ မမိုးသုသုစံတို့၏အဘိုးသည် ၃-၁-၂၀၁၈ရက် နံနက် ၇း၁၅ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၅-၁-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၉-၁-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ရဟန်းဒါယကာကြီး

## ဦးမင်းလွင်(ခ)ဦးနီနီမောင်

အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၁)ရပ်ကွက်၊ အင်ကြင်းမြိုင်အိမ်ရာ၊ တိုက် ၇၊ အခန်း ၂၀၃နေ ဒေါ်ခင်စန်းမြင့်၏ချစ်လှစွာသောခင်ပွန်း၊ (ဦးခင်လှ)-ဒေါ်ခင်မြင့်တို့၏သား၊ (ဦးထွန်းရှိန်)-ဒေါ်တင်ကြည်တို့၏ သားသမက်၊ ဦးဇော်မင်းထွန်း - ဒေါ်ခင်စန္ဒာမင်းလွင်၊ ဦးအောင်အောင်မင်းလွင် - ဒေါ်ဇင်နွယ်ဝင်းကိုတို့၏ ချစ်လှစွာသောဖခင်၊ မသက်နှင်းစန္ဒာ၊ မောင်တေဇာမင်းမင်းတို့၏အဘိုးသည် ၃-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၈ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၉-၁-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးအောင်မင်း (ရန်ကင်း)

**C.D.C-16281**

အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ရန်ကင်း (၆)ရပ်ကွက်၊ တိုက် ၂၃၆၊ အခန်း ၁၃နေ (ဦးသိန်းကြည်-ဒေါ်လှကြည်)တို့၏သား၊(ဦးကျော်မြင့်-ဒေါ်မြင့်မြင့်သီ)တို့၏ သားသမက်၊ (ဦးကျော်စိန်)-ဒေါ်သန်းရွှေ၊ ဒေါ်နှင်းရီ၊ ဦးဗိုလ်ထွဋ် - ဒေါ်မေမေခင်တို့၏ ညီ/မောင်၊ ဦးဇော်မင်း-ဒေါ်အေးအေးမော်၊ ဦးဝင်းဇော်-ဒေါ်ခင်နှင်းဖြူ၊ ဦးတင်မောင်မြင့်-ဒေါ်စိုးစိုးထွန်း၊ ဒေါ်တင်မိုးမြင့်တို့၏အစ်ကို၊ ဒေါ်သူဇာမြင့်၏ခင်ပွန်း၊ နော်ဟဲဂေးထူး၏ဦးလေးသည် ၃-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၈ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်မမ

အသက်(၉၈)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့နေ(ဦးဖေကြီး)၏ချစ်လှစွာသောဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း-ဒေါ်သန်းသန်းနွယ်နှင့် မန္တလေးမြို့နေ ဗိုလ်မှူးချုပ် တင်မောင်အုန်း(ငြိမ်း)-ဒေါ်အေးအေးတို့၏မိခင် ဒေါ်မမသည် ၂-၁-၂၀၁၈ရက် မွန်းလွဲ ၁း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်ချုပ်ကြီး သာအေး(ငြိမ်း)နှင့် ဇနီး ဒေါ်ဝေဝေခိုင်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်မမ

အသက်(၉၈)နှစ်

ဗိုလ်မှူးချုပ်တင်မောင်အုန်း(ငြိမ်း)-ဒေါ်အေးအေးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း-ဒေါ်သန်းသန်းနွယ်တို့၏ချစ်လှစွာသောမိခင်ကြီး ဒေါ်မမသည် ၂-၁-၂၀၁၈ရက်(အင်္ဂါနေ့) မွန်းလွဲ ၁း၄၅နာရီတွင်ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မဟာသဒ္ဓမ္မဇောတိကဓဇ၊ သဒ္ဓမ္မဇောတိကဓဇ၊**

**အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊**

**သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာဦးစိုးသိန်းနှင့်ဇနီး**

**အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ၊ သီရိသုဓမ္မသင်္ဂီ ဒေါ်ခင်ချိုအုန်း**

**(ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

# ဒေါ်မမ

## အသက်(၉၈)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့နေ (ဦးဖေကြီး)၏ချစ်လှစွာသောဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း-ဒေါ်သန်းသန်းနွယ်တို့၏မိခင် ဒေါ်မမသည် ၂-၁-၂၀၁၈ရက် မွန်းလွဲ ၁း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်ဇော်-ဒေါ်ငွေငွေခိုင်**

---

## ဒေါ် Dolly စိန်လှိုင်

အသက်(၈၃)နှစ်

London မြို့၊ အမှတ် ၁၀၆၊ CHINNOR CRESCENT GREENFORD နေ (ဦးစိန်လှိုင်)၏ချစ်လှစွာသောဇနီး၊ ဦးအောင်ကျော်လှိုင်(George)၊ ဦးညီညီလှိုင်(ရာတန်)တို့၏ ချစ်လှစွာသောမိခင်သည် ၂၈-၁၂-၂၀၁၇ရက် နံနက် ၆း၁၅နာရီတွင် LONDON မြို့ HAMMERSMIT HOSPITAL ၌ ကွယ်လွန်သွားပါ၍ ၈-၁-၂၀၁၈ရက် မွန်းလွဲ ၁၂း၄၀နာရီတွင် MORTLAKE CREMATORIUM ၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်မြင့်ဆွေ (Rosie Toe)

အသက်(၈၂)နှစ်

ဦးဝေလွင်-ပါမောက္ခဒေါက်တာဒေါ်ဝင်းမင်းသစ်(ပါမောက္ခ/ဌာနမှူး၊ ဦးနှောက်နှင့်အာရုံကြောဆေးကုဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)တို့၏မိခင် ဒေါ်ခင်မြင့်ဆွေ (Rosie Toe)သည် ၂၆-၁၂-၂၀၁၇ရက် ည ၇း၂၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အဆုတ်နှင့်ရင်ခေါင်းဆေးကုဌာန၊**

**ခုတင်-၅၀၀ဆံ့အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်တင်မာထွေး

အသက်(၅၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဦးဇော်လင်း(အကြီးတန်းစာရေး)၏ဇနီး ဒေါ်တင်မာထွေး အသက်(၅၄)နှစ်သည် ၃-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အင်ဂျင်နီယာချုပ်(မြို့ပြ)နှင့်**

**ဝန်ထမ်းများ**

**လမ်းဦးစီးဌာန၊**

**ရန်ကုန်တိုင်းဒေသကြီး**

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တမာဏဝ

**(ကော့ကရိတ်မြို့၊ ရွှေကြက်မင်းကျောင်း)**

**(နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်)**

**သာသနာ့ဓဇ ဓမ္မာစရိယ၊ ဝိနယပါရဂူ**

**သက်တော်(၉၄)နှစ်၊ သိက္ခာတော်(၇၄)ဝါ**

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့၊ ရွှေကြက်မင်းကျောင်းတိုက်၏ ဦးစီးပဓာနနာယက သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တမာဏဝသည် (၁၃၇၉ခုနှစ် ပြာသိုလဆန်း ၂ရက်) ၅-၁၂-၂၀၁၇ရက် (အင်္ဂါနေ့)တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ခုနှစ် တပေါင်းလဆန်း ၁၁ရက်) ၂၅-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့)တွင် အန္တိမအဂ္ဂိဈာပန ကျင်းပမည်ဖြစ်ပါကြောင်း တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။ တပည့်ဒါယကာ၊ ဒါယိကာမများ

ဈာပနကျင်းပရေးအဖွဲ့၊ ရွှေကြက်မင်းကျောင်း၊ ကော့ကရိတ်မြို့

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နှင်းကြည်(ပြည်မြို့) အသက်(၈၈)နှစ်

ပြည်မြို့၊ရွှေတံခါးလမ်းနှင့်ဘုရင့်နောင်လမ်းဆုံ၊အထက(၅)ရှေ့၊နှင်းဝေဝေစားသောက်ဆိုင်နေ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာ ဦးမောင်လွင်၏ဇနီး၊ဦးကျော်မင်း-ဒေါ်ခင်စန်းဦး၊ ဦးစောထွန်း-ဒေါ်ရင်ရင်ကြည်၊ ဦးမောင်မောင်တာ-ဒေါ်မျိုးမျိုး၊ ဒေါ်ခင်မာချို၊ ဒေါ်ကြည်ကြည်ဝေတို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၂ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၃-၁-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၃း၂၅နာရီတွင် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ (၁၅)ရပ်ကွက်၊ (၁)လမ်းအထက်ပိုင်း၊ အမှတ် ၂၃/ကနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၈ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် အထက်ပါတောင်ဥက္ကလာပမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ကျောင်း ဒါယကာကြီး

## ဦးညွန့်ရွှေ (ငါးသိုင်းချောင်း)

**အထပြ(ငြိမ်း)**

အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဇရာဝတီလမ်း၊ အမှတ် ၇၄ (လေးလွှာ)နေ (ဦးဖိုးမှန်း-ဒေါ်ရွှေကြုတ်)တို့၏သား၊ (ဒေါ်အုန်းမြင့်)၏ခင်ပွန်း၊ ဦးမြင့်သိန်းထွန်း-ဒေါ်ခင်မေညွန့်(အထပြ၊ ငြိမ်း)၊ ဦးဉာဏ်လင်း-ဒေါ်စမ်းစမ်းအေး(မြန်မာ့ကြယ်စင်လင်းပုံနှိပ်တိုက်)၊ ဦးစိုးမြတ်မင်း(ဒုတိယဗိုလ်မှူးကြီး၊ ငြိမ်း)-ဒေါ်စိုးစိုးမြင့်၊ ဦးစိုးနိုင်ဝင်း(အင်ဂျင်နီယာမှူး၊ ငြိမ်း)-ဒေါ်မူမူဝင်း၊ ဦးသစ်လွင်အုံး-ဒေါ်ရွှေစင်ညွန့်(ဆိပ်ကမ်းအာဏာပိုင်)၊ ဦးစိုးသန်းဦး(သစ်တောဦးစီးဌာန)-ဒေါ်သန္တာညွန့်(သစ်တောရုံးချုပ်)တို့၏ဖခင်၊ မြေး ၁၂ယောက်၊ မြစ်ခြောက်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၃-၁-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၈ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါ်လှမြင့်(မြဝတီပုံနှိပ်တိုက်) အသက်(၇၅)နှစ်

ရန်ကုန်မြို့နေ(ဦးဘိုနီ-ဒေါ်ဝင်းမြ)တို့၏သမီး၊ (ဦးသာဝ-ဒေါ်မင်းခဲ)တို့၏ သမီးချွေးမ၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ (C) ၁၄လမ်း၊ တိုက် ၃၇၊အခန်း ၀၀၄နေ ဦးမောင်ငွေ၏ဇနီး၊(ဦးထိန်ဝင်း)-ဒေါ်လှမြင့်၊Rev-ဦးအောင်မင်း(သင်းအုပ်မြို့မတိုင်းရင်းသားနှစ်ခြင်းအသင်းတော်)-ဒေါ်စီစီဦး၊ ဦးကျင်ထွဋ်-ဒေါ်သန်းသန်း၊ (ဦးခင်မောင်အေး)-ဒေါ်မြင့်မြင့်ဦး၊ ဦးစောစေးလယ်-ဒေါ်စန်းစန်းမြင့်တို့၏အစ်မ၊(ဦးကျင်သိန်း-ဒေါ်သန်းသန်းဦး)၊ ဦးထိန်လင်း(သတင်းနှင့် စာနယ်ဇင်းစာအုပ်ဆိုင်) - ဒေါ်ဂျယ်နီ၊ ဦးကျော်လင်း-ဒေါ်အေးအေးစိုး၊ ဦးဟန်နီဝင်း-ဒေါ်လင်းစန္ဒာကြည်၊ (ဦးဇာနည်ဝင်း)-ဒေါ်ယဉ်ယဉ်ငွေ(သတင်းနှင့်စာနယ်ဇင်း)၊ ဦးအောင်မျိုးသန့်၊ ဦးသော်တာအောင်-ဒေါ်ဝါဝါခိုင်၊ ဦးထွန်းသော်တာ(လင်းထိန်စာပေ)-ဒေါ်မိုးမိုးခိုင်(ကြေးမုံ-ကျော်ငြာ)တို့၏မိခင်၊ မြေး ၁၁ယောက်တို့၏အဘွားသည် ၂-၁-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၈ရက်(ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၁၅နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးဖေကြည်(ခ)မောင်ပေ

အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ် ၉၉-B၊ ပထမထပ်နေ(ဦးကျင်ဟုတ်-ဒေါ်အုန်းရင်)တို့၏သား၊(ဦးအောင်သန်း)-ဒေါ်သန်းခင်တို့၏သားသမက်၊ ဒေါ်အေးသိန်း(လူမှုဖူလုံရေး၊ငြိမ်း)၊ (ဒေါ်ခင်သန်းဝင်း)တို့၏မောင်၊ ဦးလှဝင်း၏အစ်ကို၊(ဒေါ်စန်းစန်းဦး)၏ခင်ပွန်း၊ မောင်အေးကျော်စိုး၊ မောင်မင်းသိမ်းထိုက်၊ မောင်ရဲနိုင်တင့်(အထက-၃၊တာမွေ)တို့၏ချစ်လှစွာသောဖခင်သည် ၂-၁-၂၀၁၈ရက် (အင်္ဂါနေ့) ည ၇း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၈ရက်(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးကျော်ဇောဝင်း (ပုသိမ်)

**လ/ထ-အခွန်ဦးစီးမှူး(ငြိမ်း)**

အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (၂၅)ရပ်ကွက်၊ ချယ်ရီလမ်း၊ သုဝဏ္ဏ၊ အမှတ် ၂၀၅/၁နေ (ဦးတင်ရှိန်-ဒေါ်ညွန့်ရီ)တို့၏သား၊ [ကိုအောင်မြတ်(ခ)ကိုထွန်းအောင်ကျော်]၏ညီ၊(ကိုမြင့်ဆွေ)၏အစ်ကို၊ ဒေါ်မြင့်မြင့်ဦး(ဦးစီးအရာရှိ၊ မအူပင်မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာန)၏ချစ်လှစွာသောခင်ပွန်း၊ မဆုကျော်ဇော(Weather News Inc)၏ ချစ်လှစွာသောဖခင်သည် ၂-၁-၂၀၁၈ရက် နံနက်၉း၃၀နာရီတွင် SSCဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၈-၁-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးရွှေထွန်းအောင်

**(တောခေါင်း)**

**(သစ်တောဦးစီးဌာန၊ စစ်တွေမြို့)**

အသက်(၅၈)နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ အိုးတန်းရပ်ကွက်၊ ရွှေဘန်းလမ်းနေ ဒေါ်အောင်ကျော့စိန် (အလပြ၊ ငြိမ်း၊ အထက-၁)(ရွှေစင်၊ ဆန်ပွဲရုံ၊ စစ်တွေ)၏ ခင်ပွန်း၊ ဦးစိုးမြတ်ထွန်း(B.Sc, Match)(စာရင်းကိုင်-၄)(မြေစာရင်းဦးစီးဌာန၊ နေပြည်တော်)၊ ဒေါ်စုစန္ဒီရွှေ (B.A, Eng)(အငယ်တန်းစာရေး၊ ပြည်တွင်းအခွန်ဦးစီးဌာန၊ စစ်တွေမြို့)၊ မမြတ်ရွှေစိုး(Final Year Zoology၊ စစ်တွေတက္ကသိုလ်)တို့၏ဖခင်သည် ၃၀-၁၂-၂၀၁၇ရက် နံနက် ၄း၄၀နာရီတွင် စစ်တွေပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် စစ်တွေမြို့သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

# အမိန့်ကြော်ငြာစာများ ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇန်နဝါရီ ၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြ ဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်း ပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းပေးနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်သည့် အမိန့်ကြော်ငြာစာအမှတ် (၁/ ၂၀၁၈)ကို လည်းကောင်း၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များအပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၂/ ၂၀၁၈)ကို လည်းကောင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းသင်္ဂဟတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၃/ ၂၀၁၈)ကို လည်းကောင်း၊ စစ်မှုထမ်းကောင်းတံဆိပ် အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၄/ ၂၀၁၈)ကို လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၅/ ၂၀၁၈)ကို လည်းကောင်း၊ ရဲမှုထမ်းကောင်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၆/ ၂၀၁၈)ကို လည်းကောင်း၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၇/ ၂၀၁၈)ကို လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းတံဆိပ်နှင့် ငြိမ်ဝပ်ပိပြားရေးနှင့်တရားဥပဒေစိုးမိုးရေးတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၈/ ၂၀၁၈)ကို လည်းကောင်း ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်၊ နှစ် ၇၀ ပြည့် လွတ်လပ်ရေးနေ့တွင် ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ရေနေ နို့တိုက်သတ္တဝါများအား ဖမ်းဆီးသတ်ဖြတ် ရောင်းချခြင်းပြုလုပ်ပါက မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေနှင့်အညီ အရေးယူသွားမည်

**နေပြည်တော် ဇန်နဝါရီ ၃**

မြန်မာနိုင်ငံရှိ ရေနေနို့တိုက်သတ္တဝါများအား ထိန်းသိမ်းကာကွယ်နိုင်ရန်အတွက် မြန်မာ့ကမ်းရိုးတန်းများတွင် နေထိုင်ကျက်စားသည့် အလွန်ရှားပါးပြီး မျိုးသုဉ်းပျောက်ကွယ်ရန် အန္တရာယ်ကျရောက်နေသော မျိုးစိတ်တွင် ပါရှိသည့် ဧရာဝတီလင်းပိုင်၊ ကျောဘို့ပါလင်းပိုင်၊ လင်းရှူး၊ ရေဝက်၊ ဘရိုင်းဝေလငါး၊ ဝေလငါးပြာ၊ ဖယောင်းဆီထုတ် ခေါင်းကြီး ဝေလငါး၊ ကျောရိုးဆူးတောင်ကြီး ဝေလငါးများကို ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ဒဏ်ရာအနာတရဖြစ်စေခြင်း၊ အနှောင့်အယှက်ပြုခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ယူခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ထောက်ခံချက်မရှိဘဲ ပြည်ပသို့ တင်ပို့ခြင်းများ မပြုလုပ်ကြရန်နှင့် မတော်တဆ အသက်ရှင်လျက် ဖမ်းဆီးရမိပါက အမြန်ဆုံးပြန်လွှတ်ပေးရန် ငါးလုပ်ငန်းဦးစီးဌာနမှ ဇန်နဝါရီ ၂ ရက်စွဲဖြင့် ညွှန်ကြားချက် ထုတ်ပြန်သည်။

အဆိုပါညွှန်ကြားချက်ကို လိုက်နာခြင်းမရှိပါက မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ကမ်းရိုးတန်းဒေသများဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရေနေနို့တိုက်သတ္တဝါများသည် သဘာဝအကြောင်းတရားများကြောင့် သောင်တင်ခြင်း၊ လူသားတို့၏ ပယောဂကြောင့် သောင်တင်ခြင်း၊ ရေလုပ်ငန်းများတွင် အသုံးပြုသော ငါးဖမ်းပိုက်များတွင် မတော်တဆ ငြိတွယ်ခြင်းများကြောင့် သေဆုံးခြင်းနှင့် အရှင်အတိုင်းဖြစ်စေ၊ ဒဏ်ရာအနာတရကြောင့်ဖြစ်စေ သောင်တင်ခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

**ရှင်မင်း**



# မျိုးသုဉ်းလုနီးပါးအန္တရာယ်ရှိသော မျိုးစိတ်အဖြစ် စာဝါကျားငှက်မျိုးစိတ်ကို သတ်မှတ်

**နေပြည်တော် ဇန်နဝါရီ ၃**

မြန်မာနိုင်ငံတွင် ဆောင်းခိုငှက်အဖြစ် တွေ့ရှိရသော စာဝါကျားငှက် (Yellow-breasted Bunting) မျိုးစိတ်ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိသော (Critically Endangered) မျိုးစိတ်အဖြစ် တိုးမြှင့်သတ်မှတ်လိုက်ကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)မှ သိရသည်။

အဆိုပါ ငှက်မျိုးစိတ်ကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ၂၀၀၄ ခုနှစ်တွင် အကောင်ရေ နှစ်သိန်းခန့် တွေ့ရှိနိုင်သော်လည်း ၂၀၁၇ ခုနှစ်တွင် အကောင်ရေ ၁၂၀ မှ ၆၀၀ ကြားသာ တွေ့နိုင်တော့ကြောင်း The IUCN Red List တွင်လည်း ထုတ်ပြန်ထားကြောင်း သိရသည်။

စာဝါကျားငှက် (Yellow-breasted Bunting) မျိုးစိတ်ကို ၂၀၁၇ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ၆၁ ကောင်၊ ပုဂံတွင် ၁၀ ကောင်ကျော် မှတ်တမ်းတင်ထားနိုင်ပြီး အင်းလေး၊ အင်းတော်ကြီး၊ ကလောနှင့် အခြားဒေသအချို့တွင်လည်း တွေ့ရှိနိုင်ကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံ အစီအစဉ်)၏ မှတ်တမ်းများအရ သိရသည်။

စာဝါကျားငှက်(Yellow-breasted Bunting) မျိုးစိတ်ကို ၂၀၁၃ ခုနှစ်မှစ၍ မျိုးသုဉ်းရန် အန္တရာယ်ရှိသော မျိုးစိတ် (Endangered) အဖြစ် သတ်မှတ်ထားခဲ့ပြီး ငါးနှစ်ခန့်အကြာတွင် ယခုကဲ့သို့ မျိုးသုဉ်းရှားပါးလာသည့် အန္တရာယ်အဆင့် တစ်ဆင့်တက်လာခြင်းဖြစ်ကြောင်း WCS မှ သိရသည်။

သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)မှ ငှက်ပညာရှင် ဦးသက်ဇော်နိုင်က "နှစ်နှစ်၊ သုံးနှစ်အတွင်းမှာ အကောင်ရေ အဲဒီလောက် ကျဆင်းသွားရတာက သူတို့ မျိုးပွားတဲ့ နေရာမှာ လူတွေရဲ့ဖမ်းဆီးသတ်ဖြတ်ခံနေရတာက အဓိကဖြစ်ပါတယ်၊

*စာမျက်နှာ ၅ ကော်လံ ၄* ✳

# KBZ Bank Women's League ပြိုင်ပွဲ လက်ရှိချန်ပီယံ မြဝတီအသင်း အနိုင်ရ



မြဝတီနှင့် YREO အသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

**ရန်ကုန် ဇန်နဝါရီ ၃**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ ဘဏ်၏ အဓိက ပံ့ပိုးကူညီမှုဖြင့် ကျင်းပလျက်ရှိသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ်(၂) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ လက်ရှိချန်ပီယံ မြဝတီအသင်း နိုင်ပွဲစတင်ရရှိခဲ့သည်။

မြဝတီအသင်းသည် YREO အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အဖွင့်ပွဲတွင် သစ္စာအားမာန်အသင်းနှင့် သရေကျခဲ့သည့် မြဝတီအသင်းသည် ဂိုးပြတ်ရလဒ်နှင့်အတူ အနိုင်သုံးမှတ်စတင် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြဝတီအသင်းသည် ပွဲစကတည်းက ဂိုးရရန်ကြိုးပမ်းခဲ့သော်လည်း YREO အသင်း၏ ကစားပုံကြောင့် ပိုမိုအားထုတ်ကစားခဲ့ရသည်။ မြဝတီအသင်းအတွက် အနိုင်ဂိုးများကို ၃၅ မိနစ်နှင့် ၅၇ မိနစ်တွင် ဝင်းသိင်္ဂီထွန်း၊ ၄၁ မိနစ်တွင် ခိုင်သဇင်တို့က သွင်းယူခဲ့သည်။

တတိယနေ့ကို ဇန်နဝါရီ ၄ ရက် **(ယနေ့)** ညနေ ၃ နာရီတွင် အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး တက္ကသိုလ်အသင်းနှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း**



# မြန်မာ့အလင်း

၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်၊ ကြာသပတေးနေ့




# နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုပါ၏




# လုံ့လဝီရိယ လျှော့လို့မဖြစ်

ခြသေ့်မင်းများဟာ တောကောင်ကို လိုက်တဲ့နေရာမှာ ကြီးတာငယ်တာ ပမာနမထားဘဲနဲ့ ကြီးကြီးငယ်ငယ် လုံ့လစိုက်တဲ့နေရာမှာ အဲဒီအတိုင်းပဲ လုံ့လစိုက်သွားတယ်။ အဲဒီလိုထုံးအတိုင်းပဲ ကျွန်တော်တို့က ပန်း တိုင် ရောက် တဲ့ အ ထိ အောင်မြင်လာတဲ့ တိုင်အောင် ကျွန်တော်တို့က ကြိုးစားမှု၊ အားထုတ်မှုကို လျှော့လို့မဖြစ်နိုင်ဘူး။ လုံ့လဝီရိယကို လျှော့လို့ မဖြစ်နိုင်ဘူး။ ဆတက်ထမ်းပိုးသာ ကျွန်တော်တို့ လုပ်ဖို့လိုတယ်။

၁၉၄၇ ခုနှစ်၊ ဇူလိုင် ၁၃ ရက် မြို့တော်ခန်းမတွင် ကျင်းပသော ပြည်သူ့အစည်းအဝေးကြီး၌ ပြောကြားသည့်မိန့်ခွန်း

# ရွှေရည်စိမ်လွတ်လပ်ရေးကို ကျော်ဖြတ်၍ စစ်မှန်သော လွတ်လပ်ရေးကြိုးပမ်းမှု



ဗိုလ်ချုပ်အောင်ဆန်း ဗမာ့ကာကွယ်ရေးတပ်မတော် တပ်ရင်း (၂) တွင် မိန့်ခွန်းမြွက်ကြားစဉ်။

ဂျပန်နိုင်ငံတွင် စစ်ပညာသင်ယူရန် မြန်မာလူငယ်ရဲဘော် ၃၀ တိတိကို ရွေးချယ်နိုင်သည်။ ဂျပန်က ဒုတိယ ကမ္ဘာစစ်တွင် ပါဝင်လာပြီးနောက် မကြာမီပင် မြန်မာရဲဘော်သုံးကျိပ်တို့၏ စစ်ရေးလေ့ကျင့်မှုများလည်း ပြီးပြည့်စုံခြင်းအဆင့်သို့ ရောက်ခဲ့လေသည်။ သခင်အောင်ဆန်း ခေါင်းဆောင်သော မြန်မာလူငယ်များကို ယိုးဒယားနိုင်ငံ ဗန်ကောက်မြို့သို့ အသုတ်များခွဲ၍ ပို့လေသည်။

ဗန်ကောက်မြို့ရောက် ရဲဘော်သုံးကျိပ်ဝင်များသည် သွားဘက်ဆိုင်ရာ ဆရာဝန်ဦးလွန်းဖေ၏ နေအိမ်၌ စုဝေးကြပြီး မြန်မာ့လွတ်လပ်ရေးတိုက်ပွဲအတွက် သွေးသောက်သစ္စာဆိုပွဲ အခမ်းအနား ကျင်းပခဲ့ကြသည်။ ယိုးဒယားပြည်တွင် ဖွဲ့စည်းလိုက်သော ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးသည် စစ်ကြောင်းသုံးကြောင်းဖြင့် ဖြန့်ခွဲ၍ ဒီဇင်ဘာလ ၃၁ ရက်နေ့မှ စတင်ချီတက်လာကြလေသည်။

၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် မြန်မာနိုင်ငံတစ်ဝန်း၌ တပ်မတော်သား ရဟန်းရှင်လူ ပြည်သူအများ၊ အလုပ်သမား၊ လယ်သမားများ တက်ညီလက်ညီ ပါဝင်သော သမိုင်းဝင် ဖက်ဆစ်တော်လှန်ရေးကြီးကို စနစ်တကျဆင်နွှဲခဲ့ကြသည်။

ဖက်ဆစ်တော်လှန်ရေးကြီး အောင်မြင်ခဲ့ပြီ။ ဂျပန်စစ်တပ်များသည် မြန်မာနိုင်ငံအတွင်းမှ ဆုတ်ခွာထွက်ပြေးသွားကြသည်။ ၁၉၄၆ ခုနှစ် နိုဝင်ဘာလအကုန်တွင် ဗိုလ်ချုပ်အောင်ဆန်းကို ဘိလပ်သို့ လာရောက်ဆွေးနွေးရန် ဗြိတိသျှအစိုးရက ဖိတ်ခေါ်လိုက်သည်။

ဗိုလ်ချုပ်အောင်ဆန်းတို့ ဘိလပ်သို့ သွားရောက်ရန် ဖဆပလ အလုပ်အမှုဆောင် အဖွဲ့အစည်းကို ၂၃ ဒီဇင်ဘာ ၁၉၄၆ ခုနှစ်တွင် ကျင်းပခဲ့သည်။ ဖဆပလအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးက ဖဆပလ ဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်အောင်ဆန်း၊ ဦးဘဖေနှင့် သခင်မြတို့ကို စေလွှတ်ရန် သဘောတူကြသည်။

အောင်ဆန်းအက်တလီ စာချုပ်ကို ၂၇ ဇန်နဝါရီ ၁၉၄၇ မွန်းလွဲ ၃ နာရီ ၄၅ မိနစ်အချိန်တွင် အောင်မြင်စွာ လက်မှတ်ရေးထိုးလိုက်ကြသည်။ အင်္ဂလိပ်-မြန်မာ နှစ်နိုင်ငံ သဘောတူစာချုပ်ကို အက်တလီသည် ဗြိတိသျှအစိုးရကိုယ်စား လက်မှတ်ရေးထိုးပြီး ဗိုလ်ချုပ်အောင်ဆန်းက မြန်မာကိုယ်စားလှယ်အဖွဲ့ကိုယ်စား လက်မှတ်ရေးထိုးလိုက်သည်။

အောင်ဆန်းအက်တလီ စာချုပ်ပါအချက်ဖြင့် ပင်လုံညီလာခံကို ၁၉၄၇ ခုနှစ်တွင် ခေါ်ယူကျင်းပခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ်ကို ချုပ်ဆိုလက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့သည်။

တိုင်းပြုပြည်ပြု လွှတ်တော်အတွက် ရွေးကောက်ပွဲ ကျင်းပရန် ဗြိတိသျှအစိုးရ၏ သဘောတူညီချက်ရပြီးသောအခါ ဗိုလ်ချုပ်အောင်ဆန်းသည် အနယ်နယ်အရပ်ရပ်သို့ ခရီးထွက်ပြီး ရွေးကောက်ပွဲတွင် ဖဆပလအမတ်များအား မဲပေးရန် စည်းရုံးဟောပြောခဲ့သည်။

လွှတ်တော်ဒုတိယညီလာခံ မခေါ်မီ အတွင်းမှာပင် ဦးစောနှင့် အပေါင်းပါတို့၏ လုပ်ကြံမှုကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးများ ကျဆုံးခဲ့ရသည်။

နု-အက်တလီစာချုပ်သည် မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် နောက်ဆုံးချုပ်ဆိုသည့် စာချုပ်ဖြစ်သည်။

နု-အက်တလီစာချုပ် ချုပ်ဆိုပြီးနောက် မြန်မာ့လွတ်လပ်ရေးဥပဒေကြမ်း (Burma Independent Bill)ကို ဗြိတိသျှအစိုးရက အောက်လွှတ်တော်သို့ တင်ပြသည်။ မြန်မာ့လွတ်လပ်ရေးဥပဒေ (Burma Independent Act) ကို ၁၀ ဒီဇင်ဘာ ၁၉၄၇ တွင် ဗြိတိသျှ ပါလီမန်က ပြဋ္ဌာန်းအတည်ပြုခဲ့သည်။



ဗိုလ်ချုပ်အောင်ဆန်း ပင်လုံစာချုပ်ကို ချုပ်ဆိုလက်မှတ်ရေးထိုးစဉ်နှင့် တက်ရောက်လာကြသည့် နိုင်ငံခြားသားများအား တွေ့ရစဉ်။

နု-အက်တလီ စာချုပ်ကို ဖဆပလ အဖွဲ့ချုပ်က ထောက်ခံကြောင်း ဆုံးဖြတ်ပြီးသောအခါ လွတ်လပ်ရေးကြေညာသည့် အခမ်းအနားကျင်းပရန်အဆင့်သို့ ရောက်ရှိလာသည်။

လွတ်လပ်ရေးကြေညာသည့် အခမ်းအနားကျင်းပပြီးနောက် နံနက် ၆ နာရီတွင်လည်း အလုံလမ်းရှိ အစိုးရအိမ်တော်၌ ယူနီယံဂျက်အလံချပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံတင် အခမ်းအနား ကျင်းပသည်။

ဤသို့ဖြင့် မြန်မာနိုင်ငံသည် ၄ ဇန်နဝါရီ ၁၉၄၈ ခုနှစ်တွင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအဖြစ် ရပ်တည်လာနိုင်ခဲ့သည်။ ။



ဗိုလ်ချုပ်အောင်ဆန်း လန်ဒန်မြို့ အမှတ် (၁၀) ဒေါင်းနင်းလမ်း၌ အမှတ်တရ စုပေါင်းဓာတ်ပုံ ရိုက်စဉ်။

**အောင်ဆန်းအက်တလီ စာချုပ်ပါအချက်ဖြင့် ပင်လုံညီလာခံကို ၁၉၄၇ ခုနှစ်တွင် ခေါ်ယူကျင်းပခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ်ကို ချုပ်ဆိုလက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြင့် တိုင်းရင်းသားစည်းလုံး ညီညွတ်မှုကို ပြသနိုင်ခဲ့**



ယာယီပါလီမန်လွှတ်တော်မျက်နှာစာရှေ့ အလံတိုင်ပေါ်မှ ယူနီယံဂျက်အလံကို ဖြုတ်ချစဉ်။

**နိုင်ငံတော် ယာယီသမ္မတကြီး သည် လွှတ်တော်စင်မြင့်ပေါ်တွင် နေရာယူပြီးနောက် နိုင်ငံတော် သမ္မတရာထူးကို လက်ခံသိမ်းပိုက်လိုက်ပြီဖြစ်ကြောင်း ကြေညာလိုက်သည်။ တစ်ဆက်တည်းတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ယခုအချိန်မှစတင်၍ အတည်ဖြစ်ကြောင်း ကြေညာလိုက်ရာ လွှတ်တော်တစ်ရပ်လုံး တစ်ခဲနက် မင်္ဂလာသြဘာသံကြီး လွှမ်းခြုံသွားလေတော့**

# မြန်မာ့လွတ်လပ်ရေးအောင်ပွဲသဘင် သမိုင်းဝင်မော်ကွန်းမှတ်တမ်း

ဟံသာဝတီ - ဦးအုန်းကြိုင်

**၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၄ နာရီ မိနစ် ၂၀ အချိန်က သမိုင်းဝင် မြန်မာ့လွတ်လပ်ရေးအောင်ပွဲသဘင် မင်္ဂလာအခမ်းအနားကြီးများ ပထမဆုံးအကြိမ် ဆင်ယင်ကျင်းပခဲ့ကြစဉ်၊ ကိုယ်တိုင် တက်ရောက် မျက်မြင်သတင်းများ ရေးသားတင်ပြခဲ့ရပုံများကို ယနေ့ နှစ်ပေါင်း ၇၀ ကြာကာလအထိမ်းအမှတ် မော်ကွန်းတင်မှတ်တမ်းအဖြစ် ပြန်လည်တသ အမှတ်တရဖြင့် အစီရင်ခံတင်ပြလိုပါသည်။**

**ပထမဆုံးသော မြန်မာ့လွတ်လပ်ရေးအောင်ပွဲနေ့**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည်ကား အချုပ်အခြာအာဏာပိုင် လုံးဝလွတ်လပ်သော နိုင်ငံတော်အဖြစ်သို့ အောင်ဆန်း-အက်တလီ၊ နု-အက်တလီစာချုပ်များအရ အောင်မြင်စွာရောက်ခဲ့ရလေပြီ။

**ထုတိသြဘာ မင်္ဂလာအပေါင်းခညောင်းချိန်**

မြန်မာနိုင်ငံတော်တည်းဟူသော လှေယာဉ်ကြီးကို လှိုင်းတံပိုးထန်ပြင်း ကြမ်းတမ်းလှသော ရေလမ်းခရီးစဉ်တစ်လျှောက်၊ မတိမ်းမစောင်းရလေအောင်၊ ပဲ့ကိုင်ထိန်းမတ်၍ ရွက်စုံတက်ကုန်ဖွင့်ကာ လွတ်လပ်ရေးပန်းတိုင်အရောက် ဘေးမသီရန်မခ ဆောင်ကြဉ်းနိုင်စွမ်းရှိကြသော၊ ဗိုလ်ချုပ်အောင်ဆန်းအမှူးရှိသည့် အမျိုးသားခေါင်းဆောင်ကြီးများ၏ စွမ်းဆောင်ရည်ကြောင့် အရင်းရှင်နယ်ချဲ့ ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံတော်ကိုလက်လွှတ်၍ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် တနင်္ဂနွေနေ့ နံနက် ၄ နာရီ မိနစ် ၂၀ အချိန်တွင် မြန်မာနိုင်ငံတော်ကြီးသည် အသူရိန်ခံတွင်းမှ ရှင်းရှင်းကြီးလွတ်ကင်းသည့် သော်တာစန်းလပမာ၊ ပကတိသန့်စင်သော လုံးဝလွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုနိုင်ငံတော်ကြီးအဖြစ်သို့ ဆိုက်ရောက်ရပေတော့မည်။

**ပထမဆုံးသော လွတ်လပ်ရေးအောင်ပွဲအခမ်းအနား**

ဗြိတိသျှနယ်ချဲ့တို့လက်အောက် ကျွန်သပေါက်အဖြစ်နှင့် နှစ်ပေါင်း ၆၀ ကျော် နေလာခဲ့ရသော မြန်မာတစ်မျိုးသားလုံးတို့သည် အချုပ်အခြာအာဏာပိုင် လုံးဝလွတ်လပ်သော နိုင်ငံသားများအဖြစ်သို့ ရောက်ကြရတော့မည်။ ဤမင်္ဂလာအချိန်ကြီးတွင် ရန်ကုန်မြို့အတွင်းဝန်များ ရုံးဝင်းကြီးအတွင်းရှိ တိုင်းပြည်ပြုလွှတ်တော်မျက်နှာစာရင်ပြင်တွင် လွတ်လပ်သော မြန်မာ့သမိုင်း၌ ကမ္ပည်းတင် မော်ကွန်းထိုးရမည့် ပထမဆုံးအကြိမ် လွတ်လပ်ရေးအောင်ပွဲ အခမ်းအနားသဘင်ကြီးကို ဆင်ယင်ကျင်းပကြသည်။

**ပထမဆုံးသော လွှတ်တော်ရင်ပြင်မှ မင်္ဂလာသဘင်**

နံနက် ၄ နာရီအချိန်တွင် တိုင်းပြည်ပြုလွှတ်တော်မျက်နှာစာရှိ အလံတိုင်ရင်ပြင်မြက်ခင်း၌ ပထမဆုံးသော နိုင်ငံတော်ယာယီသမ္မတကြီး စဝ်ရွှေသိုက်၊ ပထမဆုံးမြန်မာ့အစိုးရအဖွဲ့ခေါင်းဆောင် ယာယီနိုင်ငံတော်ဝန်ကြီးချုပ် သခင်နု (ဦးနု)၊ ယာယီပါလီမန် (တိုင်းပြည်ပြုလွှတ်တော်)၊ ဥက္ကဋ္ဌ ပျော်ဘွယ်ဦးမြ၊ ယာယီအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အတွင်းဝန်ကြီးများ၊ နိုင်ငံခြားအထူးသံတမန်များ၊ ယာယီပါလီမန်အမတ်များ၊ ဖဆပလ အမှုဆောင်လူကြီးများ၊ နိုင်ငံခြားဧည့်သည်တော်များ၊ မိမိအပါအဝင် သတင်းစာဆရာများ စုံညီစွာရောက်ရှိနေကြပြီ ဖြစ်သည်။

**ပထမဆုံးသော ကြည်း၊ ရေ၊ လေတပ်ပေါင်းစုံ**

ထိုအချိန်တွင် စည်တော်ရှမ်းလျက်ရှိနေသည်။ လွှတ်တော်မျက်နှာစာ၏ အရှေ့ထောင့်တွင် မြန်မာ့တပ်မတော်(ကြည်း)၊ မျက်နှာစာတူရှုရှေ့တွင် မြန်မာ့တပ်မတော် (ရေ)၊ မြန်မာ့တပ်မတော် (လေ)၊ လက်နက်ကိုင်ရဲတပ်ရင်းအဖွဲ့အစရှိသည့် လက်နက်ကိုင် ဂုဏ်ပြုတပ်ဖွဲ့များက အသီးသီးအသင့် နေရာယူထားကြသည်။

**နိုင်ငံတော်ယာယီသမ္မတကြီး ကြွချီလာလေပြီ**

နိုင်ငံတော်ယာယီသမ္မတကြီး စဝ်ရွှေသိုက်သည် အဆောင်အယောင်တို့နှင့် လွှတ်တော်ဆင်ဝင်ရှေ့သို့ ထွက်ကြွလာသည်တွင် စည်တော်သံရပ်စဲသွားလေသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတကြီးသည် မြန်မာ့တပ်မတော် ဂုဏ်ပြုတပ်ဖွဲ့များကို တစ်တပ်ပြီး တစ်တပ်လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် ကရင်အမျိုးသားသေနတ်ကိုင်တပ်စစ်တီးဝိုင်းအဖွဲ့မှ ဂုဏ်ပြုတီးမှုတ်ခြင်းပြုလေသည်။

**ဗြိတိသျှအုပ်စိုးမှုချုပ်ဆုံးခါနီးစိစိ**

ထိုအချိန်တွင် ယာယီပါလီမန်လွှတ်တော်မျက်နှာစာရှိ အလံတိုင်ပေါ်မှ ဗြိတိသျှတို့၏ယူနီယံဂျက်အလံသည် အရုဏ်ဦးဆောင်းလေထဲ၌ တဖျတ်ဖျတ်လှုပ်ခါနေလေသည်။

**မီးရောင်အချက်ပြမင်္ဂလာအခါတော်**

နံနက် ၄ နာရီ ၁၉ မိနစ်အချိန်တွင် ကြွရောက်လာကြသော ပရိသတ်အားလုံးငြိမ်သက်စွာနေကြရန်မီးရောင်ပြ၍ အချက်ပေးလေသည်။

**ဗြိတိသျှယူနီယံဂျက်အလံမြေဝယ်ခရလေပြီ**

နံနက် ၄ နာရီမိနစ် ၂၀ တိတိအချိန်သို့အရောက်တွင် ရန်ကုန်ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော ဘာမင်ဂမ်ကရူဇာ (Burningham Cruiser Warship) စစ်သင်္ဘောကြီးပေါ်မှ မင်္ဂလာအခါတော်ကြား အမြောက်များပစ်လွှတ်ပေးလိုက်သည်နှင့် တစ်ပြိုင်နက်၊ ကရင်အမျိုးသားသေနတ်ကိုင်တပ်ရင်း စစ်တီးဝိုင်းအဖွဲ့မှ တီးမှုတ်ကြ၍ ဗြိတိသျှရေတပ်ဗိုလ်တစ်ဦးက အလံတိုင်ထိပ်ဖျားမှ ဗြိတိသျှယူနီယံဂျက်အလံကို တဖြည်းဖြည်းချင်းဆွဲချလိုက်နေသည်။

**နိုင်ငံတော်အလံမိုးယံမြင့်တွင် လွှင့်တင်ကြလေပြီ**

ဗြိတိသျှယူနီယံဂျက်အလံချပြီးသည်နှင့် တစ်ပြိုင်နက် မြန်မာ့တပ်မတော် (ရေ)ဗိုလ်တစ်ဦး၏ လက်တွင်းမှ ပထမဆုံးသော ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အလံတော်ကြီးသည် ထိုးထွက်လျက် အလံတိုင်ထိပ်ဖျားဆီသို့ တက်ရောက်သွားလေသည်။

**ဖရဏာပီတိဂွမ်းဆီထိမျှ ခံစားကြရသော လွတ်လပ်ရေးအရသာ**

ထိုအချိန်တွင် စစ်တီးဝိုင်းမှထွက်ပေါ် ရိုက်ဟည်းလာသော ပထမဆုံးသော နိုင်ငံတော်သီချင်းသံသည် ကျက်သရေမင်္ဂလာ အပေါင်း ခညောင်းစွာဖြင့် ထွက်ပေါ်လာလေရာ မင်းပရိသတ်အပေါင်းတို့၏ရင်ဝယ် ဖော်မပြနိုင်လောက်သော ဖရဏာပီတိဖြစ်ကြရသူချည်း ဖြစ်သည်။ မင်္ဂလာအခါတော်ပေးပုဏ္ဏားတော်များကလည်း အောင်ဗေယျတုင်္ခေခရုဖြင့် မင်္ဂလာပြုကြလေသည်။ မင်းပရိသတ် အားလုံးတညီတညွတ် တစ်ပြိုင်နက်တည်း ဦးညွှတ်ကြလျက် နိုင်ငံတော်၏ ပထမဆုံးသော နိုင်ငံတော်အလံကို ပထမဆုံးသော လွတ်လပ်ရေးအောင်ပွဲသဘင်ဆင်ယင်ရာ အထိမ်းအမှတ်အဖြစ် ဂုဏ်ယူဝင့်ကြွားစွာ အလေးပြုကြလေသည်။

**ပထမဆုံးသော မြန်မာ့ပါလီမန်လွှတ်တော်**

ထို့နောက် နံနက် ၄ နာရီ မိနစ် ၄၀ အချိန်တွင် ပရိသတ်အပေါင်းတို့သည်လည်း ယာယီပါလီမန် (တိုင်းပြည်ပြုလွှတ်တော်) ခန်းမကြီးထဲတွင် စုရုံးနေရာယူကြလေသည်။ မိမိတို့သတင်းစာဆရာများသည်လည်း လွှတ်တော်ဥက္ကဋ္ဌစင်မြင့်၊ လက်ဝဲဘက်အထက်ထပ်ရှိ သတင်းစာဆရာများအတွက် သီးသန့်နေရာဆောင် (Press Parlour) တွင် စနစ်တကျ နေရာယူကြသည်။ နံနက် ၄ နာရီ ၄၅ မိနစ်တွင် နိုင်ငံတော်ယာယီ သမ္မတကြီး စဝ်ရွှေသိုက်သည် နိုင်ငံတော်ယာယီဝန်ကြီးချုပ် သခင်နု၊ ပါလီမန်လွှတ်တော် ယာယီဥက္ကဋ္ဌကြီး ပျော်ဘွယ်ဦးမြတို့နှင့်အတူ လွှတ်တော်ခန်းမဆောင်ကြီးအတွင်းသို့ ဝင်လာရာ ပရိသတ်အမတ်အပေါင်းတို့က မတ်တပ်ရပ်၍ အလေးအမြတ်ပြုကြသည်။

**နိုင်ငံတော်သမ္မတရာထူးသိမ်းပိုက်ပြီး အခြေခံဥပဒေအတည်ဖြစ်ကြောင်း ကြေညာခြင်း**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတကြီးသည် လွှတ်တော်စင်မြင့်ပေါ်တွင် နေရာယူပြီးနောက် နိုင်ငံတော် သမ္မတရာထူးကို လက်ခံသိမ်းပိုက်လိုက်ပြီဖြစ်ကြောင်း ကြေညာလိုက်သည်။ တစ်ဆက်တည်းတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ယခုအချိန်မှစတင်၍ အတည်ဖြစ်ကြောင်း ကြေညာလိုက်ရာ လွှတ်တော်တစ်ရပ်လုံး တစ်ခဲနက် မင်္ဂလာသြဘာသံကြီး လွှမ်းခြုံသွားလေတော့သည်။

**မြန်မာ့လွတ်လပ်ရေး ကြေညာစာတမ်း ဖတ်ကြားကြေညာခြင်း**

ယင်းနောက် လွတ်လပ်ရေးအတွက် ကြိုးပမ်းကြရာတွင် အသက်စွန့်လွှတ်သွားခဲ့ကြသော ဗိုလ်ချုပ်အောင်ဆန်းအမှူးရှိ လွတ်လပ်ရေးတိုက်ပွဲဝင် သူရဲကောင်းအပေါင်းတို့အား သတိရသောအထိမ်းအမှတ်အဖြစ် နှစ်မိနစ် ငြိမ်သက်စွာ နေကြပြီးနောက် နိုင်ငံတော်ယာယီကြီးချုပ် သခင်နုက "အောင်စေသတည်း"အစချီသော မြန်မာလွတ်လပ်ရေး ကြေညာစာတမ်းကို ဖတ်ကြားကြေညာလေသည်။

**နိုင်ငံတော်သမ္မတကြီး၏ ပထမဆုံးသော ကတိသစ္စာဆိုချက်**

"အကျွန်ုပ် စဝ်ရွှေသိုက်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို တည်မြဲအောင် ထိန်းသိမ်း၍ ပြည်ထောင်စုမြန်မာနိုင်ငံ၏ တရားဥပဒေများကို စောင့်ရှောက်ပါမည်။ ကျွန်ုပ်သည် ဖွဲ့စည်းအုပ်ချုပ်ပုံများကို ယုံကြည်လေးမြတ် ဖြောင့်မတ်မှန်ကန်စွာ ထိန်းသိမ်းဆောင်ရွက်ပါမည်။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဘေးရန်အန္တရာယ်အပေါင်းတို့ကို တွန်းလှန်ဖယ်ရှားရန် ကြိုးစွာသောသတိဝီရိယဖြင့် အားထုတ်ပါမည်။ ကျွန်ုပ်သည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အကျိုးငှာ ပြည်ထောင်စု မြန်မာနိုင်ငံအား ကျွန်ုပ်အသက်နှင့် ကိုယ်ကို အပ်နှင်းသည်ဟု လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုသည်။"

**နိုင်ငံတော်သမ္မတကြီး၏ အမိန့်ကြေညာချက်**


၁၃၀၉ ခု ပြာသိုလပြည့်ကျော် ၉ ရက် တနင်္ဂနွေနေ့တွင် မြန်မာနိုင်ငံတော် တိုင်းပြည်ပြုလွှတ်တော်အစည်းအဝေးတွင် သမ္မတကြီး စဝ်ရွှေသိုက်က၊ ဘုရားကျွန်၊ ကျောင်းကျွန်၊ ဒွန်းစဏ္ဍားများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ကြေညာလိုက်သည်။

**အချပ်ပို (ဃ) သို့**



နိုင်ငံတော်၏ ယာယီသမ္မတကြီး စဝ်ရွှေသိုက်ကို ပထမဆုံးအကြိမ် လွတ်လပ်ရေးအခမ်းအနား၌ တွေ့ရစဉ်။

# 'ထူးတဲ့ရှုခင်း လွတ်လပ်ခြင်း'



● အဘိုးနဲ့အဘွားတို့
ပျိုးထားလို့သန်ရှင်။
ဖူးပွင့်နွယ် အင့်အကင်းတွေနဲ့
ခူးချင့်ဖွယ် ထုံထုံသင်းပါဘိ
ဝင်းလဲ့စည်ပင်။
ဒို့ပိုင်တဲ့ မြေပေါ်တွင်
ဒို့မြင်ရ အလှဆန်း။
ဘိုးဘွားမွေ့ အထွတ်မြတ်
လွတ်လပ်တဲ့ပန်း။

● အဖေနဲ့ အမေတို့
ကြိုးစားလို့ အားမာန်ချီ
ဘိုးအမွေ အဖေ့အတွက်
ဘွားအမွေ အမေ့လက်
ဆက်ခံခဲ့သည်။
ရှုမညောင်းပေဘု
ဥဒေါင်းငှက်က ဟန်ချီ
ဒို့ရွှေပြည် ရှုမဆုံး။
ကမ္ဘာအသိပေပေါ့
မြန်မာ၏အလံ ဂုဏ်ရည်လျှမ်းပါလို့
ဇာတိမာန် အံ့မခန်းအောင်
ပန်းရနံ့ ဖုံး။

● အဖေ့သမီး အမေ့သား
မြေးမြစ်များ လက်ထက်တွင်...။
အလှတွေ နှစ်ဆတိုးစေဖို့
မြန်မာ့မြေ မြန်မာ့အကျိုးအတွက်
နိုးကြားစေချင်။
လွတ်လပ်ရေး ပန်းတစ်ပင်
လန်းရှင်စေဂုဏ်ထင်လင်း။

အနှစ်သာရ သာဓကဆင်
ပိုလ်ရှုသဘင် ဆင်ယင်ကျင်း။

အလို...အို ပြည်တစ်ဝန်းမှာဖြင့်
ကြည်လန်းစွာ သိန်သရေနှင့်
ထိန်ဝေစွာ ပီတိဖူးတယ်
ထူးတဲ့ ရှုခင်း။

မြင်းမူမောင်နိုင်မိုး

အချပ်ပို (၈) မှ

"မြန်မာသမ္မတ နိုင်ငံတော်ကြီးသည် လွတ်လပ်သော တိုင်းပြည်ဖြစ်သည်နှင့်အညီ တစ်ဦးနှင့်တစ်ဦး နှိပ်စက်ခြင်း၊ တစ်ဦးကို တစ်ဦး ကြောက်ရွံ့ခြင်းမှစ၍ မကောင်းသောဓလေ့ဆိုးများကို လုံးဝပယ်ဖျက်ရန် ကျွန်ုပ်ရည်ရွယ်သည်။ ရာဇဝင်တွင် ရှေးအခါကစ၍ ရှေးမင်းများ၏ အာဏာစက်ကြောင့် ဒွန်းစဏ္ဍား၊ သူတောင်းစား၊ ဘုရားကျွန်၊ ကျောင်းကျွန်၊ သင်ချီ စသည်တို့ကို ယနေ့မှစ၍ ရှေးမင်းတို့၏ အာဏာကို ကျွန်ုပ်ပယ်ဖျက်၍ ထိုသူတို့လွတ်လပ်စွာ လုပ်ကိုင်နိုင်ကြစေ" ဟူ၍ ကျွန်ုပ်အမိန့်ချမှတ်သည်။ ဤပြည်ထောင်စု နိုင်ငံတော်အတွင်း ရှိရှိသမျှသော နိုင်ငံသားများသည် ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေတွင် ပါရှိသည့်အတိုင်း တစ်ဦးနှင့်တစ်ဦး အခွင့်အရေး တူညီကြစေ"

**ဝန်ကြီးချုပ်နှင့် ဝန်ကြီးများအား အာဏာအပ်နှင်းခြင်း**

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် သခင်နုသည် ရာထူးဆိုင်ရာကျမ်းသစ္စာနှင့် လျှို့ဝှက်ကျမ်းသစ္စာများကို ကျိန်ဆိုလက်မှတ်ရေးထိုးပြီးနောက် နိုင်ငံတော်သမ္မတကြီးက ဝန်ကြီးချုပ်သခင်နုအား ဌာနဆိုင်ရာတံဆိပ်တော်ကို အပ်နှင်းလေသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် သခင်နုက လွတ်လပ်ရေးနေ့ မိန့်ခွန်းကိုပြောကြားပြီး နိုင်ငံတော်သမ္မတကြီးထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ပထမဆုံးသောအစိုးရအဖွဲ့ဝင် ဝန်ကြီးများကို ရှေ့တော်သို့ သွားခွင့်ပြုရန် အမိန့်တောင်းခံပြီး၊ သွင်းခွင့်အမိန့်ရလျှင် အောက်ဖော်ပြပါ လွတ်လပ်ရေးရပြီးနောက် ပထမဆုံးအစိုးရအဖွဲ့ဝင် ဝန်ကြီးများကို တစ်ဦးချင်းစီရှေ့တော်သွင်း၍ ခန့်အပ်လွှာများနှင့်တကွ ဌာနဆိုင်ရာများရုံးအဖွဲ့တံဆိပ်တုံးများကို နိုင်ငံတော်သမ္မတကြီးက အပ်နှင်းပြီးနောက် ပါလီမန်လွှတ်တော်၌ ကျင်းပသော မြန်မာနိုင်ငံတော်၏ ပထမဆုံးသော လွတ်လပ်ရေးအောင်ပွဲ အထိမ်းအမှတ်အခမ်းအနားကို ရုပ်သိမ်းလေသည်။

**လွတ်လပ်ရေးရပြီးနောက် ပထမဆုံးအစိုးရအဖွဲ့**

| | |
|---|---|
| ၁။ သခင်နု | နိုင်ငံတော်ဝန်ကြီးချုပ် |
| ၂။ ဗိုလ်လက်ျာ | ဒုတိယဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီး |
| ၃။ ဦးတင်ထွဋ် | နိုင်ငံခြားရေးဝန်ကြီး |
| ၄။ ဦးတင် (မြန်မာ့အလင်း) | ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီး |
| ၅။ စောစံဖိုးသင် | ကရင်ရေးရာဝန်ကြီး |
| ၆။ ဦးထွန်းမြင့် | ရှမ်းပြည်ဆိုင်ရာဝန်ကြီး |
| ၇။ ဆမားဒူးဝါးဆင်ဝါးနောင် | ကချင်ပြည်နယ်ဆိုင်ရာဝန်ကြီး |
| ၈။ စစ်ဝဏ္ဏ | ကရင်နီပြည်ဆိုင်ရာဝန်ကြီး |
| ၉။ ဦးဘဂျမ်း | တရားရေးဌာနဝန်ကြီး |
| ၁၀။ ဦးကိုကိုကြီး | ကူးသန်းရောင်းဝယ်ရေး၊ ထောက်ပံ့ရေးနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီး |
| ၁၁။ သခင်တင် | သစ်တောနှင့် လယ်ယာစိုက်ပျိုးရေးဝန်ကြီး |
| ၁၂။ ဦးဝမ်းမသူးမောင် | ချင်းရေးရာဝန်ကြီး |
| ၁၃။ ဦးကျော်ငြိမ်း | ပြည်ထဲရေးဝန်ကြီး |
| ၁၄။ မန်းဝင်းမောင် | လမ်းပန်းအဆောက်အဦး၊ ဆက်သွယ်ရေးနှင့် အလုပ်သမားဌာနဝန်ကြီး |
| ၁၅။ ဗိုလ်ဖိုးကွန်း | ပညာရေး၊ ပြည်သူ့ဝန်ထမ်းနှင့် ပြန်လည်ထူထောင်ရေးဝန်ကြီး |
| ၁၆။ ဦးမြ (ဟင်္သာတ) | အမျိုးသားစီမံကိန်းနှင့် စက်မှုလက်မှုဌာနဝန်ကြီး |
| ၁၇။ ဦးညိုထွန်း | ပြန်ကြားရေးဌာနဝန်ကြီး |
| ၁၈။ ဗိုလ်စိန်မှန် | ဌာနလက်ကိုင်မရှိဝန်ကြီး |

**အစိုးရအိမ်တော်မှ အာဏာအပြောင်းအလဲ အခမ်းအနား**

အလုံလမ်းရှိ အစိုးရအိမ်တော်ဝင်းအတွင်း၌လည်း နံနက် ၆နာရီခွဲအချိန်တွင် မင်းပရိသတ်အစုံအညီ ရောက်ရှိလာကြသည်။ ၆ နာရီ ၄၅ မိနစ်တွင် မြန်မာပြည်နောက်ဆုံးဗြိတိသျှဘုရင်ခံ ဆာဟူဘတ်ရန့်စ်သည် နိုင်ငံတော်သမ္မတကြီး စဝ်ရွှေသိုက်နှင့်အတူ အိမ်တော် အတွင်းမှထွက်လာပြီး ဂုဏ်ပြုတပ်ဖွဲ့များကို လိုက်လံစစ်ဆေးကြစဉ် ရန်ကုန်ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော ဘာမင်ဂမ်ကရုဇာစစ် သင်္ဘောမှ အမြောက် ၁၇ချက် ပစ်ဖောက်လေသည်။ နိုင်ငံတော်သမ္မတကြီးနှင့် ဘုရင်ခံတို့သည် အလံတိုင်ရှေ့ရှိ စင်မြင့်ကလေးပေါ်သို့ တက်ရောက်ကြ၍ နေရာယူကြသည်။

**Down Down Union Jack, Up Up Union Flag**

နံနက် ၆ နာရီ ၅၈ မိနစ် အချိန်တွင် ဗြိတိသျှတို့၏ ယူနီယံဂျက်အလံကို တိုင်ထိပ်ဖျားဆီမှ တဖြည်းဖြည်းချင်း နှိမ့်ချလိုက်ပြီးနောက် လွတ်လပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပထမဆုံးသောအလံတော်ကို အလံတိုင်ထိပ်ဖျားသို့ လွှင့်တင်လိုက်ရာ မင်းပရိသတ်အားလုံး တစ်ခဲနက်ဦးညွှတ်၍ အရိုအသေပြုကြလေသည်။ စစ်တီးဝိုင်းမှ အောင်ပွဲခံမင်္ဂလာခရာသံများ ပျံ့လွှင့်ထွက်ပေါ်လာသည်။

**ထွက်တော်မူနန်းကခွာတယ်**

ထို့နောက် ဗြိတိသျှဘုရင်ခံ ဆာဟူးဘတ်ရန့်စ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပထမဆုံးအစိုးရအဖွဲ့ဝင် ဝန်ကြီးများအား တစ်ဦးချင်းစီ လိုက်လံလက်ဆွဲနှုတ်ဆက်ပြီး အစိုးရအိမ်တော်မှထွက်ခွာကာ ရန်ကုန်ပန်းဆိုးတန်းဆိပ်ကမ်းသို့ ဆိုက်ရောက်ပြီးနောက် အသင့်စောင့်ကြိုနေသော ဘာမင်ဂမ်ကရုဇာစစ်သင်္ဘောဖြင့် နံနက် ၈နာရီ ၂၀မိနစ်အချိန်တွင် ရန်ကုန်ဆိပ်ကမ်းမှ ထွက်ခွာလေသည်။

**လွတ်လပ်ရေးသမိုင်းဝင်မြင်ကွင်းကြီး**

ဤအခမ်းအနားမှာ ၁၈၈၅ ခုနှစ်က ဗြိတိသျှနယ်ချဲ့သမားတို့ မြန်မာနိုင်ငံတော်ကို မတရားသိမ်းပိုက်ခဲ့မှုကြီးကို နိဂုံးကမ္ပတ်အဆုံးသတ်၍ စွန့်လွှတ်ထွက်ခွာသွားရသော လွတ်လပ်ရေးသမိုင်းဝင် မြင်ကွင်းကြီးဖြစ်လေသည်။

**လွတ်လပ်ရေးရပြီး ပထမဆုံးပါလီမန်လွှတ်တော်**

ထိုနေ့ နံနက် ၁၀ နာရီ ၁၅ မိနစ်အချိန်တွင် လွတ်လပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပထမဆုံးသော ပါလီမန်လွှတ်တော်ကို ကျင်းပကြရန် လွှတ်တော်ခန်းမ၌ လွှတ်တော်အမတ်အသီးသီးတို့ ကြိုတင်နေရာယူကြသည်။

ယာယီပါလီမန်ဥက္ကဋ္ဌအဖြစ်မှ လွတ်လပ်ရေးပါလီမန်ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခြင်းခံရသော ပျော်ဘွယ်ဦးမြေက ဖွဲ့စည်းပုံအခြေခံဥပဒေကိုလေးစားလိုက်နာမည်ဖြစ်ကြောင်း ကျမ်းသစ္စာကျိန်ဆိုလက်မှတ်ရေးထိုးသည်။ ပါလီမန်အမတ်များကလည်း ကျမ်းသစ္စာဆိုကာ လက်မှတ်ရေးထိုးကြသည်။

**လွတ်လပ်ရေးနေ့ သမ္မတပါလီမန်မိန့်ခွန်း**

နံနက် ၁၀ နာရီခွဲ အချိန်တွင် နိုင်ငံတော်သမ္မတကြီးသည် ပါလီမန်လွှတ်တော်သို့ ရောက်ရှိလာကာ မိန့်ခွန်းပြောကြားပြီးနောက် လွှတ်တော်မှ ပြန်လည်ထွက်ခွာသွားသည်။

ထို့နောက် ပါလီမန်အစည်းအဝေး ၁၀ မိနစ်ခန့် ရွှေ့နားပြီး ဆက်လက်ကျင်းပရာ ပါလီမန်ဥက္ကဋ္ဌက မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် ပတ်သက်၍ ဗြိတိသျှဆင်ဌမမြောက် ဂျော့ဘုရင်ထံမှ ပေးပို့သောသဝဏ်လွှာ၊ ဗြိတိသျှနန်းရင်းဝန် အက်တလီ၏ သဝဏ်လွှာ၊ အမေရိကန်သမ္မတ ထရူးမင်း၏သဝဏ်လွှာ၊ အိန္ဒိယဝန်ကြီးချုပ် ဂျဝါဟာလာလပဏ္ဍစ်နေရူး၏ သဝဏ်လွှာ၊ တရုတ်ပြည် နိုင်ငံခြားရေး ဝန်ကြီး ဝမ်ရှင်ချီ၊ ပါကစ္စတန်ဘုရင်ခံချုပ် အလီဂျင်းနား၊ အင်ဒိုနီးရှား သမ္မတဒေါက်တာ ဆူကာနို စသည့် နိုင်ငံ့ခေါင်းဆောင်ကြီးများထံမှ နှစ်ထောင်းအားရ ချစ်ကြည်ရေးသဝဏ်လွှာများကို ဖတ်ကြား မှတ်တမ်းတင်သည်။

**ဗြိတိသျှ ဆဋ္ဌမမြောက် ဂျော့ဘုရင်ထံမှသဝဏ်လွှာ**

မြန်မာနိုင်ငံတော်သည် လွတ်လပ်ရေးတည်းဟူသော မိမိတို့လိုလားတောင့်တ နှစ်သက်မြတ်နိုးအပ်သော ပန်းတိုင်သို့ အောင်မြင်စွာရောက်ရှိသည့် ဤမင်္ဂလာရှိသောနေ့၌ ကျွန်ုပ်နှင့်တကွ ဗြိတိသျှနိုင်ငံရှိ ဘုရင့်အစိုးရအဖွဲ့ဝင် ကျွန်ုပ်၏ လုပ်ဖော်ကိုင်ဖက်များက မြန်မာနိုင်ငံအစိုးရနှင့် မြန်မာနိုင်ငံတော်သူ နိုင်ငံသားအပေါင်းတို့ထံ ဝမ်းမြောက်ရွှင်လန်းသော နှုတ်ခွန်းဆက်စကားများနှင့် ကောင်းမြတ်သောစေတနာ မေတ္တာများပေးပို့အပ်ပါကြောင်း။ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် အာရှတိုက်နှင့်ကမ္ဘာကြီးတစ်ခုလုံး၏ ပျော်ရွှင်ငြိမ်းချမ်းရေးအတွက် မိမိဆိုင်ရာဖြည့်ဆည်းမှုကို ပြုလိမ့်မည်ဟု ကျွန်ုပ်တို့က ယုံကြည်ပါသည်ဟု ဗြိတိသျှ ဆဋ္ဌမမြောက် ဂျော့ဘုရင်က သဝဏ်လွှာတွင် ဖော်ပြခဲ့လေသည်။

**လွတ်လပ်သော မြန်မာနိုင်ငံ ကုလသမဂ္ဂတွင်ပါဝင်ခြင်း**

မြန်မာနိုင်ငံတော်သည် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတော်ကြီးအဖြစ်သို့ ရောက်ရှိခဲ့ပြီးသည့်နောက် ၃ လနှင့် ၁၅ ရက်အကြာ ၁၉၄၈ ခုနှစ် ဧပြီလ ၁၉ ရက်တွင် ကမ္ဘာ့ကုလသမဂ္ဂတွင် အဖွဲ့ဝင်အဖြစ် လက်ခံလိုက်လေသည်။

**လုံခြုံရေးကောင်စီဥက္ကဋ္ဌ၏ ပြောကြားချက်**

မြန်မာနိုင်ငံသည် ကုလသမဂ္ဂစာချုပ်ကြီးနှင့်အညီ လိုက်နာဆောင်ရွက်နေသည့် နိုင်ငံဖြစ်သည်။ ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားသော နိုင်ငံတစ်နိုင်ငံဖြစ်သည်ကိုလည်း မိမိတို့လက်ခံသည်။ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများက မြန်မာနိုင်ငံသည် သက်ဆိုင်ရာတာဝန်များကို ထမ်းဆောင်လိုသော နိုင်ငံဖြစ်သည်ဟူ၍လည်း ယူဆကြသည်ဟု လုံခြုံရေးကောင်စီဥက္ကဋ္ဌက ထည့်သွင်းပြောဆိုသည်။

**ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လူသားအပေါင်း တိုးတက်ချမ်းသာရေး**

ထိုစဉ်က ထမ်းဆောင်လျက်ရှိသော မြန်မာသံအမတ်ကြီး ဦးစိုးညွန့်ကလည်း မြန်မာနိုင်ငံကို အဖွဲ့ဝင်အဖြစ်လက်ခံ၍ ကျေးဇူးတင်ကြောင်းဖြင့် အောက်ပါအတိုင်းပြောကြားသည်။ "မြန်မာနိုင်ငံသည် လွတ်လပ်သော နိုင်ငံအဖြစ်သို့ ရောက်ရှိလာပြီးနောက် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လူသားအပေါင်းတို့ တိုးတက်ချမ်းသာရေးအတွက် ကူညီဆောင်ရွက်ရန် အခွင့်အရေးရခြင်းမှာ မင်္ဂလာနိမိတ်ကောင်းမွန်လှပါသည်" ဤသို့ဖြင့် မြန်မာနိုင်ငံတော်သည် လွတ်လပ်ခဲ့ပြီးလျှင် ပြီးချင်းဆိုသလို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့သည်မှာလည်း နှစ်ပေါင်း (၇၀)တင်းတင်း ပြည့်ပြီဖြစ်ကြောင်းဖြင့် ယခုနှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့တွင် မော်ကွန်းမှတ်တမ်းရေးထိုးအစီရင်ခံအပ်ပါသည်။ ။

